မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၃၂၅)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ ဩဂုတ် ၂၆ ရက်၊ တနင်္လာနေ့။

ဒို့တာဝန်အရေး(၃)ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အနာဂတ်ကာလတွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများကသာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်

နေပြည်တော် ဩဂုတ် ၂၅

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ယနေ့ နံနက်ပိုင်းက နေပြည်တော်မှ လေကြောင်းခရီးဖြင့်ထွက်ခွာခဲ့ရာ လားရှိုးမြို့သို့ ရောက်ရှိပြီး ခရိုင်မီးသတ်ဦးစီးဌာန၌ပြုလုပ်သည့် မီးသတ်ယာဉ်များ လွှဲပြောင်းပေးအပ်ပွဲသို့တက်ရောက်ကာ မီးသတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

မီးသတ်ယာဉ်လှူဒါန်းပွဲတွင် လားရှိုးမြို့အတွက် နှစ်စီး၊ သိန်းနီမြို့အတွက် တစ်စီး၊ သီပေါမြို့နယ် နမ့်လန်ကျေးရွာအတွက် တစ်စီး၊ နမ္မတူမြို့နယ် မန်စံကျေးရွာအတွက် တစ်စီး စုစုပေါင်းမီးသတ်ယာဉ်ငါးစီးကို ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်က လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ထို့နောက် ဒုတိယသမ္မတသည် ပြည်သူ့ဆေးရုံကြီး၌ပြုလုပ်သည့် ကွန်ပျူတာပုံရိပ်ဖော်ဓာတ်မှန် အဆောက်အအုံဖွင့်ပွဲသို့ တက်ရောက်ခဲ့ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းအောင်နှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဆရာဝန်အသင်းတိုက်၌ ပြုလုပ်သည့် မြန်မာနိုင်ငံဆရာဝန်အသင်း အဆောက်အအုံဖွင့်ပွဲသို့တက်ရောက်ပြီး အသင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကာ အဆိုပါအသင်းတိုက်ခန်းမ၌ ဆရာဝန်အသင်းဝင်များနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေး စောင့်ရှောက်မှု အနည်းဆုံးရရှိသူများသည် ကျေးလက်နေပြည်သူများဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုရရှိအောင် Special Tour ထွက်၍ ကုသပေးလေ့ရှိကြပါကြောင်း၊ ယင်းသို့သွားရာတွင် လိုက်ဖက်သည့် အထောက်အကူပြုများပါရှိမှ အမှန်တကယ်အလုပ်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ✻

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၅

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ဩဂုတ် ၂၀ ရက် နံနက် ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၆၂ စင်တီမီတာ (နှစ်ပေခန့်) ကျော်လွန်နေကာ ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း ၃၀ စင်တီမီတာ (တစ်ပေခန့်) ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်း ထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြည်ထောင်စု၏ အရှေ့မြောက်ဒေသ အထူးမြို့ပြသစ် ‘မူဆယ်’

အယ်လ်စိုး (iprd)

မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန် စီမံကိန်း၌ ထည့်သွင်းတည်ဆောက်မည့် မြို့ပြအိမ်ရာ အဆောက်အအုံများပုံစံ။

“ဩော်. . . မြောက်ပိုင်းလမ်း မူဆယ်-နမ့်ခမ်းလမ်း . . . ဩော်. . ဩော် မြောက်ပိုင်းလမ်း. . . .” နိုင်ငံကျော်အဆိုတော် စိုင်းဆိုင်မော့ဝ်၏ နာမည်ကြီးသီချင်း တစ်ပိုင်းတစ်စ၊ လွန်ခဲ့သောနှစ်ပေါင်း ၄၀ ဝန်းကျင်ကစပြီး တစ်နိုင်ငံလုံး တောင်ပေါ်၊ မြေပြန့်၊ ကလေး၊ လူငယ်၊ လူကြီးများ ပါးစပ်ဖျားတွင် အစွဲလမ်းကြီး စွဲလမ်းသီဆိုခဲ့ကြဖူးသည်။

မိမိသည်လည်း ထိုစဉ်က မူလတန်းကျောင်းသားအရွယ် ထိုသီချင်းစာသား၏ ဆွဲအား၊ စွမ်းအား၊ သီချင်းတစ်ပုဒ်လုံး ဆိုမိသောအခါ “မူဆယ်”ဆိုသော ၊“နမ့်ခမ်းမြို့” ဆိုသော ရှမ်းဒေသမြို့ကလေးကို အလွန်ပင်ရောက်ချင်လှသည်။ ချိုင့်ခွက်များပေါသော မူဆယ်-နမ့်ခမ်း ပြည်ထောင်စုလမ်းမ ရွှေမန္တလေးမြို့မှ တစ်ပတ်ခုနစ်ရက်ကြာမှ မူဆယ်၊ နမ့်ခမ်းမြို့ကိုရောက်သတဲ့၊ စီးတဲ့ကားက GMC,Chevrolet ကုန်တင်ကားကြီး ခြောက်ဘီးတပ် ခေတ်၊ ကြာခဲ့ပါပြီ၊ မိမိသည် နိုင်ငံ့ဝန်ထမ်းတာဝန်ဖြင့် ဆုတောင်းပြည့်ခဲ့သည်လား ၂၀၁၁ တွင်မှ ရောက်ခဲ့လေပြီ၊ ယခု-ယခု နှစ်ပေါင်း ၃၀ ကျော်လာသောအခါ မူဆယ်-နမ့်ခမ်းလမ်းသည် နဂါးကြီး တစ်ကောင်

စာမျက်နှာ ၉ ကော်လံ ၁ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တက်ညီလက်ညီ ရှေ့သို့ချီ

ကျွန်ုပ်တို့အနေဖြင့် နေ့စဉ်လုပ်ကိုင်နေကြရသော လုပ်ငန်းကိုင်ငန်း အသီးသီးတို့တွင် အဆင်ပြေချောမွေ့သည်များရှိသလို တစ်ခါတစ်ရံ အဆင်မပြေသည်များလည်း ရှိတတ်ပါသည်။ မည်သို့သော အခက်အခဲအကျပ်အတည်းရှိစေကာမူ ရည်မှန်းချက်ပန်းတိုင်အရောက်လှမ်းနိုင်ရန် အရေးကြီးပါသည်။ သွားလိုသောခရီး၊ ဖြစ်ချင်သောဆန္ဒ၊ မျှော်မှန်းသောပန်းတိုင်သို့ အရောက်လှမ်းနိုင်ပါမှ အောင်ပန်းဆွတ်ခူးနိုင်မည် ဖြစ်ပါသည်။

လှေလှော်တစ်သင်းတွင် ပါဝင်သော လှေလှော်သားတို့သည် တက်ညီလက်ညီ အင်နှင့်အားနှင့် လှော်ခတ်ကြမည်ဆိုပါက လိုရာခရီးပန်းတိုင်သို့ လှမ်းကိုင်နိုင်ပါသည်။ လှေလှော်သားတို့သည် ညီညီညာညာ လှော်ခတ်ခြင်းလည်းမရှိ၊ အားထုတ်လှော်ခတ်ခြင်းလည်းမရှိပါက ပန်းဝင်ဆွတ်ခူးနိုင်မည်မဟုတ်ပါ။ တချို့က အားထုတ်လှော်သည်၊ တချို့ အားမထုတ်ပါကလည်း ပြိုင်ပွဲသည် အနိုင်ရမည်မဟုတ်ပါ။ လှေလှော်သားအားလုံး တက်ညီလက်ညီ လှော်ခတ်ကြရပါမည်။ အားကုန် ထုတ်လှော်ခတ်ကြရပါမည်။ သို့မှသာ အောင်ပန်းဆွတ်ခူးနိုင်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ နိစ္စဓူဝလုပ်ကိုင်သော လုပ်ငန်းကိုင်ငန်းအဖြာဖြာတို့မှာလည်း လှေပြိုင်ပွဲဝင်သကဲ့သို့ပင်ဖြစ်ပါသည်။ မိမိတို့ လုပ်ကိုင်သော လုပ်ငန်းကိုင်ငန်းတို့တွင် ပါဝင်လုပ်ကိုင်သူအားလုံးက တက်ညီလက်ညီလုပ်ကိုင်နိုင်ပါက လုပ်ငန်းသည် အမြန်ဆုံးပြီးမြောက်အောင်မြင်နိုင်ပါသည်။ လိုလားရာ ပန်းတိုင်ခရီး အရောက်လှမ်းနိုင်မည်ဖြစ်ပါသည်။ သို့သော် အလုပ်ကို အားကြိုးမာန်တက် လုပ်သူများကသာလုပ်နေသည်။ ကျန်လူများက မလုပ်ပါလျှင် ထိုလုပ်ငန်းသည် အချိန်မီပြီးမြောက်နိုင်စွမ်း မရှိနိုင်သလို ရည်မှန်းချက်ပန်းတိုင်သို့လည်း ရောက်ရှိရန် ခက်ခဲပေလိမ့်မည်။ တက်ညီလက်ညီ၊ စိတ်ထားညီ လုပ်ကိုင်ပါမှ အောင်မြင်တိုးတက်နိုင်ပါသည်။ ဦးနေရာဦး၊ ပဲ့နေရာပဲ့ ကိုယ်စီကျရာတာဝန်ကျေပွန်စွာဖြင့် အားထုတ်လုပ်ဆောင်ကြပါမှ ရည်မှန်းချက်သို့ ပေါက်မြောက်အောင်မြင်နိုင်ပါသည်။

သို့ပါ၍ ကျွန်ုပ်တို့အနေဖြင့် မည်သည့်အလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ တက်ညီလက်ညီ ကြိုးစားအားထုတ်ရေးသည် အောင်မြင်မှုအတွက် အဓိကသော့ချက်ပင်ဖြစ်ပါသည်။ ‘‘တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏’’ဆိုသည့်စကားအတိုင်း အားလုံးက တက်ညီလက်ညီ လုပ်ကြမည်ဆိုလျှင် အောင်ပန်းအလီလီသည်လည်း ဆွတ်ခူးနိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဩဂုတ် ၂၅

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၀၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၉-၆၄၀၀၃၉၄ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

(မြန်မာ့အလင်း)

ကွန်ကရစ်ဇလီဖားတုံးများသည် သစ်တောကေပေါင်းများစွာကိုပြုန်းတီးမှုမှ ကာကွယ်နိုင်ခဲ့

နေပြည်တော် ဩဂုတ် ၂၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေသည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် RBE ရထားဖြင့် နေပြည်တော်မှ မန္တလေးအထိ တံတားများ၊ ရထားလမ်းပိုင်းများကြံ့ခိုင်မှု၊ ဘူတာများ၏ သန့်ရှင်းသပ်ရပ်မှုနှင့် ပြည်သူ့ဝန်ဆောင်မှု ဆောင်ရွက်ပေးနေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကွန်ကရစ်ဇလီဖားစက်ရုံ(မြစ်ငယ်)သို့ ရောက်ရှိခဲ့သည်။

ကွန်ကရစ်ဇလီဖားစက်ရုံ (မြစ်ငယ်)သည် တစ်ရက်လျှင် ကွန်ကရစ်ဇလီဖား ၅၀၀ တုံးထုတ်လုပ်နိုင်ပြီး ယခုအခါ မြန်မာတစ်နိုင်ငံလုံးတွင် ကွန်ကရစ်ဇလီဖားစက်ရုံပေါင်း ရှစ်ရုံ နေ့စဉ် ကွန်ကရစ် ၄၀၀၀ ခန့်ထုတ်လုပ်လျက်ရှိသည်။ ယနေ့အထိ မြန်မာတစ်နိုင်ငံလုံးတွင် ရထားလမ်းပိုင်း အသီးသီးရှိ စက်ရုံများမှ ကွန်ကရစ်ဇလီဖားတုံး ၅၅ သိန်းခွဲခန့် ထုတ်လုပ်ပြီးဖြစ်သဖြင့် သစ်တန်ချိန် ၁ ဒသမ ၇ သိန်းခန့် သက်သာမှုရှိသောကြောင့် သစ်တောကေပေါင်းများစွာကို သစ်တောပြုန်းတီးမှုမှ ကာကွယ်နိုင်ခဲ့သည်။ ကွန်ကရစ်ဇလီဖားများသည် သစ်သားဇလီဖားထက် သက်တမ်းအားဖြင့် ၁၂ ဆ၊ ခံနိုင်ရည်အားဖြင့် ၉ ဆရှိသည်။

ယခုအခါ မြန်မာနိုင်ငံရှိ ရထားလမ်းပိုင်းများတွင် ကွန်ကရစ်ဇလီဖား ၂၃၁၇ မိုင် ခင်းပြီးဖြစ်သဖြင့် ကျန်ရှိသည့် လမ်းပိုင်းကို လာမည့် ငါးနှစ်ခွဲအတွင်း ပြီးစီးအောင် မြန်မာ့မီးရထားက ကြိုးစားဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် လူစီးတွဲနှင့်ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ ရောက်ရှိပြီး စက်ရုံအတွင်း ရထားတွဲများပြုပြင်နေမှု၊ အသစ် ထုတ်လုပ်နေမှုများအား ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား ပြည်တွင်းရှိစွမ်းအားကျနေသောတွဲများကို အချိန်မီ ပြင်ဆင်ရာတွင် ခိုင်ခံ့ကောင်းမွန်ပြီး ခရီးသည်များ သက်သောင့်သက်သာဖြစ်စေရေး မိမိကိုယ်တိုင် ရထားစီးခရီးသည်အဖြစ် ခံစား၍ စေတနာထား ကြံဆပြုပြင်ပေးကြရန် မှာကြားသည်။

အလေးထား

ထိုမှတစ်ဆင့် မန္တလေးဘူတာကြီးသို့ရောက်ရှိကာ ခရီးသည်များ စိတ်ချမ်းမြေ့မှုရှိစေရေး ဘူတာသန့်ရှင်းသပ်ရပ်မှုကို အလေးထားဆောင်ရွက်ရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများအား ထိထိရောက်ရောက် ဆောင်ရွက်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စဉ့်ကူးမြို့နယ်တွင် ငွေကျပ် ၁၅၀၀ တန် တန်ဖိုးနည်း တယ်လီဖုန်းများ ပြောဆိုမရဖြစ်နေ

စဉ့်ကူး ဩဂုတ် ၂၅

စဉ့်ကူးမြို့တွင် ယခင်ရရှိ သုံးစွဲလျက်ရှိသော CDMA-450, GSM, WCDMA ဖုန်းခေါ်ယူပြောဆိုမှုများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနှင့် မြေအောက် ကေဘယ်ပြတ်တောက်သည့် အခါမှလွဲ၍ ပြောဆိုမှုအဆင်ပြေကြောင်း သိရပြီး တန်ဖိုးနည်း MEC CDMA-800MHz ဖုန်းများမှာ စတင်ရောင်းချသည့်နေ့မှ ယခုအချိန်ထိ အထွက်ခေါ်ယူပြောဆိုမှုတွင် တစ်ဖက်မှ ရှင်းလင်းစွာ ကြားရသော်လည်း တစ်ဖက်မှ ပြန်လည် ပြောကြားမှုတွင် ရှုပ်ထွေးပြီး ပြတ်တောက်မှုများ အမြဲဖြစ်နေကြောင်း သိရသည်။

ဆက်သွယ်

စဉ့်ကူးမြို့၌ CDMA-450, WCDMA,GSM ဖုန်းပြောဆိုနိုင်ရန် (၅၂ မီတာ) တာဝါတိုင်စိုက်ထူထားခြင်းကြောင့် ကြည်လင်ပြတ်သားစွာခေါ်ယူပြောဆိုနိုင်မှု ကောင်းမွန်သော်လည်း MEC CDMA-800 ဖုန်းများ ပြောဆိုနိုင်ရန်အတွက် တာဝါတိုင် စိုက်ထူထားသော်လည်း **(အပေါ်ပုံ)**ယခုအချိန်ထိ ခေါ်ယူပြောဆိုမှု လုံးထွေးနေခြင်းနှင့် ပြတ်တောက်မှုများရှိနေပြီး ဆက်သွယ်မေးမြန်းရန် တာဝန်ရှိသူများ ရုံး၌မရှိခြင်း၊ ရုံးခန်း၊ စက်ခန်းများ အမြဲလိုလိုပိတ်ထားခြင်းများရှိ၍ ဖုန်းမဲပေါက်သူတစ်ဦးက “ကျွန်တော်တို့အနေနဲ့ ဖုန်းပြောဆိုမှုမရသည့်ကိစ္စများကို သက်ဆိုင်ရာသို့ မေးမြန်းစုံစမ်းလိုသော်လည်း အမြဲလိုလို ရုံးခန်း၊ စက်ခန်းများ ပိတ်ထားတာတွေ့ရပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူကို သွားရောက် မေးမြန်းသော်လည်း သူတို့မှာ တာဝန်မရှိကြောင်းနှင့် ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာမသိရှိကြောင်း” ပြောပြရာ ဖုန်းမဲပေါက်သူများအနေဖြင့် ဝယ်ထားမိသော တန်ဖိုးနည်းဖုန်း MEC CDMA-800 ဖုန်းများ ကြည်လင်ပြတ်သားစွာ ခေါ်ယူပြောဆိုနိုင်ရေး လိုလားလျက်ရှိကြောင်း သိရသည်။

(၄၃၃)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်း

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များအား ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေက ထပ်ဆင့်ရှင်းလင်းမှာကြားခြင်း အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက် ၈ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများနှင့် တိုင်းဒေသကြီးအတွင်းရှိ တရားသူကြီးများ၊ တရားရေးအရာရှိများ စုစုပေါင်း ၂၁၁ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

* ရှေ့ဖုံးမှ

နိုင်ငံ့ဝန်ထမ်းများနှင့် ပြင်ပကျန်းမာရေးလောကသားများ လက်တွဲပူးပေါင်းကြရန် လိုအပ်ပါကြောင်း၊ ဆရာဝန်အသင်းမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေကြသူများ ချိတ်ဆက်မိရန် လိုအပ်ပါကြောင်း၊ နှစ်ဦးနှစ်ဖက် ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုကို နိုင်ငံတကာအဆင့် ရောက်အောင် ကြိုးစားပေးကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် မှာကြားခဲ့သည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (လားရှိုး)အတွက် အလှူငွေကျပ်သိန်း ၅၀၀ ကို အလှူရှင်ကိုယ်စား ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် မြို့တော်ခန်းမ၌ ဒေသခံပြည်သူလူထုနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများ၊ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ လားရှိုးစာစစ်ဌာနမှ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ဂုဏ်ထူးရရှိသူအရေအတွက်မှာ ခြောက်ဘာသာဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ကိုးဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၃၁ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၃၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၀၇ ဦး စုစုပေါင်း ၁၉၇ ဦးဖြစ်ပြီး ချီးမြှင့်ငွေမှာ ဂုဏ်ထူးရ တစ်ဘာသာလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၃၈၁ သိန်းဖြစ်သည်။

ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံစဉ် ဒုတိယသမ္မတက ယခုလာရောက်ခြင်းသည် တွေ့ကြုံရသည့် အခက်အခဲများကို ကူညီဖြေရှင်းပေးနိုင်အောင်၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် ဒီမိုကရေစီ ဖော်ဆောင်မှုများကို ပြည်သူလူထုနားလည်သိရှိပြီး ပူးပေါင်းပါဝင်နိုင်အောင်၊ လားရှိုးပြည်သူများ၏ဆန္ဒကို သိရှိရအောင်၊ ဥပဒေနှင့်အညီဖြစ်နိုင်သည့်ကိစ္စ၊ ဖြစ်လိုသည့်ကိစ္စကို ပြည်သူလူထုဗဟိုပြုစနစ်ဖြင့် ဖော်ဆောင်ပေးနိုင်အောင်ဖြစ်ပါကြောင်း၊ ချောင်းမြောင်းတိမ်ကောပိတ်ဆို့မှုကြောင့် ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ ယမန်နှစ်ကပြုပြင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မီးဘေးကာကွယ်ရေးအတွက် ယနေ့နံနက်ကပင် မီးသတ်ယာဉ်နှစ်စီးဖြည့်ဆည်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ လားရှိုးမြို့တွင် ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်တိုက်မှု၊ လမ်းပိုမိုပျက်စီးမှုများကို ရှောင်ရှားနိုင်အောင် မြို့ရှောင်လမ်းဖောက်လုပ်ပေးထားပါကြောင်း၊ ထိုလမ်းပြီးစီးပါက အဆိုပါပြဿနာများ တစ်နည်းတစ်ဖုံဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ နမ့်ယောင်ချောင်းရေကြီးမှုကြောင့် AT ဂိတ်အနီးမှ နှစ်စဉ်နှစ်တိုင်း ရေလျှံသည့်ကိစ္စကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍ မြင့်မားသည့်နိုင်ငံသည် တိုးတက်မှုမြန်ပြီး ပညာရေးနိမ့်ကျသည့်နိုင်ငံသည် တိုးတက်မှုနှေးကြပါကြောင်း၊ ထို့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးထူးချွန်ချွန်ဖြင့် အောင်မြင်သည့်ကျောင်းသား၊ ကျောင်းသူများကို ချီးမြှောက်သည့် အစီအစဉ်ထည့်ထားခြင်းဖြစ်ပါကြောင်း၊ အနာဂတ်ကာလ နိုင်ငံ့တာဝန်ကို ယူကြမည့်သူများသည် ပညာရည်မြင့်မားပြီး အမှန်တကယ်တော်၊ အမှန်တကယ်တတ်သည့် ဘွဲ့ရများဖြစ်ရန်လိုပါကြောင်း၊ နိုင်ငံတော်အစိုးရအဖွဲ့အတွင်း တွင်ရော၊ ဥပဒေပြုလွှတ်တော် အတွင်း၌ပါ နိုင်ငံတကာဆက်ဆံရေး နယ်ပယ်၌ အရည်အချင်းရှိသောသူများ၊ အရေးတကြီးလိုအပ်လာပြီဖြစ်သည့်အတွက် ယခုထက်မက ဆက်လက်ကြိုးစားကြရန် အလေးအနက် မှာကြားလိုပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့်ပုဂ္ဂလိကကဏ္ဍ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်နေပါကြောင်း၊ နိုင်ငံသားများကို အလုပ်အကိုင်၊ အခွင့်အလမ်းအများအပြားပေးနိုင်မည့် လုပ်ငန်းများအတွက် ပိုမိုအားပေးနေပါကြောင်း၊ အုပ်ချုပ်ရေးအပိုင်းကို အားဖြည့်ပေးသည့်အနေဖြင့် စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကို သိက္ခာ၊ သမာဓိရှိ ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းပေးထားပါကြောင်း၊ လားရှိုးမြို့၏စည်ပင်သာယာရေးကို ပုဂ္ဂလိကပိုင်လုပ်ငန်းအနေဖြင့် လုပ်ဆောင်နေသည်ကို သိရပါကြောင်း၊ လျှပ်စစ်မီးတပ်ဆင်ဖြန့်ဖြူးရေးတွင်လည်း ပုဂ္ဂလိကပိုင်လုပ်ငန်းအဖြစ် တဖြည်းဖြည်းပြောင်းနေပြီဖြစ်သည့်အတွက် အနာဂတ်ကာလတွင် ပုဂ္ဂလိကပိုင်လုပ်ငန်းများကသာ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်ကို အသိပေးလိုပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် သိရှိနားလည်ပြီး ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါကြောင်း၊ အကြံကောင်း၊ ဉာဏ်ကောင်းများကိုလည်း သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း ပေးပို့နိုင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတသည် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ တာဝန်ရှိသူများ၏ လားရှိုးမြို့နယ် ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ဆွေးနွေးဖြည့်ဆည်းဆောင်ရွက်ပေးပြီး လားရှိုးမြို့ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိသည့် နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယသမ္မတအား မောက်ခေါင်ဝတီ (၂) မြို့ကွက်သစ်ဖော်ထုတ်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက စီမံကိန်းရှင်းလင်းဆောင်၍ ရှင်းလင်းတင်ပြကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် မိသားစုနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီ ဂန္ဓကုဋိ၌ ကန်မိန်းကျောင်းတိုက်ပဓာနနာယက ဆရာတော်အမှူးပြုသော သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကာ စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ဒုတိယသမ္မတသည် မြေသားလမ်းအဖြစ်ဖောက်လုပ်ပြီးစီးသည့် လားရှိုးမြို့ မြို့ရှောင်လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံး၌ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များနှင့်တွေ့ဆုံရာ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက ဆွေးနွေးတင်ပြကြပြီး အဆိုပါယဉ်ကျေးမှုအဖွဲ့များသို့ ဂုဏ်ပြုငွေစုစုပေါင်း ကျပ်သိန်း ၃၀၀ ပေးအပ်ခဲ့သည်။

ပြောကြားခဲ့

ယင်းသို့တွေ့ဆုံစဉ် ဒုတိယသမ္မတက ပြောင်းလဲလာသည့် ခေတ်သစ်၊ စနစ်သစ်အရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါရှိသည့်အတိုင်း တိုင်းရင်းသားများ တန်းတူအခွင့်အရေးရရှိအောင် ပြည်ထောင်စုလွှတ်တော်တွင် မကြာခဏ ဆွေးနွေးနေကြသည်ကို ကြားသိကြမည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုပွဲတော်၊ နှစ်သစ်ကူးပွဲတော်နှင့် စာပေသင်ကြားရေးတွင် သတ်မှတ်ထားသည့်စည်းမျဉ်း၊ စည်းကမ်းအတိုင်း လွတ်လွတ်လပ်လပ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်သည့် နိုင်ငံဖြစ်သည့် အားလျော်စွာ လူမျိုးရေးကိုဦးစားပေးသည့်လုပ်ဆောင်ချက်များကို ရှောင်ရှားကြရန် အထူးလိုအပ်ပါကြောင်း၊ လူတစ်ဦးချင်းစီ၊ တစ်ဖွဲ့ချင်းစီ၏ အရည်အချင်း၊ အရည်အသွေးကို ဦးစားပေးသည့် စနစ်သည်သာ မှန်ကန်သောပြိုင်ဆိုင်မှုကိုဖြစ်စေပြီး တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်လမ်းကြောင်းပေါ် ရောက်ရှိစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နှင့်သက်ဆိုင်သော စာပေ၊ ယဉ်ကျေးမှု လူမှုစီးပွားဘဝ တိုးတက်နိုင်ရန် မိမိတို့ကိုယ်တိုင်ပင် ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လားရှိုးမြို့နယ် တိုင်းရင်းသား စာပေယဉ်ကျေးမှုအဖွဲ့များအနေဖြင့် မိမိတို့တစ်ဖွဲ့ချင်းစီ၏ တိုးတက်မှုများအတွက် တစ်ဖွဲ့ချင်း ကြိုးစားဆောင်ရွက်ရန် တာဝန်ရှိကြသကဲ့သို့ အဖွဲ့များအချင်းချင်းလည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် စာပေယဉ်ကျေးမှုလုပ်ငန်းများ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဂုဏ်ပြုဆု ပေးအပ်

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက် ခမ်း ၂၀၁၂ - ၂၀၁၃ ပညာ သင်နှစ် တက္ကသိုလ် ဝင်စာမေးပွဲ၌ လားရှိုး စာစစ်ဌာနမှ ဂုဏ် ထူး ရ ကျောင်းသူ တစ်ဦးအား ဂုဏ်ပြုဆုပေး အပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ရန်ကုန်စည်ပင် ဝန်ထမ်းသားသမီးများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဂျိုးဖြူရေလှောင်ကန် ဝန်ထမ်းသားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲနှင့် ဆေးပစ္စည်းများပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲတွင် ဂျိုးဖြူရေလှောင်ကန် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်က အမှာစကားပြောကြားပြီး တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၅ ဦးအတွက် ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ရေလှောင်ကန်ဝင်းရှိ ဝန်ထမ်းအိမ်ရာ၊ သီးပင်စားပင်များစိုက်ပျိုးထားရှိမှု၊ လမ်းများကွန်ကရစ်လမ်းခင်းရန် ဆောင်ရွက်နေမှု၊ ရေစစ်ကန်၊ ကျောက်ချဉ်ခတ်အလုပ်ရုံ၊ ရေလှောင်ကန်အတွင်း ရေဝင်ရောက်မှုနှင့် ရေယူအဆောက်အအုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မှော်ဘီမြို့နယ်ရှိ ဖူးကြီးရေလှောင်ကန် ဧည့်ရိပ်သာခန်းမ၌ ကျင်းပသည့် ဖူးကြီးရေလှောင်ကန် ဝန်ထမ်းသားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲနှင့် ဆေးပစ္စည်းများပေးအပ်ပွဲအခမ်းအနား၌ အမှာစကားပြောကြားပြီး ပညာသင်ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ရွှေပြည်သာမြို့နယ် အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသော ရွှေပြည်သာမြို့နယ် (ဒ/၁၇)ရပ်ကွက် ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနား၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက လှူဒါန်းသည့်ဆန်အိတ် ၅၀ ကို ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ပေးအပ်

ယင်းနောက် မင်္ဂလာဒုံမြို့နယ်ရှိ လှော်ကား ရေလှောင်ကန်ခန်းမ၌ ကျင်းပသော ဝန်ထမ်းသားသမီးများအား ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ပညာသင် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲနှင့် ဆေးပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားကာ ပညာသင် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် မင်္ဂလာဒုံမြို့နယ်ရှိ အပိုင်း (၈) ဂျိုးဖြူရေပို့ပိုက်ဖြတ်ခုံးကျော်တံတား ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်း၌ ငမိုးရိပ်ရေသန့်စင်စက်ရုံ ဒုတိယဆင့် စီမံကိန်းလုပ်ငန်းတွင် ရေပို့ပိုက်လိုင်းများ ဆက်သွယ်နေမှုတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ဆိုက်ကားနှင့်မြင်းလှည်းမောင်းသူတို့အတွက် ကျပ် ၁၅၀၀ တန် ဖုန်းကတ်များချထားပေး

နေပြည်တော် ဩဂုတ် ၂၅

ပျဉ်းမနားမြို့နယ်အတွင်းရှိ လိုင်စင်ရအငှားယာဉ်ဆိုက်ကားနှင့် မြင်းလှည်းမောင်းသူတို့အား တန်ဖိုးနည်း ငွေကျပ် ၁၅၀၀ တန် ဖုန်းဆင်းကတ်များကို ယနေ့နံနက် ၉ နာရီက သက်ဆိုင်ရာဆိုက်ကားဂိတ်နှင့် မြင်းလှည်းဂိတ်၊ မြို့နယ်စည်ပင်သာယာရေးရုံးများတွင် မဲစနစ်နှင့်ချထားပေးရာ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

ပျဉ်းမနားမြို့ရှိ အငှားယာဉ် ဆိုက်ကားနင်းလုပ်သားများအတွက် တန်ဖိုးနည်း CDMA ၆၅ ကတ်နှင့် GSM ၁၀ ကတ်ချထားပေးရာ ပထမအကြိမ်ချထားပေးသော ဖုန်းဆင်းကတ် ၂၀ နှင့် စုစုပေါင်း ၉၅ ကတ် ချထားပေးပြီးကြောင်း သိရသည်။ ထို့အတူ မြင်းလှည်းမောင်းလုပ်သားများကိုလည်း တန်ဖိုးနည်း GSM, CDMA ဖုန်းဆင်းကတ် ၂၀ ကို ချထားပေးသည်။

ဖုန်းဆင်းကတ် မဲပေါက်သော ပျဉ်းမနားမြို့နယ် သပြေစန်းကျေးရွာ မြင်းလှည်းဆရာ ဦးသိန်းမြင့်က “ဒီလိုမျှမျှတတနဲ့ မဲနှိုက်ရပြီး မဲပေါက်တဲ့အတွက် ဝမ်းသာပါတယ်။ ကျွန်တော်တို့လို လူတန်းစားတွေအထိ ဖုန်းကိုင်နိုင်အောင် စီမံဆောင်ရွက်ပေးတဲ့ လူကြီးအားလုံးကို ကျေးဇူးတင်ပါတယ်။ ခုမဲမပေါက်သေးတဲ့သူတွေလည်း နောင်အပတ်တွေမှာ ကျိန်းသေရကြမှာပါ” ဟု ပြောသွားသည်။

အလားတူ လယ်ဝေးမြို့နှင့် တပ်ကုန်းမြို့ရှိ လိုင်စင်ရအငှားယာဉ် ဆိုက်ကားနှင့် မြင်းလှည်းမောင်းသူတို့ကိုလည်း ယနေ့နံနက် ၉ နာရီက သက်ဆိုင်ရာဆိုက်ကားဂိတ်၊ မြင်းလှည်းဂိတ်များတွင် တန်ဖိုးနည်းဖုန်းဆင်းကတ်များ ချထားပေးကြောင်း သိရသည်။

မောင်သန်းဦး

နိုင်ငံတကာသတင်း

ယီမင်မြို့တော်၌ ဘတ်စ်ကားဗုံးခွဲတိုက်ခိုက်မှုဖြစ် အနည်းဆုံး လေတပ်ဗိုလ်လောင်း ၁၂ ဦး သေဆုံး

ဆာနား ဩဂုတ် ၂၅

ယီမင်နိုင်ငံမြို့တော် ဆာနားမြို့ရှိ လေတပ်အခြေစိုက်စခန်းအနီး ဘတ်စ်ကားတစ်စီးကို အယ်လ်ခိုင်ဒါတို့က ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ကားပေါ်တွင် လိုက်ပါလာသော လေတပ်ဗိုလ်လောင်း အနည်းဆုံး ၁၂ ဦးသေဆုံးသွားကြောင်း တာဝန်ရှိသူများနှင့် မျက်မြင်တွေ့ရှိသူများက ပြောသည်။

"လေတပ်ဗိုလ်လောင်း အနည်းဆုံး ၂၄ ဦးလိုက်ပါလာတဲ့ ဒီဘတ်စ်ကားဟာ ဆာနားမြို့ လေတပ်အခြေစိုက်စခန်းသို့သွားရာ အဓိကလမ်းမကြီးပေါ်မှာ ပေါက်ကွဲခဲ့တာပါ၊ ဒီတိုက်ခိုက်မှုဟာ အယ်လ်ခိုင်ဒါတို့ရဲ့ တိုက်ခိုက်မှုဖြစ်ပါတယ်"ဟု လေတပ်တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။ "ကနဦး စစ်ဆေးတွေ့ရှိချက်အရ ဒီဗုံးဟာ ကားထဲမှာ သို့မဟုတ် ဘတ်စ်ကားရှေ့ လမ်းပေါ်မှာထောင်ပြီး ဖောက်ခွဲခဲ့တာဖြစ်နိုင်ပါတယ်။ ကားကတော့ လုံးဝစုတ်ပြတ်သွားတာပါပဲ"ဟု ၎င်းကပင် ဆက်လက်ပြောကြားသည်။

လုံခြုံရေးတပ်များက ဗုံးပေါက်ကွဲသည့်နေရာကို အစောင့်အကြပ်များဖြင့် ပိတ်ဆို့ဝိုင်းရံထားပြီး**(အပေါ်ပုံ)** ဒဏ်ရာရသူများကို နီးစပ်ရာစစ်ဆေးရုံသို့ ပို့ထားကြောင်း သိရသည်။

ထိုအတောအတွင်း အာရေဗျကျွန်းဆွယ်ရှိ အယ်လ်ခိုင်ဒါတို့က ယင်းတိုက်ခိုက်မှုသည် ၎င်းတို့လက်ချက်ဖြစ်ကြောင်း အခိုင်အမာပြောဆိုလိုက်သည်။ **(ဆင်ဟွာ)**

ရဲအရာရှိချုပ်ဟောင်း လိမ်ညာပြောဆိုခဲ့ဟု ဘိုရှီလိုင်းပြောကြား

ပေကျင်း ဩဂုတ် ၂၅

တရုတ်ထိပ်တန်းနိုင်ငံရေးသမားဟောင်း ဘိုရှီလိုင်းက ၎င်း၏ရဲအရာရှိချုပ်ဟောင်းအား အာဏာအလွဲသုံးစားပြုလုပ်သည်ဟု ပြောဆိုမှုများမှာ လိမ်ညာပြောဆိုခြင်းသာဖြစ်ကြောင်း စွပ်စွဲပြောကြားလိုက်သည်။

ရဲအရာရှိချုပ်ဟောင်း ဝမ်လိကျင်သည် မိမိအား မမှန်မကန်အာဏာအလွဲသုံးစားပြုလုပ်သည်ဟု စွပ်စွဲခဲ့ခြင်းသာဖြစ်ကြောင်း မစ္စတာဘိုရှီလိုင်းက ကျိနန်မြို့ တရားရုံး၌ လေးရက်မြောက်အဖြစ် ရုံးထုတ်စစ်ဆေးစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။

မစ္စတာဘိုရှီလိုင်းအား ကျိနန်မြို့ တရားရုံး၌ လေးရက်ကြာ စစ်ဆေးခဲ့ပြီးနောက် ဩဂုတ် ၂၆ ရက်သို့ စစ်ဆေးခြင်းကို ရွှေ့ဆိုင်းထားသည်။ ၎င်းသည် ချုံကျင်းမြို့ ကွန်မြူနစ်ပါတီအကြီးအကဲဟောင်းဖြစ်သည်။ ၎င်းအား ရုံးထုတ်စစ်ဆေးခြင်းကို နိုင်ငံခြားမီဒီယာများအား ခွင့်မပြုဟုဆိုသည်။

မစ္စတာဘိုရှီလိုင်းသည် ၂၀၁၁ခုနှစ်က ဗြိတိသျှစီးပွားရေးလုပ်ငန်းရှင် နေးလ်ဟေးဝုဒ်အား သတ်ဖြတ်မှုကို ဖုံးကွယ်ထားသည်။ မစ္စတာဘိုရှီလိုင်း၏ဇနီး ဂူကိုင်လိုင်သည် မစ္စတာဟေးဝုဒ်အား သတ်ခဲ့မှုဖြင့် စီရင်ခံခဲ့ရသည်။ **(ဘီဘီစီ)**

ဟောင်ကောင်ရဲများ မူခင်းများဖြိုခွင်း

ဟောင်ကောင် ဩဂုတ် ၂၅

ဟောင်ကောင်ရဲတပ်ဖွဲ့က အုပ်စုဖွဲ့ရမ်းကားနေသည့် ရာဇဝတ်မှုခင်းဂိုဏ်းများကို ဖြိုခွင်းလိုက်ပြီး လူပေါင်း ၁၈၀၀ ကျော်ကို ဖမ်းဆီးလိုက်ကြောင်း ဩဂုတ် ၂၄ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ရဲတပ်ဖွဲ့က တစ်လကြာ ဟောင်ကောင်ကဲ့သို့ တရုတ်ပြည်မ အစိတ်အပိုင်း အချို့နှင့် မကာအိုတို့တွင် စီးနင်းရှာဖွေခဲ့ရာ ညကလပ်များအပါအဝင် ပိုင်ဆိုင်မှုနေရာပေါင်း ၂၅၀၀ကို ဝင်ရောက်စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

ဖမ်းဆီးရမိ တရားမဝင်ပစ္စည်းများတွင် မူးယစ်ဆေးဝါးများ၊ ညစ်ညမ်းဗီဒီယိုခွေများနှင့် သေနတ်များ ပါဝင်ကြောင်း စုစုပေါင်းဒေါ်လာ ငါးသန်းဖိုးရှိကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ဖမ်းဆီးခံရသူများတွင် အသက် ၁၂ နှစ်မှ ၉၅နှစ်အတွင်းရှိသည်ဟု သိရသည်။ ယင်းတို့ကို တရားမဝင် လောင်းကစားမှုနှင့် ငွေကြေးခဝါချမှုများ အပါအဝင် အမျိုးမျိုးသော စွဲချက်များဖြင့် တရားစွဲဆိုထားသည်။ **(ဘီဘီစီ)**

ဆီးရီးယားကို စစ်ရေးအရအရေးယူဆောင်ရွက်ရန် အမေရိကန်စဉ်းစားနေကြောင်း သမ္မတအိုဘားမားပြောကြား

ဝါရှင်တန် ဩဂုတ် ၂၅

ဆီးရီးယားအစိုးရက ဓာတ်ငွေ့ဖြင့် တိုက်ခိုက်ခဲ့သဖြင့် လူရာနှင့်ချီသေဆုံးခဲ့ပြီးနောက် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဆီးရီးယားကို စစ်ရေးအရ လက်တုံ့ပြန်ရန် စဉ်းစားနေကြောင်း ဩဂုတ် ၂၄ ရက်တွင် ပြောကြားလိုက်သည်။

ဆီးရီးယားစစ်တပ်က သူပုန်များ၏ ဥမင်လိုဏ်ခေါင်းများအတွင်း ဓာတုလက်နက်များ တွေ့ရှိခဲ့သည်ဟု ဆိုသည်။ အစိုးရတပ်များက ဩဂုတ် ၂၁ ရက်က ဒမတ်စကတ်မြို့အနီး ဓာတ်ငွေ့သုံးတိုက်ခိုက်မှုတွင် အရပ်သား ၅၀၀နှင့် ၁၀၀၀ကြား သေဆုံးခဲ့ကြောင်း၊ ကုလသမဂ္ဂစစ်ဆေးရေးမှူးများအနေဖြင့် ယင်းတိုက်ခိုက်သည့်နေရာကို စစ်ဆေးရန်ကြိုးစားနေကြောင်း ဒမတ်စကတ်ရောက် ကုလသမဂ္ဂထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ဓာတ်ငွေ့သုံးတိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၅၅ ဦး ရှိသွားပြီဖြစ်ကြောင်း ဒမတ်စကတ်မြို့အနီး ဆေးရုံသုံးရုံမှ တာဝန်ရှိသူများက ပြောသည်။

တိုက်ခိုက်မှုကြောင့် သေဆုံးသူအမျိုးသား၊ အမျိုးသမီးများနှင့် ကလေးများကို ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသနေခြင်းကို အကြောင်းပြု၍ အမေရိကန်ဦးဆောင်ပြီး လက်တုံ့ပြန်သွားရန် အနောက်နိုင်ငံများက ဆော်ဩထားသည်။ ဆီးရီးယားနိုင်ငံတွင် နှစ်နှစ်ခွဲကြာ ဖြစ်ပွားနေသော ပဋိပက္ခအတွင်း သေဆုံးသူပေါင်း ၁၀၀၀၀၀ ခန့်ရှိသွားပြီဟု ဆိုသည်။

အမေရိကန်လုံခြုံရေးနှင့် စစ်ဘက်အကြံပေးအရာရှိများသည် ဩဂုတ် ၂၄ ရက်က အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး ဆီးရီးယားကို စစ်ရေးအရအရေးယူဆောင်ရွက်ရန် စဉ်းစားနေပြီဟု ဆိုသည်။ **ရိုက်တာ**

လန်ဒန်မြို့ အရှေ့တောင်ပိုင်း လီဝီရှမ်းခရိုင်မှ အမာဒူပရေးအမည်ရှိ အမျိုးသမီးတစ်ဦးသည် ဦးနှောက်နှင့် အာရုံကြောရောဂါတစ်မျိုး ခံစားရပြီး ရက်ရှည်စွာအိပ်ပျော်နေသည်ကို ဩဂုတ် ၂၅ ရက်က ဆင်ဟွာသတင်းတွင် ဖော်ပြသည်။
(သူမသည် ယမန်နှစ်က ၎င်းရောဂါကြောင့် ၅၉ ရက်ကြာ မနိုးထဘဲ အိပ်ပျော်ခဲ့သည်ဟု ဆိုသည်။)

အိန္ဒိယအကျဉ်းသား ၃၃၇ ဦးအား ပါကစ္စတန်က ချစ်ကြည်ရေးအရ ပြန်လွှတ်ပေး

အစ္စလာမ္မာဘတ် ဩဂုတ် ၂၅

ပါကစ္စတန်နိုင်ငံသည် ချစ်ကြည်ရေးအနေဖြင့် အိန္ဒိယနိုင်ငံသား အကျဉ်းသား ၃၃၇ဦးကို ဩဂုတ်၂၄ ရက်က ပြန်လည်လွှဲပြောင်းပေးလိုက်ကြောင်း၊ အကျဉ်းသားအများစုမှာ ငါးဖမ်းရေလုပ်သားများဖြစ်ကြကြောင်း ဒေသခံမီဒီယာ သတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

သတင်းများတွင် ဖော်ပြချက်အရ လွှတ်မြောက်အကျဉ်းသားများသည် ၎င်းတို့၏ ထောင်ကျသက်တမ်းကာလပြည့်သွားပြီဖြစ်ပြီး ပါကစ္စတန်နှင့်အိန္ဒိယ နှစ်နိုင်ငံ ဖြတ်ကျော်နယ်စပ် ဝါဂါး၌ အိန္ဒိယတာဝန်ရှိသူများသို့ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်သည်။

အကျဉ်းသား၃၂၉ဦးမှာ မာလီယာ အကျဉ်းထောင်မှဖြစ်ပြီး ရှစ်ဦးမှာ လန်ဟီမြို့ အကျဉ်းထောင်မှဖြစ်ကြသည်။ ၎င်းအကျဉ်းသားအားလုံးကို လာဟိုးမြို့မှတစ်ဆင့် ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်က ဘတ်စ်ကားရှစ်စီးဖြင့် ပြန်လည်ပို့ဆောင်ပေးလိုက်သည်ဟု သိရသည်။

ကြာသပတေးနေ့အစောပိုင်းတွင် ပါကစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက အိန္ဒိယအကျဉ်းသား ၃၆၅ ဦး ပြန်လွှတ်ပေးရန် ကြေညာထားခဲ့သည်။ သို့ရာတွင် မည်သည့်အတွက်ကြောင့် အကြောင်းပြချက်များ မရှိဘဲ ၃၃၇ ဦးကိုသာ ပြန်လွှတ်ပေးခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ပါကစ္စတန်နိုင်ငံသား အကျဉ်းသားအနည်းဆုံး ၄၈၅ ဦးရှိပြီး ရေလုပ်သား ၁၇၂ဦးနှင့် အရပ်သား ၃၁၃ ဦးရှိနေသည်ဟု ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။ **(ရိုက်တာ)**

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁) လူနေရပ်ကွက်(၁/အရှေ့ပိုင်း)မြေကွက်အမှတ်-၂၅/၈၊ အမှတ် (၂၅-ခ) ... ၁/အရှေ့ပိုင်းရပ်ကွက်၊ သာကေတမြို့နယ် ... ပေါ်တွင်ရှိသော (၂၀'×၆၀')အကျယ် အဝန်းရှိမြေနှင့် အိမ်ကိုပိုင်ဆိုင်သူ ဒေါ်ပါပါခင်ချောတန်း (၁၂/သကတ(နိုင်)၁၂၀၁၁၈) ထံမှ ဝယ်ယူရန်စရံငွေပေးထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက (၁၀)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေငြာအပ်ပါသည်။

ဦးထွန်းထွန်းလင်း (Tel:09-73015854)

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်(၁-တောင်ပိုင်း)၊ မြေကွက်အမှတ် (၁၈)၊ အမှတ် (၁၈)၊ ... ၁/တောင်ပိုင်းရပ်ကွက်၊ သာကေတမြို့နယ်တွင် ပေါ်တွင်ရှိသော (၃၃'×၅၅')အကျယ်အဝန်းရှိ မြေနှင့်အိမ်ကို ပိုင်ဆိုင်သူ ဒေါ်... (၁၂/သကတ(နိုင်)...)ထံမှ ဝယ်ယူရန်စရံငွေပေးထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက (၁၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေငြာအပ်ပါသည်။

ဦးထွန်းထွန်းလင်း (Tel:09-73015854)

ပါကစ္စတန် ကြားဖြတ်ရွေးကောက်ပွဲ

မောင်မဟာ

ပါကစ္စတန်နိုင်ငံရဲ့ ကြားဖြတ်ရွေးကောက်ပွဲကတော့ ဩဂုတ် ၂၂ ရက်က စတင်လိုက်ပြီဖြစ်ပါတယ်။ အာဏာရပါတီနဲ့ အတိုက်အခံ ပါတီတွေရဲ့ လူထုကြိုက်နှစ်သက်မှုအပေါ် ဒုတိယမြောက်စမ်းသပ်မှု ဖြစ်တာကြောင့် စိတ်ဝင်စားစရာ ကောင်းတာတော့ အမှန်ပါပဲ။ ကနဦးသတင်းထုတ်ပြန်ချက်တွေအရ အာဏာရပါတီက လွှတ်တော်အမတ် အများအပြား ရွေးချယ်ခံရပြီး အတိုက်အခံပါတီတွေက အနည်းငယ်စီသာ အသီးသီး ရရှိခဲ့တယ်လို့ ပါကစ္စတန်နိုင်ငံ ရွေးကောက်ပွဲ ကော်မရှင် အရာရှိတွေက ထုတ်ဖော်ပြောကြားနေပါတယ်။

ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ရှရစ် မဲပေးနေစဉ်။

တကယ်တော့ အခုကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲဟာ အမျိုးသား လွှတ်တော်အမတ် ၁၅ နေရာနဲ့ ပြည်နယ်လွှတ်တော်အမတ် ၂၆ နေရာတို့အတွက် ပြည်သူတွေက ဆန္ဒမဲပေး ရွေးချယ်ခဲ့ကြခြင်းဖြစ်ပါတယ်။ စုစုပေါင်း လွှတ်တော်အမတ် ၄၁ နေရာအတွက် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းလည်း ဖြစ်ပါတယ်။

ငါးနှစ် တစ်ကြိမ် ကျင်းပတဲ့ ပါကစ္စတန်ရွေးကောက်ပွဲဟာ ဒီနှစ် ပြီးခဲ့တဲ့ မေ ၁၁ ရက်က တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကျင်းပခဲ့ပြီး ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် အမတ် ၃၀၀ ခန့်ကို ပါကစ္စတန်နိုင်ငံသား မဲပေးခွင့်ရှိသူ ရှစ်သန်းကျော်တို့က မဲပေးရွေးချယ်ခဲ့ကြပြီး ဖြစ်ပါတယ်။ အဲဒီအချိန်က ရွေးချယ်ခံခဲ့ရတဲ့ လွှတ်တော်အမတ်တွေအချို့ဟာ သေဆုံးသွားပြီဖြစ်သလို အချို့အမတ်တွေကလည်း သတ်မှတ်ထားတဲ့ ပညာအရည်အချင်းကို လိမ်ညာခဲ့တာတွေကြောင့် ထုတ်ပယ်ခံရတာ တွေရှိခဲ့ပြီး အခုလို လွှတ်တော် အမတ်နေရာလစ်လပ်မှုတွေဖြစ်ပေါ်ခဲ့လို့ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။

အခုကျင်းပခဲ့တဲ့ ကြားဖြတ်ရွေးကောက်ပွဲအတွက် ပါကစ္စတန်နိုင်ငံတစ်ဝန်း မဲရုံပေါင်း၇၆၀၆ရုံကို ဩဂုတ် ၂၂ရက် နံနက်၈နာရီမှ ညနေ၅နာရီအထိ ဖွင့်လှစ်ထားပြီး ပြည်သူတွေကို လွတ်လွတ်လပ်လပ်ဆန္ဒမဲပေးစေခဲ့တာ ဖြစ်ပါတယ်။ အချို့လုံခြုံရေး စိတ်မချရတဲ့ မဲရုံတွေမှာတော့ပါကစ္စတန်တပ်ဖွဲ့ဝင် ဖြန့်ချထားတယ်လို့ ရွေးကောက်ပွဲ ကော်မရှင် အရာရှိတွေကပြောကြားပါတယ်။ မဲဆန္ဒရှင်တွေမဲရုံမဲပေးဖို့ နေရာမှာလက်ကိုင် ဖုန်းတွေအသုံးမပြုဖို့ ပိတ်ပင်တားမြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ပါကစ္စတန်ကြား ဖြတ်ရွေးကောက်ပွဲ ကျင်းပနေမှုတွေကို ရေဒီယိုနဲ့ ရုပ်မြင်သံကြားလိုင်းတွေက တိုက်ရိုက်ထုတ်လွှင့်ပြသမှုတွေပြုလုပ်ခဲ့ပါတယ်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံတွေ ပိတ်ချိန်အထိတစ်စုံတစ်ရာကြီးမားတဲ့ ပြဿနာမရှိခဲ့ဘူးလို့ ဆိုပါတယ်။ ကမ္ဘာပေါ်မှာအကြီးမားဆုံး ဒီမိုကရေစီနိုင်ငံတွေထဲမှာငါးနိုင်ငံမြောက်ဖြစ်တဲ့ပါကစ္စတန်နိုင်ငံရဲ့ ငါးနှစ်တစ်ကြိမ်ကျင်းပတဲ့ ရွေးကောက်ပွဲရဲ့ပြီးခဲ့တဲ့မေ၁၁ရက်ရလဒ်တွေကတော့နာဝပ်ရှရစ်ရဲ့ပီအမ်အယ်လ်(အင်န်) ပါတီကလွှတ်တော်အမတ်၁၆၆ နေရာရရှိခဲ့ပါတယ်။

တုပ်ကွေးကာကွယ်ဆေးက နှလုံးရုတ်တရက်ဖောက်ပြန်မှုကို သက်သာစေနိုင်

နှလုံးရောဂါသည် အသက် ၅၀ နှင့် ၆၄ နှစ်ကြားတို့တွင် အဖြစ်များသည်ကိုတွေ့ရလေ့ရှိပြီး ၎င်းရောဂါရှင်တို့သည် နှလုံးရုတ်တရက် ဖောက်ပြန်မှု (Heart attack) ဖြစ်ပေါ်နိုင်ခြေလည်းများသည်။ ရုတ်တရက် နှလုံးဖောက်ပြန်မှုသည် အလွန်အမင်း စိုးရိမ်ဖွယ်အခြေအနေရှိပြီး ကံမကောင်းအကြောင်းမလှပါကအသက်ပင်ဆုံးရှုံးတတ်သည်။ ဤကဲ့သို့ ရုတ်တရက် နှလုံးဖောက်ပြန်မှု အန္တရာယ်ကို တုပ်ကွေးကာကွယ်ဆေးက လျှော့ချပေးနိုင်ကြောင်း ဩစတြေးလျနိုင်ငံ လေ့လာသူများက ဆိုသည်။

ယင်းလေ့လာသူများသည် နယူးဆောက်ပ်ဝေးလ်တက္ကသိုလ် ပြည်သူ့ကျန်းမာရေးနှင့် ဆေးပညာအဖွဲ့ ကျောင်းမှသုတေသီများဖြစ်ကြပြီး ၎င်းတို့က ရောဂါရှင် လူနာ ၅၀၀ ကျော်တို့အား စူးစမ်းလေ့လာပြီး အထက်ပါဆက်စပ်မှုကို တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

" အဲဒီကာကွယ်ဆေးက နှလုံးရုတ်တရက်ဖောက်ပြန်မှုအန္တရာယ်ကို ၄၅ ရာခိုင်နှုန်းလောက်အထိ လျှော့ချပေးနိုင်တာ တွေ့ရပါတယ်။ ဒါပေမယ့် ရောဂါရှင်များအကြား ကာကွယ်ဆေးထိုးခြင်းနှင့် ရုတ်တရက် နှလုံးဖောက်ပြန်နိုင်ခြေကို နှိုင်းယှဉ်လေ့လာရပါဦးမယ်။ ပြီးတော့ ကာကွယ်ဆေးရဲ့ အကျိုးသက်ရောက်မှုကို တိုင်းတာဖို့လိုပါမယ်။ နောက်ထပ် တုပ်ကွေးကာကွယ်ဆေးက ကျန်းမာရေး အကျိုးပေးနိုင်ခြေအလားအလာတွေကို လေ့လာဖော်ထုတ်သင့်ပါတယ်" ဟု ဦးဆောင်လေ့လာသူ ပါမောက္ခ ရိုင်နာမက်အင်တိုင်ရီက ဆိုသည်။

နှလုံးရုတ်တရက် ဖောက်ပြန်မှုကြောင့် သေဆုံးရမှုနှုန်းမှာ ဩစတြေးလျနိုင်ငံ၌ မြင့်မားလျက်ရှိပြီး ကမ္ဘာတစ်ဝန်း၌လည်း ယင်းကဲ့သို့ ဖြစ်ပွား မှုကြောင့်သေဆုံးမှုနှုန်း များပြားလျက်ရှိကြောင်း၊ ထို့ကြောင့် ၎င်းကာကွယ်ဆေးက လူထုကျန်းမာရေးအတွက် ထိထိရောက်ရောက် အကျိုးပေးနိုင်ဖွယ်ရှိကြောင်း သူမကဖြည့်စွက်ပြောကြားသည်။

(နေခြည်)

နိုင်ငံတကာသတင်း

အမေရိကန်တပ်များ ဆီးရီးယားသို့ ချဉ်းကပ်လာ

ပင်တဂွန်တပ်များ ဆီးရီးယားသို့ ချဉ်းကပ်လာနေသကဲ့သို့ အမေရိကန်အနေဖြင့် ဆီးရီးယား ပဋိပက္ခအတွင်း စစ်ရေးအရပါဝင်ရန် အလေးသာနေကြောင်း ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်သည်။ ၎င်းအနေဖြင့် အစီအစဉ်အသေးစိတ်ကို ပြောကြားခြင်းမရှိသော်လည်း မြေထဲပင်လယ်အရှေ့ပိုင်း၌ အမေရိကန်ရေတပ်အင်အားဖြန့် ပြင်ဆင်နေကြောင်း သတင်းမီဒီယာများက ပြောကြားသည်။ ဆီးရီးယားအစိုးရအနေဖြင့် ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်နေကြောင်း ဩဂုတ် ၂၃ ရက်က သမ္မတဘားရက်အိုဘားမားက စွပ်စွဲပြောကြားလိုက်သည်။ တိုက်ခိုက်မှုပြီးနောက် ဓာတုလက်နက်ဖြင့် အစိုးရတပ်များက တိုက်ခိုက်ခဲ့မှုအပေါ် သူပုန်များအနေဖြင့် သက်သေအထောက်အထားပြနိုင်ခဲ့ကြောင်း ဆီးရီးယား၏ မဟာမိတ်ရုရှားက ပြောကြားသည်။

• •

အမေရိကန်က ဆီးရီးယားကိုတိုက်လျှင် တတိယကမ္ဘာစစ်ဖြစ်နိုင်ဟုဆို

အမေရိကန်နိုင်ငံအနေဖြင့် ဆီးရီးယားနိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်တိုက်ခိုက်လာမည်ဆိုပါက တတိယကမ္ဘာစစ်ဖြစ်ပွားနိုင်ကြောင်း နိုင်ငံရေးလေ့လာသူတစ်ဦးက ပရက်စ်တီဗွီမှတစ်ဆင့် ပြောကြားသည်။ ဆီးရီးယားတွင် အမေရိကန်တို့ စစ်ရေးအရပါဝင်လာခြင်းဖြင့် အကျပ်အတည်းကို ဖြေရှင်းနိုင်လိမ့်မည်မဟုတ်ကြောင်း၊ ကမ္ဘာ့အစိတ်အပိုင်းများအပါအဝင် အခြေအနေသည်ပိုမိုဆိုးရွားပြီး တတိယကမ္ဘာစစ်ကိုဦးတည်နိုင်ကြောင်း တီဗင်ဗားရက်က ပရက်စ်တီဗွီနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။ "ဒီကိစ္စဟာ ဒေသတွင်းမတည်မငြိမ်ဖြစ်ပြီး ကမ္ဘာစစ်ကို ဦးတည်သွားနိုင်ပါတယ်" ဟု ၎င်းကပြောကြားသည်။

• •

အိုဘားမား မီးစိမ်းပြလျှင် ဆီးရီးယားကို တိုက်ရန်အသင့်ဟု ကန်ကာကွယ်ရေးဝန်ကြီးပြောကြား

အမေရိကန်သမ္မတ အိုဘားမားက မီးစိမ်းပြလျှင် ဆီးရီးယားကို တိုက်ရန် အသင့်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက ပြောကြားလိုက်ကြောင်း ဩဂုတ် ၂၅ ရက်က ပရက်စ်တီဗွီသတင်းတွင်ဖော်ပြသည်။ အမေရိကန်သမ္မတအိုဘားမားကလည်း အမေရိကန်တပ်ဖွဲ့ဝင်များ အသင့် ပြင်ဆင်ထားရန် ပြောကြားလိုက်သည်။ သမ္မတအိုဘားမားအနေဖြင့် တိုက်ခွင့်ပေးရန် ဆုံးဖြတ်လိုက်ပါက အသင့်ဖြစ်ရေးပြင်ဆင်ထားကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးက မလေးရှားသို့ သီတင်းတစ်ပတ်ကြာ လာရောက်လည်ပတ်ရန် ရောက်ရှိနေစဉ် ပြောကြားလိုက်သည်။ ဆီးရီးယားအစိုးရတပ်များက ဒမတ်စကတ် ဆင်ခြေဖုံးကို ဓာတုလက်နက်သုံး တိုက်ခိုက်ခဲ့ပြီးနောက် ဆီးရီးယားအစိုးရကို တိုက်ရန် အလားအလာရှိနေကြောင်း ၎င်းကပြောကြားသည်။

• •

ကုလတပ်များ ကွန်ဂိုသူပုန်များကို ထိုးစစ်ဆင်

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံရှိ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များသည် ဂိုမာမြို့အရှေ့ပိုင်းအနီး သူပုန်စခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ကြောင်း ဩဂုတ် ၂၃ ရက် ဘီဘီစီသတင်းတွင်ဖော်ပြသည်။ M23 သူပုန်များက ဩဂုတ် ၂၂ ရက်က ဂိုမာမြို့ကို တိုက်ခိုက်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂတပ်များက လက်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ အရပ်သားငါးဦး သေဆုံးသွားကြောင်း ကွန်ဂိုတာဝန်ရှိသူများကပြောသည်။ သို့သော်လည်း M23 သူပုန်များက မြို့ကို တိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောသည်။ ကုလသမဂ္ဂတပ်ရင်းတစ်ရင်း အသစ်ရောက်ရှိလာပြီး သူပုန်များကို ကိုင်တွယ်ရန် ယင်းဒေသ၌ တပ်ဖြန့်ချထားသည်။

မြင့်မောင်စိုး-စုစည်းသည်

လမျက်နှာပြင်ရာသီဥတုလေ့လာရေးယာဉ် နောက်ဆုံးစမ်းသပ်ပျံသန်းမှု ပြုလုပ်မည်

လမျက်နှာပြင်ပေါ်ရှိ လေထုဖြစ်တည်ဖွဲ့စည်းမှုနှင့် ရာသီဥတုအနေအထားကို လေ့လာရန်စေလွှတ်မည့် လေ့လာရေးအာကာသယာဉ်ကို လာမည့် စက်တင်ဘာ ၆ ရက်၌ နောက်ဆုံးအကြိမ် စမ်းသပ်မှုပြုလုပ်ရန် နာဆာက စီစဉ်ထားပြီဖြစ်သည်။ အဆိုပါ လေ့လာရေးယာဉ်ကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ် ဝေါလ်လော့ပ်ကျွန်းပေါ်တွင် စက်တင်ဘာ ၆ ရက် ည ၁၁ နာရီ ၂၇မိနစ်၌ စမ်းသပ်ပျံသန်းမှု ပြုလုပ်မည်ဖြစ်သည်။ လလေ့လာရေးယာဉ်သည် မော်တော်ကားအငယ် အရွယ်အစားရှိပြီး လမျက်နှာပြင်ပေါ်ရှိ ရာသီဥတုအခြေအနေကို အသေးစိတ်လေ့လာနိုင်ရေးစေလွှတ်မည်ဖြစ်သည်။ လမျက်နှာပြင်တွင် ပါးလွှာသော လေထုထည်ရှိပြီးအမှုန်များ၊ ခြောက်သွေ့သော လေထုဖွဲ့စည်းမှုနှင့် ထူးခြားသော ရာသီဥတုအနေအထားရှိသည်ဟု လောလောဆယ်တွင် သိရှိထားသော်လည်း လမျက်နှာပြင်ပေါ်သို့ အာကာသယာဉ်မှူးများနှင့် အာကာသခရီးသွားများစေလွှတ်ရာတွင် ပိုမိုတိကျသည့် အချက်အလက်များရရှိရန် လိုအပ်သည်။

နာဆာအာကာသ သုတေသနပညာရှင်များက နေ၏ပေါက်ကွဲမှုဖြစ်စဉ်များနှင့် ရောင်ခြည်ဖြာထွက်မှုများသည် လမျက်နှာပြင်ပေါ်သို့ ထိခိုက်မှုရှိမရှိနှင့် လမျက်နှာပြင်ရာသီဥတုအခြေအနေအား ပြောင်းလဲမှုရှိ မရှိကိုလည်း အဆိုပါ လေ့လာရေးယာဉ်က စူးစမ်းလေ့လာသွားမည်ဖြစ်သည်။ မကြာမီစမ်းသပ်လွှတ်တင်မည့် လလေ့လာရေးအာကာသယာဉ်ကို အမေရိကန်နိုင်ငံ ဗာဂျီးနီးယားပြည်နယ်တွင် စမ်းသပ်လွှတ်တင်မှုအောင်မြင်ပါက လမျက်နှာပြင်သို့ သတ်မှတ်ရက်တွင် ဗာဂျီးနီးယားအာကာသယာဉ်လွှတ်တင်ရေးစခန်းမှပင် လွှတ်တင်ရန် စီစဉ်ထားသည်။

လာဒီးဟု အမည်ပေးထားသော ၎င်းအာကာသယာဉ်ကို မီနိုတာ-ဗွီဒုံးပျံဖြင့် လမျက်နှာပြင်သို့ စေလွှတ်ရန် နာဆာက စီစဉ်ထားသည်။ လမျက်နှာပြင်တွင် လေ့လာတွေ့ရှိချက်နှင့် ပုံရိပ်များကို ကမ္ဘာမြေပြင်သို့ အမြန်ဆုံး ပြန်လည်ပေးပို့ရန် စီစဉ်ထားသည်။

အာကာဟိန်း-ရေးသည်

ဆောင်းပါး

ကျွန်တော်နဲ့ပညာရေး

ပါမောက္ခဒေါက်တာအောင်ထွန်းသက်

ကျွန်တော့်ဘဝမှာ အလုပ်တွေအများကြီး လုပ်ကိုင်ခွင့်ရခဲ့ပါတယ်။ ပြည်တွင်းမှာရောပြည်ပမှာပါ အလုပ်မျိုးစုံ။ ဒီအလုပ်တွေအထဲမှာ ကျွန်တော် အခင်မင်ဆုံးအလုပ်က ကျောင်းဆရာအလုပ်ဖြစ်တယ်။ တစ်နည်းပြောရရင် ပညာရေးဝန်ထမ်းတစ်ယောက်အနေနဲ့ လုပ်ခဲ့ရတာကို ကျေနပ်တယ်။ သဘောကျတယ်။ ဒါကြောင့်လည်း အခုအချိန်အထိ အခွင့်ရတိုင်း စာသင်တယ်၊ ဟောပြောတယ်၊ဆွေးနွေးတယ်။ ပညာရေးလောကကြီးဟာ အခုခေတ် မြန်မာနိုင်ငံမှာ ရေပန်းစားနေတာတွေ့ရတယ်။ ပညာရေးနဲ့ ပတ်သက်တဲ့ ပြုပြင်ပြောင်းလဲမှုတွေကိုလည်း ပုံစံအမျိုးမျိုးနဲ့ဆွေးနွေးနေကြတယ်။

ကွန်ရက်တွေလည်း အများကြီးပဲ။ နေပြည်တော်မှာလည်း မကြာခဏ အစည်းအဝေးတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်နေကြတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း အခုလိုပဲ ဦးစားပေးပြီးတိုင်ပင်နေကြတယ်။ ဆွေးနွေးနေကြတယ်။ ရန်ကုန်တက္ကသိုလ်နဲ့ ပတ်သက်ပြီးလည်း ပြောနေကြတယ်။

အခုလိုဖြစ်လာတာကို ကျွန်တော့်အနေနဲ့ကြိုဆိုမိပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ ပြောကြ၊ ဆိုကြ၊ ဆွေးနွေးကြတဲ့သူတွေဟာ အမှန်တကယ် ပတ်သက်နေတဲ့သူတွေရဲ့ တစ်စိတ်တစ်ပိုင်းသာဖြစ်တယ်လို့ သုံးသပ်မိပါတယ်။ နေရာတကာမှာ ခေတ်စားတဲ့ဝေါဟာရက Stakeholder ဆိုတဲ့ စကားလုံးဖြစ်တယ်။ အဓိပ္ပာယ်က အကြောင်းအရာတစ်ခု၊ ကိစ္စတစ်ခုနဲ့ ပတ်သက်ပြီး သက်ဆိုင်သူအားလုံးကို ဆိုလိုပါတယ်။ ဥပမာအားဖြင့် စီးပွားရေးလုပ်ငန်းကုမ္ပဏီတစ်ခုဆိုပါစို့။ တစ်ချိန်က ဒီကုမ္ပဏီနဲ့ ပတ်သက်လာရင် ပတ်သက်၊ သက်ဆိုင်သူတွေက Stakeholder တွေဆိုတာ ပိုင်ရှင်၊ အစုရှယ်ယာဝင်တွေကိုသာ အသိအမှတ်ပြုကြတယ်။

ကုမ္ပဏီတစ်ခုမှာ အရေးကြီးဆုံးပုဂ္ဂိုလ်တွေက အစုရှယ်ယာဝင်တွေသာ ဖြစ်တယ်လို့ ယူဆကြတယ်။ တစ်နည်းပြောရရင် အမြင်ကျဉ်းကျဉ်းနဲ့ သုံးသပ်မှုဖြစ်ပါတယ်။ မျက်မှောက်ခေတ်မှာတော့ ကုမ္ပဏီတစ်ခုရဲ့ အစုရှယ်ယာဝင်တွေအပြင် ကုမ္ပဏီနဲ့ပတ်သက်တဲ့ Stakeholder အားလုံးကို ထည့်တွက်ရမယ်လို့ လက်ခံလာကြတယ်။ ကုမ္ပဏီတစ်ခုရဲ့ Stakeholder တွေဟာ ဘယ်သူတွေလဲ။ စောစောက အစုရှယ်ယာဝင်တွေပါဝင်တာတော့အမှန်ပါ။ ဒါပေမယ့် အစုရှယ်ယာဝင်ပိုင်ရှင်တွေသာမက ကုမ္ပဏီဝန်ထမ်းတွေကိုလည်း အလေးထားဖို့လိုတာကိုလည်း လက်ခံလာတယ်။ ဝန်ထမ်းတွေသာမက ကုမ္ပဏီမှထုတ်လုပ်တဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုကို သုံးစွဲတဲ့စားသုံးသူ ဖောက်သည်တွေဟာလည်း အရေးကြီးတာကို အသိအမှတ်ပြုလာတယ်။ ဒီလိုပဲ ကုမ္ပဏီကိုပစ္စည်းတွေသွင်းတဲ့သူတွေဟာလည်း အရေးပါတယ်လို့ လက်ခံလာတယ်။ နောက်ဆုံးအနေနဲ့ ဒီကုမ္ပဏီရပ်တည်နေတဲ့ လူ့အဖွဲ့အစည်းကိုလည်း အသိအမှတ်ပြုလာပါတယ်။ အခုလို ပါဝင်ပတ်သက်သူအားလုံးဖြစ်တဲ့ Stakeholder တွေကို စဉ်းစားမှ ပိုပြီးပြည့်စုံမှာဖြစ်ပါတယ်။

ပညာရေးနဲ့ပတ်သက်လာရင် Stakeholders တွေက ဘယ်သူတွေလဲလို့ အခုထိခွဲခြားပြီး သုံးသပ်နေတာမရှိဘူးလို့ သုံးသပ်မိတယ်။ ကျွန်တော့်အမြင်တော့ ပညာရေးနဲ့ပတ်သက်လာရင် Stakeholders တွေလို့ သတ်မှတ်နိုင်တဲ့ ပညာရေးလောကမှာ ကျင်လည်နေကြတဲ့ ပညာတတ်ပညာရှင်တွေကိုသာ တိုင်ပင်နေလို့မဖြစ်ဘူး။ Stakeholders တွေကို တိုင်ပင်ရင် ပညာတတ် ပညာရှင်တွေအပြင်၊ ကျောင်းသား၊ ကျောင်းသူတွေလည်း ပါဖို့လိုတယ်။ သူတို့တစ်တွေရဲ့ လိုအပ်ချက်ဆန္ဒ၊ မျှော်လင့်ချက်တွေကို သိဖို့အရေးကြီးတယ်။ ဆရာတွေက တစ်ဖက်သတ်ဆုံးဖြတ်တာမျိုး မဖြစ်သင့်ဘူး။

"တို့ငယ်ငယ်တုန်းက တွေ့ကြုံခဲ့တာ ဒီလိုပါ"ဆိုတဲ့ အကြောင်းပြချက်က မလုံလောက်တော့ဘူး။ ယခုခေတ်ကျောင်းသား၊ ကျောင်းသူတွေဟာ အရင်ခေတ်က ကျောင်းသား၊ ကျောင်းသူတွေနဲ့မတူကြတော့ဘူး။ ခံယူချက်၊ တန်ဖိုးထားမှု၊ လိုအပ်ချက်တွေဟာ မတူတော့ဘူး။ ဆရာ၊ ဆရာမတွေ အနေနဲ့ ငယ်ငယ်တုန်းက "တို့ ဒီလိုပဲစဉ်းစားခဲ့တာပဲ"လို့ စဉ်းစားလို့ မဖြစ်တော့ဘူး။ မိဘတွေဟာလည်း အရေးပါလှတဲ့ Stakeholdersတွေ ဖြစ်တယ်။

သူတို့ရဲ့ဆန္ဒ၊ သူတို့ရဲ့အမြင်တွေကိုလည်း ထည့်စဉ်းစားရလိမ့်မယ်။ မိဘတွေရဲ့ ပညာရေးနဲ့ပတ်သက်ပြီး ရှိနေတဲ့လိုအပ်ချက်တွေကို ဖော်ထုတ်ရမှာ ဖြစ်တယ်။

အလုပ်ရှင်တွေဟာလည်း ပညာရေးနဲ့ပတ်သက်လာရင် အလွန်အရေးကြီးတဲ့ Stakeholder တွေဖြစ်တယ်။ ပညာသင်ပြီးတဲ့သူတွေကို အလုပ်ရှင်တွေက အသုံးချရတာဖြစ်တယ်။ ဒါကြောင့်လည်း သူတို့ရဲ့လိုအပ်ချက်ကို ဖော်ထုတ်ဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တော်လှန်ရေးအစိုးရ လက်ထက်ကစပြီး ပညာရေးစနစ်ကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားခဲ့တယ်။ ဆိုရှယ်လစ်စနစ်ကို အထောက်အကူဖြစ်စေမယ့် ပညာရေးစနစ်ကိုဖန်တီးလိုတဲ့အတွက် အကောင်းပကတိရှိနေတဲ့စနစ်တစ်ခုကို ဖျက်ဆီးခဲ့တယ်။

တစ်ချိန်တုန်းက အာရှမှာ နာမည်ကြီးလှတဲ့ မြန်မာ့ပညာရေးစနစ်ကို ရိုက်ချိုးလိုက်တယ်။ ကျဉ်းမြောင်းလှတဲ့ အမျိုးသားရေးဝါဒကြောင့် အခြေခံနဲ့ အထက်တန်းပညာတွေကို စနစ်တကျဆောင်ရွက်နေတဲ့ သာသနာပြုကျောင်းတွေကို ပြည်သူပိုင်သိမ်းခဲ့တယ်။ ဝါရင့်ဆရာ၊ ဆရာမတွေကို ပြည်နှင်ဒဏ်ပေးခဲ့တယ်။ နာမည်ကျော် Oxford တက္ကသိုလ်၊ Cambridge တက္ကသိုလ်ကို နမူနာယူပြီး အဆင့်မြင့်မြင့်သင်ကြားနေတဲ့ ရန်ကုန်တက္ကသိုလ်ကို ခွဲထုတ်ပြီး ဆိုရှယ်လစ်သဘောသက်ရောက်တဲ့ တက္ကသိုလ်တွေ တည်ထောင်ခဲ့တယ်။ အင်္ဂလိပ်စာကိုလည်း ပဉ္စမတန်းမှ စသင်ရမယ်လို့ သတ်မှတ်ခဲ့တယ်။

နောက်တစ်ကြိမ်လုပ်ခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုက တက္ကသိုလ်မှာ ဒေသကောလိပ်တွေ ထည့်ဖွင့်ခဲ့တဲ့ကိစ္စပဲဖြစ်တယ်။ ဒီဒေသကောလိပ်ဟာ အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ Community College ရဲ့ ပုံတူကိုယူခဲ့တာ။ အမေရိကန်ပြည်ထောင်စုမှာ တက္ကသိုလ်မတက်နိုင်သူတွေသာ Community College ကို တက်ကြတာဖြစ်တယ်။ နှစ်နှစ်သင်တန်းတွေဖြစ်ပြီး ဘွဲ့မပေးဘူး။

ဒီလိုနဲ့ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ ပုံစံတစ်မျိုးနဲ့ ပညာရေးစနစ်ကို ပြင်ခဲ့ပြန်တယ်။ တကယ်တော့ ရင်ဆိုင်နေရတာက နိုင်ငံရေးပြဿနာ။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ ပညာရေးစနစ်ကို တရားခံအဖြစ် အသုံးချခဲ့တယ်။ ဒါကြောင့်လည်း သွားလို့၊ လာလို့ ခက်ခဲတဲ့ဝေးလံလှတဲ့နေရာတွေမှာ တက္ကသိုလ်တွေဖွင့်ခဲ့တယ်။ အင်မတန်မှ အဆင့်အတန်းရှိလှတဲ့ အဆောင်စနစ်ကိုဖျက်ခဲ့တယ်။

ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနမှာတာဝန်ယူစဉ် ဝန်ကြီးဖြစ်သူရဲ့ တာဝန်ပေးချက်အရ ရန်ကုန်မြို့လယ်မှာ သူနာပြုတက္ကသိုလ်အသစ်တစ်ခုဖွင့်ဖို့ ဆောင်ရွက်နိုင်ခဲ့တယ်။ ကျောင်းသူတွေနေဖို့ အဆောင်လည်း ဖွင့်ပေးနိုင်ခဲ့တယ်။ အဆောင်တွေပိတ်လိုက်တော့ ကျောင်းသူတွေဟာ အနီးအနားမှာရှိတဲ့ သရက်တော ကျောင်းတိုက်မှာနေကြရရှာတယ်။ ရှိနေတဲ့အဆောင်တွေကျတော့ ဒီအတိုင်းထားတာ။ ဒါကြောင့် ရန်ကုန်တက္ကသိုလ်ဝင်းထဲ စာသင်ဖို့သွားတဲ့ မနက်တိုင်း ပျက်စီးနေတဲ့ ရွှေဘိုဆောင်တို့၊ စစ်ကိုင်းဆောင်တို့၊ ပဲခူးဆောင်တို့ကို မြင်ရရင် ရင်ထဲကနာတယ်။ စိတ်မကောင်းဖြစ်ရတယ်။

ခေတ်အဆက်ဆက် ပညာရေးပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်တဲ့အခါ တာဝန်ရှိသူတွေက သူတို့ဖြစ်ချင်တာ၊ လိုချင်တာကို သတ်မှတ်ဖော်ထုတ်မှာ

> **အမှန်တော့ ပညာရေးဟာ လူ့အခွင့်အရေးတစ်ရပ်ပါ။ နိုင်ငံသားတိုင်းမှာ ပညာသင်ခွင့် အခွင့်အရေးရှိပါတယ်။ ဒီပညာရေးအခွင့်အရေးကို ပေးရမယ့်တာဝန်က နိုင်ငံတော်မှာရှိပါတယ်။ တစ်ဖက်ကတော့ ဒီအခွင့်အရေးရှိတာနဲ့အမျှ ကလေးတွေရော၊ မိဘတွေပါ ဒီပညာရေးအခွင့်အရေးကို ရအောင်ယူဖို့ တာဝန်ရှိပါတယ်။ ကျွန်တော်အမြဲပြောနေသလို လူတိုင်းမှာ လူ့အခွင့်အရေးခံစားခွင့်ရှိသလို လူတိုင်းမှာလည်း တာဝန်တွေရှိပါတယ်။**

ဖြစ်ပါတယ်။ ဒါကသူတို့ရဲ့ကိစ္စဖြစ်တယ်။ ဒါပေမယ့် ဒါတွေလုပ်သင့် မလုပ်သင့်ကို ပြောဖို့ တာဝန်ရှိတဲ့သူတွေက ပညာတတ်၊ ပညာရှင်လို့ပြောတဲ့ ကျွန်တော်တို့ပဲဖြစ်တယ်။ လူကြီးအကြိုက်လိုက်ပြီး လုပ်ခဲ့တာက ပညာတတ်တွေ၊ ဒီလိုမလုပ်သင့်ဘူး၊ မဖြစ်သင့်ဘူး၊ ဆက်ပြီးလုပ်ရင် လက်မခံနိုင်တာမို့ အလုပ်ကထွက်တဲ့သူ တစ်ဦးတစ်ယောက်မှမရှိခဲ့ဘူး။ သတ္တိတွေနည်းခဲ့ကြတယ်။ အခုအချိန်လည်း ပညာရှိတွေ၊ ပညာတတ်တွေက ဆွေးနွေးနေကြပြန်ပြီ။

ကျွန်တော်ကတော့ မြန်မာ့ပညာရေးလောကနဲ့ပတ်သက်လို့ စောစောက ပြောတဲ့ Multistakeholder ပါဝင်ပတ်သက် သက်ဆိုင်သူတွေအားလုံးနဲ့ တိုင်ပင်ပြီး အဖြေတွေရှာစေချင်တယ်။ ဒါမှရလာတဲ့အဖြေတွေဟာ ပတ်သက်သူအားလုံးအတွက် အကျိုးရှိနိုင်မှာ။ လက်ရှိပညာရေးစနစ်ရဲ့ အခြေခံအားနည်းချက်က သင်ကြားမှု Teachingကို ဦးစားပေးခြင်းဖြစ်တယ်။ တတ်တဲ့ဆရာဆရာမတွေက မတတ်တဲ့ ကျောင်းသား ကျောင်းသူတွေကို သင်ကြားနေတဲ့စနစ်ဖြစ်တယ်။ တစ်နည်းပြောရရင် "Outside-in" "အပြင်ကအတွင်း"သို့ စနစ်ဖြစ်တယ်။ သင်ရိုးညွှန်းတမ်းတွေကို မပြီး ပြီးအောင်ဖိသင်တယ်။

အမှန်ဖြစ်သင့်တာက ကျောင်းသား ကျောင်းသူတွေရဲ့ Thinking (စဉ်းစားတွေးခေါ် ချင့်ချိန်နိုင်တဲ့)အရည်အချင်းတွေကို မွေးထုတ်ရမှာဖြစ်တယ်။ စဉ်းစားတတ်တဲ့သူတွေဖြစ်အောင် ဖန်တီးဖို့လိုအပ်ပါတယ်။ ပိုပြီးလိုအပ်တာက "Inside-out" "အတွင်းကအပြင်"ထုတ်နိုင်တဲ့ ချဉ်းကပ်မှု၊ ကျောင်းသား ကျောင်းသူရဲ့ကိုယ်ပိုင်အတွေးအခေါ်ကို ဆရာလုပ်သူက ထုတ်ယူနိုင်ဖို့ဖြစ်တယ်။ ကျောင်းသား ကျောင်းသူတိုင်းမှာအသိရှိတယ်။ စဉ်းစားတတ်တယ်။ သူတို့မှာ ရှိတာတွေကို ဆရာလုပ်သူက ဖော်ထုတ်ပေးရမှာဖြစ်တယ်။

နောက်တစ်ချက်က စာမေးပွဲစနစ်ဖြစ်တယ်။ အခုစာမေးပွဲစနစ်က ကျောင်းသားတွေကို အလွတ်ကျက်စေတဲ့စနစ်၊ ဆရာ၊ ဆရာမသင်ကြားသမျှကို "၏၊ သည်" မရွေးပြန်ပြီးအန်နိုင်ဖို့လိုတဲ့စနစ်၊ မိမိအတွေး၊ မိမိစိတ်ကူးနဲ့ဖြေရင် စာမေးပွဲကျတဲ့စနစ်။ ဒီစာမေးပွဲစနစ်ကို မပြောင်းနိုင်ရင် ထိရောက်တဲ့ပြုပြင်ပြောင်းလဲမှုတွေ လုပ်နိုင်ဖို့ခဲယဉ်းလှပါတယ်။ တလောက ထိုင်းသတင်းစာ Nation ဆောင်းပါးတစ်ပုဒ်ကိုဖတ်ပြီး စိတ်မကောင်းဖြစ်ရတယ်။

သူတို့နိုင်ငံမှာရှိတဲ့ လူမျိုးစုတစ်စုဖြစ်တဲ့ အခါလူမျိုးတွေရဲ့ ကျောင်းနေရွယ် ကလေးတွေကို ထိုင်းအစိုးရကကျောက်သင်ပုန်းကွန်ပျူတာတွေကို အခမဲ့ဝေတဲ့သတင်း။ ကျောက်သင်ပုန်းကွန်ပျူတာဆိုလို့ အထင်သေးလို့မရဘူး။ ဒီကွန်ပျူတာထဲမှာ သူငယ်တန်းကနေ မူလတန်းပြီးတဲ့အထိ အတန်းငါးတန်းအတွက် ဘာသာရပ်အားလုံးရဲ့ စာအုပ်တွေ၊ လေ့ကျင့်ခန်းတွေ၊ စာမေးပွဲအားလုံးထည့်ထားတယ်။ ကျောင်းသားဟာ ဘာစာအုပ်၊ ဘာစာရေးကိရိယာမှ မလိုတော့ဘူး။ ကျောက်သင်ပုန်းကွန်ပျူတာကိုသုံးပြီး မိမိအရှိန်နဲ့ ကိုက်ညီအောင် ပညာသင်လို့ရတယ်။ ဒါကြောင့် ပညာရေးလောကမှာ နည်းပညာတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်နိုင်ဖို့ အထူးလိုအပ်နေတာတွေ့ရတယ်။

နောက်စိန်ခေါ်မှုကတော့ လောကနှစ်ပါးကို ပေါင်းစပ်ဖို့ဖြစ်တယ်။ ကျွန်တော့်အနေနဲ့ သုံးသပ်ရင် ပညာရေးလောကနဲ့ အလုပ်ခွင်လောက၊ ဒီလောကနှစ်ပါးဟာ ချိတ်ဆက်မှုမရှိလှဘူး။ ကျောင်းတွေမှာ နှစ်သက်ရာတွေ သင်ကြားနေတယ်။ အလုပ်ခွင်အတွက် အကျိုးရှိ မရှိ သိပ်မစဉ်းစားလှဘူး။ ဒါကြောင့်လည်း ဘွဲ့ရကျောင်းသား၊ ကျောင်းသူတွေကို အလုပ်ထဲမှာ ချက်ချင်း အသုံးချနိုင်စွမ်းမရှိတာတွေ့ရတယ်။ ဒီစိန်ခေါ်မှုကို စောစောက ကျွန်တော်တင်ပြခဲ့တဲ့ Stakeholder အချင်းချင်း တိုင်ပင်ဆွေးနွေးပြီး အဖြေရှာရမှာ ဖြစ်တယ်။

ကျွန်တော့်စိတ်ထဲမှာ အခြေခံပညာရေးစနစ်တစ်ခုလုံးဟာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်တက်နိုင်အောင် ဖန်တီးထားတဲ့ပုံစံဖြစ်နေတယ်။ ပညာရေးလမ်းခရီးကို ဆုံးခန်းတိုင်မတက်နိုင်တဲ့ အကြောင်းကြောင်းကြောင့် ကျောင်းထွက်ရတဲ့ကလေးတွေအတွက် မစဉ်းစားဘူး။ ကျောင်းသား၊ ကျောင်းသူတိုင်းဟာ ဆယ်တန်းအထိ ပညာသင်ခွင့်မရကြပါဘူး။

တချို့က မူလတန်းကထွက်ကြတယ်။ တချို့က ရှစ်တန်းအောင်ပြီး အလုပ်ခွင်ထဲရောက်သွားကြတယ်။ ကျွန်တော် ဥပမာတစ်ခုပေးချင်ပါတယ်။ ကလေးတစ်ယောက်ဟာ ကျောင်းကို တစ်နှစ်ပဲတက်နိုင်တယ်ဆိုပါစို့။ သူငယ်တန်းတက်ပြီး ပထမတန်းမတက်နိုင်တဲ့ကလေးဟာ သူငယ်တန်းမှာ ဘာတွေသင်ခဲ့ရသလဲ။ သူဟာ ပထမတန်းတက်နိုင်မယ့် စာတွေကိုသာ သင်ခဲ့ရတယ်။ သူ့အနေနဲ့ တစ်သက်လုံး တစ်နှစ်ပဲ စာသင်ကြားခွင့်ရရင် အခုလို ပထမတန်းတက်ဖို့စာတွေသင်ကြားမယ့်အစား သူ့ဘဝအတွက် အကျိုးရှိနိုင်မယ့် ဘဝတစ်သက်တာကျွမ်းကျင်မှုတွေကို သင်ကြားသင့်တယ်။

အခုတော့ မူလတန်းရဲ့ သင်ရိုးညွှန်းတမ်းဟာ ပထမနှစ်တက်နိုင်မယ့် ပညာတွေကိုသာ သင်ပေးတာဖြစ်တယ်။ ပညာရေးကို ဘဝနဲ့ယှဉ်ပြီး စဉ်းစားနိုင်မှ လူအများအတွက်အဓိပ္ပာယ်ရှိနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ကလေးတိုင်း ကျောင်းမတက်နိုင်ဘူး။ ကျောင်းမနေနိုင်ကြဘူး။ ဝမ်းစာရှာစားကြရတယ်။ အလုပ်ခွင်မှာ ပါဝင်ကြရတယ်။ လက်ဖက်ရည်ဆိုင်တွေမှာ၊ ကားပြင်တဲ့နေရာတွေမှာ ကလေးတွေ အလုပ်လုပ်နေကြရတယ်။ တစ်ဖက်ကလည်း ကျောင်းတက်နိုင်တဲ့ ကလေးတွေ အဖို့တောင် ကျောင်းအထိရောက်အောင်သွားရတာ မလွယ်ဘူး။ တချို့ဆိုရင် တစ်နေ့ကို ၃/၄ မိုင် ခရီးလျှောက်ရတာ။

ဒါကြောင့်လည်း တော်ရုံတန်ရုံဇွဲမရှိဘဲ ကျောင်းမပြီးနိုင်တော့ဘူး။ ခုလိုဖြစ်ရတဲ့ အခြေခံက ကလေးတွေက ကျောင်းကိုသွားနေရလို့ဖြစ်တယ်။ ကျောင်းက ကလေးတွေဆီမသွားဘူး။

ကျွန်တော်က ဒီလိုပြောရင် ခပ်ကြောင်ကြောင်လို့ အပြစ်တင်ကြလိမ့်မယ်။ အမှန်တော့ကျောင်းကို ကလေးတွေဆီအရောက်ပို့နိုင်ပါတယ်။ ကျောင်းဟာ ဘာလဲ။ အဆောက်အအုံရှိမှ ကျောင်းမဟုတ်ဘူး။

UNICEF အဖွဲ့အစည်းဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာရှိတဲ့ ကလေးသူငယ်တွေရဲ့ ပညာရေး အခွင့်အရေးမဆုံးရှုံးရအောင် School-in-a-boxလို့ ခေါ်နိုင်တဲ့ ကျောင်းတစ်ကျောင်းအတွက် လိုအပ်မယ့် သင်ထောက်ကူ ပစ္စည်းအားလုံးကို ပုံးတစ်ပုံးထဲထည့်နိုင်အောင် ကြိုးစားတယ်။ ဒီပုံးရှိရင် နေရာတိုင်းမှာ ကျောင်းဖွင့်လို့ရတယ်။ ရပ်ကွက်တစ်ကွက်မှာရှိတဲ့ လက်ဖက်ရည်ဆိုင်မှာ အလုပ်လုပ်နေတဲ့ ကလေးတွေကို တစ်နေ့မှာ တစ်နာရီ၊ နှစ်နာရီလောက် အလုပ်ရှင်တွေဆီက ခွင့်တောင်းပြီး သင့်တော်မယ့် နေရာတစ်နေရာမှာ ကျောင်းဖွင့်ပြီး ပညာရေးအခွင့်အရေးပေးလို့ ရပါတယ်။ ကတ်သီးကတ်သတ် ပြောနေတယ်လို့ မယူဆစေချင်ပါဘူး။

ပညာရေးနဲ့ပတ်သက်ပြီး ဆွေးနွေးနေကြတာကို ဖတ်ရှုလေ့လာနားထောင်ကြည့်တဲ့အခါ မကြားရတဲ့ အသုံးအနှုန်း၊ မသုံးကြတဲ့ ဝေါဟာရတစ်ခုကို သတိပြုမိတယ်။ ပညာရေးနဲ့ ပတ်သက်လာရင် နိုင်ငံတော်က စေတနာနဲ့ ပညာရေးအခွင့်အလမ်းတွေပေးတယ်။ လိုအပ်တဲ့ ဘတ်ဂျက်ငွေကြေးတွေ တိုးပြီးသုံးစွဲတယ်လို့ ပြောကြဆိုကြတယ်။ **အမှန်တော့ ပညာရေးဟာ လူ့အခွင့်အရေးတစ်ရပ်ပါ။ နိုင်ငံသားတိုင်းမှာ ပညာသင်ခွင့် အခွင့်အရေးရှိပါတယ်။ ဒီပညာရေး အခွင့်အရေးကိုပေးရမယ့်တာဝန်က နိုင်ငံတော်မှာရှိပါတယ်။ တစ်ဖက်ကတော့ ဒီအခွင့်အရေးရှိတာနဲ့အမျှ ကလေးတွေရော၊ မိဘတွေပါ ဒီပညာရေးအခွင့်အရေးကိုရအောင်ယူဖို့တာဝန်ရှိပါတယ်။ ကျွန်တော်အမြဲပြောနေသလို လူတိုင်းမှာ လူ့အခွင့်အရေး ခံစားခွင့်ရှိသလို လူတိုင်းမှာလည်း တာဝန်တွေရှိပါတယ်။**

မိသားစုအနေနဲ့ဖြစ်စေ၊ နိုင်ငံတော်အနေနဲ့ဖြစ်စေ၊ ပညာရေးနဲ့ ပတ်သက်လာရင် အသုံးစရိတ်၊ ကုန်ကျစရိတ်ဆိုပြီး မစဉ်းစားစေချင်ဘူး။ လွှတ်တော်မှာ ပညာရေးအသုံးစရိတ်တွေ ယခင်ကထက် တိုးပြီးသုံးစွဲမယ်လို့ ကြေညာတာ ဖတ်လိုက်တဲ့အခါ ပညာရေးအပေါ်မှာထားတဲ့ Mind-Set (စိတ်သဘောထား) ပြောင်းဖို့လိုပြီလို့သတိပြုမိပါတယ်။ ပညာရေးနဲ့ ပတ်သက်လာရင် အသုံးစရိတ်မဟုတ်ပါဘူး။ တကယ်တော့ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံမှုသာဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်တဲ့ စရိတ်စက၊ အသုံးစရိတ်တွေကို ယခုလိုအပြင် အယူအဆပြောင်းပြီး ရင်းနှီးမြှုပ်နှံမှုလို့ စဉ်းစားနိုင်ရင် ကျွန်တော်တို့ မျှော်မှန်းတောင့်တတဲ့ ပညာရေးကို အလေးထားတဲ့၊ တန်ဖိုးထားတဲ့ လူ့အဖွဲ့အစည်းဖြစ်လာလိမ့်မယ်လို့ ယုံကြည်မိပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှု ဆောင်ရွက်ချက်တွေနဲ့ ပတ်သက်လာရင် လုပ်ရည်ကိုင်ရည်၊ စွမ်းဆောင်မှု (Capacity) ဟာ သော့ချက်ဖြစ်ပါတယ်။ ဒီစွမ်းဆောင်မှုကို ဆောင်ရွက်အားပေးနိုင်တာက ပညာရေးသာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပညာရှာတဲ့သူများ မွေးထုတ်နိုင်ပါစေ။

တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့်ဘောလုံးပြိုင်ပွဲ ဗိုလ်လု

ရန်ကုန် ဩဂုတ် ၂၅

၂၀၁၂- ၂၀၁၃ ခုနှစ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အဆင့် အမျိုးသား၊ အမျိုးသမီးဘောလုံးပြိုင်ပွဲ ရန်ကုန်ဇုန်(၁)၊ ရန်ကုန်ဇုန်(၂) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၄ နာရီက ကမာရွတ်မြို့နယ် သထုံလမ်းရှိ တက္ကသိုလ်များဘောလုံးကွင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများသည် တောင်ငူတက္ကသိုလ် အမျိုးသားဘောလုံးအသင်းနှင့် ရန်ကုန်ပညာရေးတက္ကသိုလ် အမျိုးသားဘောလုံးအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် **(ယာပုံ)**၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ဇုန်အလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရအသင်းများနှင့် အကောင်းဆုံး ဆုရအားကစားသမားများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❀ ကျောဖုံးမှ

ကာယဗလ၊ ဟော်ကီအားကစားပွဲများ ကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ အားကစားနည်း ခုနစ်မျိုးကို ရန်ကုန်မြို့ရှိ အားကစားရုံနှင့် အားကစားကွင်း ခြောက်ခုတို့တွင် လက်ခံကျင်းပရန် စီစဉ်ထားသည်ဟု အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ဘောလုံးပြိုင်ပွဲအတွက် အမျိုးသား၊ အမျိုးသမီး ပွဲစဉ်အချို့ကို ရန်ကုန်မြို့ သုဝဏ္ဏအမျိုးသားအားကစားရုံနှင့် လှူငယ်လေ့ကျင့်ရေးအားကစားကွင်းတို့၌ ကျင်းပရန် စီစဉ်ထားသည်။ အုပ်စုပွဲစဉ်များကို ရန်ကုန်တွင်ကျင်းပပြီး နောက်ဆုံးပွဲစဉ်များကို နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းအတွက် ဘောလုံးကွင်း ပြင်ဆင်မှုများ ပြီးစီးနေပြီဖြစ်သည်။

နပန်း အားကစားပြိုင်ပွဲကိုလည်း သုဝဏ္ဏရှိ အမျိုးသားအားကစားရုံ၌ ကျင်းပရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံမှ ပြိုင်ပွဲဝင်နပန်းသမားများသည် တူရကီနိုင်ငံသို့ သွားရောက်လေ့ကျင့်မှုများပြုလုပ်နေပြီး ရွှေတံဆိပ်များ ရယူနိုင်ရေးမျှော်မှန်းထားသည်။ နပန်းပြိုင်ပွဲအတွက် လက်ခံကျင်းပမည့် အားကစားရုံသည်လည်း ပြင်ဆင်မှုများ ပြုလုပ်ပြီးဖြစ်သည်။

တစ်ဖန် သေနတ်ပစ်ပြိုင်ပွဲကိုလည်း ရန်ကုန်မြို့မြောက်ဥက္ကလာပရှိ သေနတ်ပစ်အားကစားရုံတွင် ကျင်းပရန်စီစဉ်ထားရာ တည်ဆောက်ပြင်ဆင်မှုများ အပြီးသတ်အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ လောလောဆယ်တွင် အဆိုပါသေနတ်ပစ်အားကစားရုံ၌ သေနတ်ပစ်ပြိုင်ပွဲ ၁၂ ပွဲ ကျင်းပရန် စီစဉ်ထားသည်။

ထို့အတူ ကမ်ပိုအားကစားပြိုင်ပွဲကိုလည်း သုဝဏ္ဏရှိ အမျိုးသားအားကစားရုံ၌ကျင်းပမည်ဖြစ်သည်။ ကမ်ပိုအားကစားသမား အမျိုးသား ၁၉ ဦးနှင့် အမျိုးသမီး ၁၄ဦးတို့ကို လောလောဆယ်တွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ ၄င်းအားကစားသမားများကို အင်ဒိုနီးရှားနည်းပြများဖြင့် စနစ်တကျလေ့ကျင့်လျက်ရှိပြီး ပြည်ပပြိုင်ပွဲများကို သွားရောက်ယှဉ်ပြိုင်စေလျက်ရှိသည်။ ကမ်ပိုကစားသမားများအနေဖြင့် ရွှေတံဆိပ်ရယူပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

ထို့အပြင် အလေးမအားကစားပြိုင်ပွဲကိုလည်း ရန်ကုန်မြို့ သိမ်ဖြူကွင်းရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရန် စီစဉ်ထားသည်။ အဆိုပါ အားကစားရုံကို နောက်ဆုံးအဆင့် ပြင်ဆင်မှုများပြုလုပ်ထားပြီး ပြည်ပသို့ သွားရောက်လေ့ကျင့်မှုများပြုလုပ်ပြီးနောက် အလေးမအားကစားသမားများ ပြန်လည်ရောက်ရှိလာပြီး ဆက်လက်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။

တစ်ဖန် ကာယဗလပြိုင်ပွဲကို ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာအဆောက်အအုံ၌ ကျင်းပရန် စီစဉ်ထားသည်။ ပြိုင်ပွဲဝင်ကာယဗလ မောင်မယ်များ နေ့စဉ်လေ့ကျင့်မှုများ ပြုလုပ်နေလျက်ရှိပြီး အထောက်အကူပြု အားကစားပစ္စည်းများ အစုံအလင်ဖြင့် လေ့ကျင့်နေကြခြင်းဖြစ်သည်။

ဆက်လက်ပြီး ဟော်ကီအားကစားပြိုင်ပွဲကို သိမ်ဖြူကွင်းတွင် ကျင်းပရန်စီစဉ်ထားရာ အားကစားကွင်း ပြင်ဆင်မှုများ ပြုလုပ်ပြီးစီးနေပြီဖြစ်သည်။ ပြိုင်ပွဲဝင်အားကစားသမားများ လေ့ကျင့်မှုများပြုလုပ်နေပြီး ပြိုင်ပွဲဝင်ရန် ပြင်ဆင်မှုများလည်း အပြီးသတ်ပြုလုပ်နေပြီဖြစ်သည်။

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဝင် အားကစားနည်းအချို့ကို ရန်ကုန်မြို့၌ကျင်းပရန် စီစဉ်ထားရာ ပြိုင်ပွဲကျင်းပရန် ပြင်ဆင်မှုများ နောက်ဆုံးအပြီးသတ်ပြုလုပ်နေပြီဖြစ်ရာ အောင်မြင်မှုများရရှိရေးအတွက် ကြိုးစားရန်သာလိုပါကြောင်း ရေးသားလိုက်ပါသည်။

(မြန်မာ့အလင်း)

မုံးစီး ရုပ်/သံထပ်ဆင့်လွှင့်စက် ချွတ်ယွင်းမှုကြောင့် ထုတ်လွှင့်မှု ပြတ်တောက်ခဲ့ခြင်းနှင့် ပြန်လည်ထုတ်လွှင့်နိုင်မှုအခြေအနေအသိပေး

နေပြည်တော် ဩဂုတ် ၂၅

လားရှိုးဇုန်နယ်ခွဲအတွင်းရှိ မုံးစီး ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ထပ်ဆင့်ထုတ်လွှင့်နေသော 10W TVTX (ABE, Ch-7) လွှင့်စက်သည် ၂၀-၈-၂၀၁၃ ရက် ညနေပိုင်း အစီအစဉ်ထုတ်လွှင့်ချိန်တွင် မိုးကြိုးပစ်ခတ်မှုကြောင့် လွှင့်စက်ချွတ်ယွင်းပြီး ထုတ်လွှင့်မှုပြတ်တောက်ခဲ့သည်။

လားရှိုးစက်ရုံတွင်ရှိသော အရန်လွှင့်စက် 10 W TVTX (CTEF, Ch-5) ဖြင့် အစားထိုး၍ ၂၄-၈-၂၀၁၃ ရက် ညနေ ၆ နာရီမှစတင်၍ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များကို ပုံမှန်အတိုင်း ပြန်လည်ထုတ်လွှင့်လျက်ရှိကြောင်းနှင့် လွှင့်စက်ပြုပြင်ပြီးစီးပါက မူလလွှင့်စက် (Ch-7) ဖြင့် ပြန်လည်ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကန့်ဘလူမြို့နယ်၌ မိန်းကလေးတစ်ဦးအား ကာယိန္ဒြေပျက်ပြားအောင်ပြုလုပ်၍ အနိုင်ကျင့်စော်ကားရန် ကြိုးစားရာမှအစပြုပြီး လူအုပ်စုဖြင့် မီးရှို့ဖျက်ဆီးမှုများဖြစ်ပွား

နေပြည်တော် ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယမန်နေ့က အမျိုးသမီးတစ်ဦးအား အမျိုးသားတစ်ဦးက ကာယိန္ဒြေပျက်ပြားအောင်ပြုလုပ်၍ အနိုင်ကျင့်စော်ကားရန် ကြိုးစားရာမှ အစပြုပြီး မကျေနပ်သူ လူအုပ်စုက ဈေးဆိုင်နှင့် နေအိမ်အချို့အား မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း၊ တာဝန်ရှိသူများက မီးရှို့ဖျက်ဆီးမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး မီးရှို့ဖျက်ဆီးသူဟု ယူဆရသူများအား ဖမ်းဆီးထိန်းသိမ်း စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

ယမန်နေ့ ညနေ ၆ နာရီခွဲခန့်တွင် ကန့်ဘလူမြို့နယ် ထန်းကုန်းကျေးရွာအုပ်စု ဇီးပင်သာကျေးရွာနေ အမျိုးသမီးတစ်ဦးသည် ထန်းကုန်းကျေးရွာရှိ ဆံပင်ရောင်း/ဝယ်ဆိုင်မှ ပြန်လာစဉ် ထန်းကုန်းကျေးရွာနှင့် ဇီးပင်သာကျေးရွာကြားအရောက် ထန်းတောကျေးရွာနေ ဆန်းမင်းဦး(ဘ) ဦးဆန်းဝင်းက လက်ဆွဲပြီး ဖက်လုံးကာ အနိုင်ကျင့်စော်ကားရန် ကြိုးစားခဲ့ကြောင်း၊ ထိုအချိန်တွင် ဇီးပင်သာကျေးရွာဘက်မှ အမျိုးသားတစ်ဦး ရောက်ရှိလာသဖြင့် ဆန်းမင်းဦးသည် ထန်းကုန်းကျေးရွာဘက်သို့ ထွက်ပြေးသွားခဲ့သော်လည်း ဝိုင်းဝန်းဖမ်းဆီးသဖြင့် ဖမ်းဆီးရမိခဲ့ကြောင်း၊ ဆန်းမင်းဦးအား ထန်းကုန်းရဲစခန်းမှတစ်ဆင့် ကန့်ဘလူ မြို့မရဲစခန်းသို့ ပြောင်းရွှေ့ချုပ်နှောင်ခဲ့ပြီး မလိုလားအပ်သော ပြဿနာများ မဖြစ်ပွားစေရေးအတွက် ညပိုင်းတွင် ရွှေဘိုအကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ကြောင်း။

ည ၇ နာရီခွဲခန့်တွင် ထန်းကုန်းကျေးရွာနှင့် ဇီးပင်သာကျေးရွာတို့မှ ရွာသူ ရွာသား ၁၅၀ခန့်သည် ထန်းကုန်းရဲစခန်းသို့ ရောက်ရှိလာပြီး ဆန်းမင်းဦးအား ထုတ်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ ထို့နောက် လူအုပ်စုသည် သံလမ်းဘေးရှိ ဈေးဆိုင်နှင့် နေအိမ်အချို့အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်တာဝန်ရှိသူများသည် ည ၈ နာရီခန့်တွင်ရောက်ရှိပြီး ဆူပူအကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရန် ထိန်းသိမ်းဆောင်ရွက်နေသည့်ကြားမှ အဆိုပါလူအုပ်စုသည် ည ၉ နာရီခန့်တွင် ကြက်ခြံတစ်ခြံ၊ ဈေးဆိုင်နှစ်ဆိုင်နှင့် ဆန်ပွဲရုံတစ်ခု၊ လူနေအိမ်တစ်လုံးတို့အား ဆက်လက်ဖျက်ဆီးမီးရှို့ခဲ့ကြသည်။

ထို့နောက် ည ၁၀ နာရီခွဲခန့်တွင် ရပ်ကွက်(၁)မှ လက်ဖက်ရည်ဆိုင်နှင့် ဆန်ပွဲရုံ၊ ကွမ်းယာဆိုင်တို့အား မီးရှို့ခဲ့ရာ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့ ရောက်ရှိပြီး ဆူပူမှုအား ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။

ယင်းလူစုသည် ယနေ့နံနက် ၁ နာရီခန့်တွင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရောက်ရှိလာသော လူအင်အား ၁၀၀၀ ခန့်နှင့် ရပ်ကွက်(၃)ရှိ နေအိမ်များအား ဆက်လက်မီးရှို့ရန်ရောက်ရှိလာစဉ် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လုံခြုံရေးအဖွဲ့များ ရောက်ရှိပြီး ရွှေဘိုခရိုင် ရဲတပ်ဖွဲ့မှူးက လူအုပ်စုအား မီးမရှို့ရန်နှင့် ရှေ့ဆက်မတက်ရန် တားမြစ်ရာ လူအုပ်စုက လေးခွများဖြင့်ပစ်ခတ်သဖြင့် နံနက် ၁ နာရီ ၁၅ မိနစ်ခန့်တွင် သေနတ်ပစ်ဖောက် လူစုခွဲခဲ့ရသည်။

ထိုသို့တားမြစ်စဉ်အတွင်း မီးငြိမ်းသတ်နေသည့် မီးသတ်ကားများအား ဆည်ရေသွယ်မြောင်းမှ ရေဖြည့်၍ မရအောင် တားမြစ်ခြင်းကြောင့် ဒုတိယအကြိမ် သေနတ်ပစ်ဖောက် အသိပေးပစ်ခတ်ခဲ့ရာ လူအုပ်စုများ လူစုကွဲသွားပြီး မီးသတ်ကားများ ရေဖြည့်နိုင်ကာ မီးငြိမ်းသတ်ခြင်းကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

ရဲတပ်ရင်းမှ တပ်ဖွဲ့ဝင်များသည်လည်း ထန်းကုန်းကျေးရွာသို့ နံနက် ၃ နာရီကျော်ခန့်တွင် ရောက်ရှိပြီး လုံခြုံရေးကိစ္စရပ်များနှင့် မီးငြိမ်းသတ်ခြင်းတို့ကို ကူညီဆောင်ရွက်ခဲ့ကြသဖြင့်လည်းကောင်း၊ မီးသတ်တပ်ဖွဲ့ဝင် ၇၀ ခန့်က မီးသတ်ကား ၁၀ စီးဖြင့် မီးငြိမ်းသတ်ခဲ့မှုကြောင့်လည်းကောင်း နံနက် ၃နာရီခွဲခန့်တွင် မီးညွန့်ကျိုးခဲ့ကြောင်း၊ ဖြစ်စဉ်တွင် နေအိမ် ၄၄ လုံး မီးလောင်ပျက်စီးခဲ့ကာ ရွာအတွင်းရှိ ဈေးဆိုင်ကိုးဆိုင်၊ အိမ်ဆိုင် လေးဆိုင် ဖျက်ဆီးခြင်းခံခဲ့ရကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အခြားတစ်ဦးတို့ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ဖြစ်ပွားလျှင် ဖြစ်ပွားချင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကန့်ဘလူမြို့သို့ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးအား လည်းကောင်း၊ ရေဦးမြို့သို့ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးအား လည်းကောင်း စေလွှတ်၍ ကွပ်ကဲဆောင်ရွက်စေခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး၊ တိုင်းဒေသကြီး တရားသူကြီး၊ တိုင်းဒေသကြီး ဥပဒေအရာရှိ၊ တိုင်းဒေသကြီး သာသနာရေးဦးစီးမှူးနှင့် အဖွဲ့သည် ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ရွှေဘိုမြို့သို့ ရောက်ရှိပြီး မြို့လုံခြုံရေးကိစ္စများ စီမံဆောင်ရွက်ကာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် ကန့်ဘလူမြို့မှတစ်ဆင့် ထန်းကုန်းကျေးရွာသို့ ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် အကြမ်းဖက်မှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် တိုင်းဒေသကြီးလုံခြုံရေးနှင့် စည်ပင်သာယာရေးဝန်ကြီး၊ နယ်မြေခံ လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး/ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခရိုင်/ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများအား အကြမ်းဖက်မှုများ ဆက်လက်မဖြစ်ပွားစေရန် အဖွဲ့ငယ်များဖွဲ့၍ ပတ်ဝန်းကျင်ကျေးရွာများသို့ ကွင်းဆင်းစည်းရုံးဆောင်ရွက်စေခြင်း၊ ရွာသူ ရွာသားများနှင့် ဘာသာရေးအဖွဲ့များအား တွေ့ဆုံအားပေးခြင်း၊ မီးရှို့ဖျက်ဆီးခံရသည့် ရွာသူ ရွာသားများအား ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ဆောင်ရွက်ရန် စီမံပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ယနေ့နံနက်ပိုင်းမှစ၍ နယ်မြေအခြေအနေပြန်လည်တည်ငြိမ်အေးချမ်းသွားပြီဖြစ်ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က အိမ်ထောင်စု ၅၀စာ ကယ်ဆယ်ရေးပစ္စည်း ရှစ်မျိုးအား ထန်းကုန်းကျေးရွာသို့ ပေးပို့ထောက်ပံ့ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့ည ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်သူတစ်ဦးနှင့် မီးရှို့ဖျက်ဆီးသူဟုယူဆရသူ ၁၁ ဦးတို့အား ဖမ်းဆီးထိန်းသိမ်းစစ်ဆေးလျက်ရှိပြီး ဥပဒေချိုးဖောက်သူများအား တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

■ ကျောဖုံးမှ

ပျက်စီးဆုံးရှုံးသွားသည့် လယ်ယာမြေများအတွက် မျိုးစပါးများ ပြန်လည် ဝယ်ယူနိုင်ရေးအတွက် ငွေကြေး ထောက်ပံ့ပေးရန်နှင့် လိုအပ်သည့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးရန် အဓိကရည်ရွယ်ပါကြောင်း။

သဘာဝဘေး ဆိုသည်မှာ တားဆီး၍ မရနိုင်သော်လည်း ဘေးဒုက္ခဒဏ်များ လျော့ပါးစေရေးအတွက် တတ်စွမ်းသမျှ ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ယခင်နှစ်များမှ အတွေ့အကြုံများအပေါ် မူတည်ပြီး ကြိုတင်ပြင်ဆင်မှု ကောင်းခဲ့ခြင်း၊ ဒေသခံပြည်သူများ၏ ရေဘေးအန္တရာယ် သတိရှိခြင်းတို့ကြောင့် ထိခိုက်နစ်နာမှု အတော်အသင့် သက်သာရာရခဲ့ပါကြောင်း၊ မိုးရွာသွန်းမှုနှင့် မြစ်ရေကြီးမှုဆိုင်ရာ သတင်း အချက်အလက်များကို စောင့်ကြည့်လေ့လာခြင်း၊ စိစစ်ခြင်း၊ အချိန်မီ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ခြင်း၊ ဘေးလွတ်ရာဒေသများသို့ အချိန်မီရွှေ့ထုတ်နိုင်ရေးတို့ကို ဒေသအာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းပြီး စည်းစည်းလုံးလုံး ဆောင်ရွက်ခဲ့ကြသည်ကို အားတက်ဖွယ် တွေ့ရှိရပါကြောင်း။

ရေကြီးနစ်မြုပ်ဆုံးရှုံးသွားသည့် လယ်ယာမြေများအား အမြန်ဆုံး အစားထိုးစိုက်ပျိုးနိုင်ရန် ဒေသခံများအားလုံးက ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးချိန်ကန့်သတ်ချက်နှင့် အံဝင်သည့်အဆင်ပြေဆုံး နည်းလမ်းများအား ရှာဖွေကြံဆကြိုးပမ်းသွားကြရန် တိုက်တွန်းလိုပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း ရေဘေးလွန်ကာလ စိုက်ပျိုးရေး လိုအပ်ချက်များကို စောင့်ကြည့်ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနကလည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို စီမံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

ကရင်ပြည်နယ်တွင် ယခုနှစ်အတွင်း ဇူလိုင်နှင့် ဩဂုတ်လများတွင် နှစ်ကြိမ်တိုင်တိုင် ရေဘေးဒဏ်ခံရသော်လည်း အနိုင်မခံ အရှုံးမပေး ရင်ဆိုင်ကျော်လွှားခဲ့သည့် ကရင်ပြည်နယ် လူထုကြီး၏စိတ်ဓာတ်နှင့် ဇွဲသတ္တိများကြောင့် နိုင်ငံတော်သစ် တည်ဆောက်ရေးရှေ့ခရီးအတွက် အားတက်မိပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်မှန်းချက်ထားပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့သည် ခွဲခြား၍မရဘဲ ချိတ်ဆက်လျက်ရှိပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခေတ်မီစက်မှုနိုင်ငံ ထူထောင်နိုင်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်လာရန်အတွက် ခေတ်စနစ်နှင့်အညီ ပြောင်းလဲမှုများ လုပ်ဆောင်ရမည် ဖြစ်ကြောင်း၊ တိုးတက်လိုပါက ပြောင်းလဲမှုများ လုပ်ရမည်ကိုလက်ခံပြီး လက်တွေ့လိုက်နာလုပ်ဆောင်ကြရန် လိုကြောင်း၊ စက်မှုနိုင်ငံထူထောင်နိုင်မှ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်ကာ တစ်ဦးချင်းဝင်ငွေများတိုးတက်၍ ဆင်းရဲနွမ်းပါးမှုများ လျော့ကျပြီး နိုင်ငံချမ်းသာကြွယ်ဝလာမည်ဖြစ်ကြောင်း။

အထက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် မိမိတို့အစိုးရ တစ်ခုတည်း ဖော်ဆောင်၍ အောင်မြင်နိုင်မည် မဟုတ်ပါကြောင်း၊ ပြည်သူလူထုအားလုံးကပါ မိမိတို့အစိုးရနှင့်အတူ တက်ညီလက်ညီ ပူးပေါင်းလက်တွဲပါဝင်ဆောင်ရွက်မှသာ မုချအောင်မြင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတက ရေဘေးသင့် လယ်မြေများ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၂၀၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက မျိုးစပါး ၂၁၅၂ တင်း၊ ဓာတ်မြေဩဇာအိတ် ၅၀၀၊ ပဲနှင့် နှမ်းမျိုးစေ့များ၊ စားသောက်ဖွယ်ရာများနှင့် လယ်ယာသုံး စက်ကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။

ယင်းနောက် ဘားအံမြို့နယ် နောင်လုံ အနောက်ကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်ဇေစေတီပရိဝုဏ်တွင် ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်း၊ (၅)ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ဖွင့်လှစ်ထားသည့် ကယ်ဆယ်ရေးစခန်းတို့သို့သွားရောက်၍ ဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ရင်သွေးငယ်များ အာဟာရတိုက်ကျွေးရန်အတွက် ထောက်ပံ့ငွေများ၊ ဆန်၊ စောင်၊ ဆေးစိမ်ခြင်ထောင်၊ ခေါက်ဆွဲ၊ ကြက်ဥ စသည်တို့ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ဘားအံမြို့နှင့် သံလွင်မြစ်အတွင်း မြစ်ရေကြီးနေမှုကို လှည့်လည်ကြည့်ရှုပြီး ရေကြီးနစ်မြုပ်နေသည့် ထောင်ပိကွင်းနှင့် ငါးဆူကွင်းတို့မှ တောင်သူများအား တွေ့ဆုံအားပေးခဲ့သည်။

ကရင်ပြည်နယ်ရှိ မြို့နယ်များတွင် ယခုနှစ်ဇူလိုင် ၂၃ ရက်မှ ဩဂုတ်လ ပထမပတ်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လူနေအိမ်ခြေများ၊ လယ်ယာမြေများ၊ ပထမအကြိမ် ရေကြီးနစ်မြုပ်ခဲ့ရသည်။

ထို့နောက် ဩဂုတ် ၂၀ ရက်မှ စတင်၍ ယနေ့အထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်နှင့် လှိုင်းဘွဲ့မြို့နယ်ရှိ လှိုင်းဘွဲ့ချောင်းတို့တွင် စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိခဲ့သဖြင့် ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်နှင့် ပိုင်ကျုံမြို့နယ်ခွဲတို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

ရေဘေးသင့် ပြည်သူများအား ပြည်နယ်အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီ၍ ရေလွတ်ရာဒေသများသို့ ရွှေ့ပြောင်း

ဒုတိယသမ္မတ ဦးညဏ်ထွန်း ကရင်ပြည်နယ် ဘားအံမြို့၌ ဖွင့်လှစ်ထားသော ရေဘေးကယ်ဆယ်ရေးစခန်းရှိ ပြည်သူများအား တွေ့ဆုံအားပေးပြီး ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

ကယ်ဆယ်ပေးခဲ့သည်။ ဘားအံမြို့ရှိ အရေးပေါ်ရေဘေးကယ်ဆယ်ရေးစခန်း ၁၃ ခု၌ ရေဘေးသင့် အိမ်ထောင်စု ၁၄၅၅ စု၊ လူဦးရေ ၇၆၆၅ ဦး၊ လှိုင်းဘွဲ့မြို့ရှိ အရေးပေါ် ရေဘေးကယ်ဆယ်ရေးစခန်း ၁၀ ခု၌ အိမ်ထောင်စု ၄၁၇ စု၊ လူဦးရေ ၁၈၇၀၊ ပိုင်ကျုံမြို့နယ်ခွဲရှိ အရေးပေါ် ရေဘေးကယ်ဆယ်ရေးစခန်း၌ အိမ်ထောင်စု ၁၀ စု၊ လူဦးရေ ၅၃ ဦးတို့အတွက် စားဝတ်နေရေး ကိစ္စရပ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ တောင်သူလယ်သမားများအား တွေ့ဆုံ၍ မွန်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ဇူလိုင်လတွင် ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ရေကြီးနစ်မြုပ်ခဲ့မှုအခြေအနေ၊ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခဲ့မှုနှင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးခဲ့မှု၊ ယခုအခါ ရေပြန်ကျသွားသဖြင့် ၎င်းတို့၏ နေအိမ်များသို့ ပြန်လည်နေရာချထားပေးခဲ့မှုနှင့် ရေကြီးမှုကြောင့် လယ်ယာမြေများ ထိခိုက်ပျက်စီးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် တားဆီး၍မရသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ထိခိုက်ပျက်စီးဆုံးရှုံးမှု လျော့နည်းသက်သာစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ ကြိုတင်ပြင်ဆင်ခြင်း၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် တုံ့ပြန်ရင်ဆိုင်ခြင်းနှင့် ဘေးဒဏ် ကျရောက်ပြီးချိန်တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဟူသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ရပါကြောင်း၊ ထိုလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းပေးထားပြီး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့် မြို့နယ်များတွင်လည်း ဖွဲ့စည်းပေးထားကာ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများကိုလည်း သတ်မှတ်ပေးထားပါကြောင်း။

မွန်ပြည်နယ်တွင် ရေဘေးအန္တရာယ်ကျရောက်စဉ် ဒေသအာဏာပိုင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ ပြည်သူများညှိနှိုင်းပူးပေါင်း၍ သဘာဝဘေးတုံ့ပြန်ရင်ဆိုင်ရေးလုပ်ငန်းစဉ်များ စနစ်တကျ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရပြီး ယင်းသို့စွမ်းဆောင်နိုင်မှုကို ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ ရေဘေးသင့် ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပြီး ချက်ချင်းလုပ်ဆောင်ပေးသင့်သည်များကို ချက်ချင်း ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်း စနစ်တကျစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ရေကြီးရေလျှံမှု ဖြစ်ပွားစဉ် ကြံ့ကြံ့ခံ ရင်ဆိုင်တုံ့ပြန်နိုင်ခဲ့သည့် မွန်ပြည်နယ်မှ ပြည်သူများ၏ စိတ်ဓာတ်ကိုတွေ့မြင်ရ၍ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းများအတွက် အားတက်မိပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက ရေဘေးသင့်လယ်မြေများ ပြန်လည် စိုက်ပျိုးနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ဓာတ်မြေဩဇာအိတ် ၅၀၀၊ တိရစ္ဆာန်ကုဆေးဝါးများ၊ ကြက်၊ ဘဲ၊ နွားနို့၊ ငါးပိ၊ ငါးခြောက်၊ ဆားစသည့် စားသောက်ကုန်များ၊ စကိုင်းနက် ရုပ်သံပြစက် အလုံး ၅၀၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ဒုတိယသမ္မတသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

မွန်ပြည်နယ်တွင် ယခုနှစ်မိုးရာသီ၌ ယခင်နှစ်များကထက် မိုးပိုမိုရွာသွန်းမှုကြောင့် ဇူလိုင် ၂၉ ရက်မှစတင်၍ ရေးမြို့နယ်၊ ဘီးလင်းမြို့နယ်နှင့် ကျိုက်မရောမြို့နယ်တို့ရှိ မြို့ပေါ်အနိမ့်ပိုင်းရပ်ကွက်များနှင့် ကျေးရွာအချို့တွင် မြစ်ရေလျှံပြီး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။ အလားတူ စိုက်ပျိုးပြီး မိုးစပါးခင်းများတွင်လည်း ရေလွှမ်း၍ နစ်မြုပ်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ရေကြီးမှုကြောင့် ဘီးလင်းမြို့နယ်တွင် အိမ်ထောင်စု ၆၆၂ စု၊ လူဦးရေ ၁၈၉၅ ဦး၊ ရေးမြို့နယ်တွင် အိမ်ထောင်စု ၂၀၃ စု၊ လူဦးရေ ၈၉၈ ဦး၊ ကျိုက်မရောမြို့နယ်တွင် အိမ်ထောင်စု ၄၁၃၀ စု၊ လူဦးရေ ၁၇၂၈၂ တို့အား ရေဘေးကင်းလွတ်ရာသို့ ပို့ဆောင်နေရာချထားပေးခဲ့ရပြီး ယခုအခါ ရေပြန်ကျသွားပြီဖြစ်သဖြင့် ၎င်းတို့၏ မူလနေအိမ်များသို့ ပြန်လည်နေရာချထားပေးခဲ့ပြီးဖြစ်သည်။ ရေဘေးသင့်ပြည်သူများအား ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများ၊ စေတနာရှင်များက အစားအစာ၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများအား ကူညီထောက်ပံ့ပေးခဲ့ကြသည်။

ပြည်နယ်အတွင်းရှိ လယ်မြေဧက ၆၆၀၀၀ ကျော် ရေလွှမ်းမိုးခဲ့ပြီး ဧက ၉၀၀၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

သိမ်ဖြူလမ်း ငါးခွဆုံ၌ ယာဉ်တိုက်မှုဖြစ်

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ငါးခွဆုံ မီးပွိုင့်အနီး အလက(၂)ကျောင်းရှေ့တွင် ဩဂုတ် ၂၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က ရန်ကုန်မြို့တွင်းသို့ ဘိုလိန်းလမ်းအတိုင်း အရှေ့ဘက်မှ တောင်ဘက် သိမ်ဖြူလမ်းသို့ကွေ့အဝင် ခရီးသည်တင်မောင်းနှင်လာသော မထသ(၃၉)ယာဉ်လိုင်း ယာဉ်အမှတ် ၅ခ/---- ဟီးနိုးဘတ်စ်ကားသည် အရှိန်မထိန်းနိုင်ဘဲ သိမ်ဖြူလမ်း ငါးခွဆုံ ယာဉ်ထိန်းအဆောက်အအုံအနီး စည်ပင်သာယာမှ အုတ်စီကာရံ စိုက်ပျိုးထားသည့် ရေတမာပင်အုတ်ခုံအား ဝင်တိုက်ခဲ့သည်။ အုတ်ခုံကွဲပျက်ပြီး ရေတမာပင်လည်း အမြစ်ပါ ပြုတ်ထွက်ပြိုလဲသွားသည်။ ဆက်လက်၍ အလက (၂)ကျောင်းရှေ့ ကားပါကင်တွင် အလျားလိုက် ရပ်နားထားသော Toyota BELTA အမျိုးအစား ဖက်ဖူးရောင်ဆလွန်းကား ၅င/----ဝဲဘက်နောက်ခြမ်း ထောင့်စွန်းကို ဝင်တိုက်မိသည်။ **(အောက်ပုံ)**ဟီးနိုးဘတ်စ်ကား၏ အရှေ့ယာဘက်ခြမ်း ပျက်စီးသွားပြီး ဆလွန်းကား၏ အနောက်ဘက် ပိန်ချိုင့်သွားခဲ့သည်။ တစ်ဦးမျှထိခိုက် ဒဏ်ရာရခြင်းမရှိဟု သိရသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့စု ၂၈ မှ မထသ (၃၉) လိုင်းကား ယာဉ်မောင်း ဦးသန်းဇော်ကို စစ်ဆေးအရေးယူထားသည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ဝင်း ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၊ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ အဖွဲ့ဝင်များဖြစ်ကြသည့် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အတွင်းရေးမှူး ဦးနန္ဒကျော်စွာက ယခင်ကျင်းပပြီးစီးခဲ့သော မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အဖွဲ့ဝင်များဖြစ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက အလှည့်ကျဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါအစည်းအဝေးအား ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေး

နေပြည်တော်ရှိ လွှတ်တော်ဝင်း ဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပရာ မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းနှင့် တက်ရောက်ကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)



✳ ရှေ့ဖုံးမှ

ကျောခင်းပေးထားသည့်အလား ပြောင်ချောနက်မှောင်၍ အကွေ့အကောက်၊ တောင်တက်၊ တောင်ဆင်းများသည်မှအပ ရန်ကုန်-မန္တလေးအဝေးပြေးလမ်းမထက်ပင် ကောင်းမွန်သည်ဟု ဆိုချင်ပါသည်။ စီးသွားသည့် ကားကလည်း နောက်ဆုံးပေါ် Air Con Bus ငြိမ့်ခနဲ ရွှေမန္တလေးမှ ၁၂ နာရီပင် မကြာလိုက်ရောက်နေပြီလေ၊ အချိန်ကား အလွန်ကွာဝေးသော တစ်နေရာတွင် ကျန်ဘိသကဲ့သို့ မြောက်ပိုင်း မူဆယ်မြို့လေးသည်လည်း ယခုအခါ နိုင်ငံတော်၏ နိုင်ငံခြားကုန်သွယ်မှုစီးဆင်းရာ ဝင်ပေါက်/ထွက်ပေါက် အဓိက ဆောင်ရွက်ရသော စီးပွားရေးကုန်သွယ်မှု ၇၀ ရာခိုင်နှုန်းခန့်တာဝန်ယူရသော ဒေသဖြစ်ချေပြီ။ အာကာသကောင်းကင်တစ်ခွင် တောင်ပံဖြန့်ရန်အားယူနေသော ရွှေလင်းယုန်ငှက်ပေါက်အလား တစ်ဖက်နိုင်ငံ (ရွှေလီမြို့)ကို ပြိုင်နိုင်ရန်အတွက် အားယူနေပြီ။ သိမီသူတွေ ပြောပြကြသည်။ လွန်ခဲ့သော နှစ်နှစ်ဆယ်ပတ်ဝန်းကျင်က မြစ်တစ်ဖက် မြို့လေးသည် ရွှံ့ညွန်ထူထပ်ပြီးလယ်ကန်သင်းနှင့် အဆောက်အအုံကောင်းကောင်းပင် မရှိ။ မိမိဘက်မှ မူဆယ်မြို့လေးပင် သူ့ထက်သာလွန်ခဲ့သည်ဟုဆို၏။

သို့သော်. . . သို့သော် ယခုတွင်ကား မဆိုင်၊ မဟုတ်ခဲ့သလိုပင်။ တစ်ဖက်နိုင်ငံ ရွှေလီမြို့၏ တစ်ဟုန်ထိုး ရုပ်ပိုင်းဖွံ့ဖြိုးတိုးတက်မှု၊ လူနေတိုက်တာ၊ မိုးမျှော်အဆောက်အအုံများ၊ အမှန်ပင်ပေတစ်ရာလမ်းမနှင့် လူသွားလမ်းပလက်ဖောင်း၏ ကျယ်ပြန့်မှု၊ လမ်းမတိုင်း အရိပ်အာဝါသနှင့် ကောင်းမွန်နေသည်။ ထို့အတူ မိမိနိုင်ငံ၏ အရှေ့မြောက်မျက်နှာစာဖြစ်သော မူဆယ်မြို့သည်လည်း အရှိန်အဟုန်မြင့် တည်ဆောက်ရေးလုပ်ငန်း၊ မြို့ပြဖွံ့ဖြိုးရေးအတွက် "မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း" (Muse Central Business District-MCBD Project) ကို ၂၀၁၂ ခုနှစ်မှ စတင်ပြီး အကောင်အထည်ဖော်ခဲ့လေသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်တည်ရှိသော မူဆယ်မြို့သည် မြောက်လတ္တီတွဒ် ၂၃° ၄၅'နှင့် ၂၄° ၁၈' ကြား၊အရှေ့လောင်ဂျီတွဒ် ၉၇° ၄၅' နှင့် ၉၈° ၃၇' ကြား၊ ပင်လယ်ရေမျက်နှာပြင်အထက် ၂၇၀၀ ပေတွင် တည်ရှိလျက် မြေဆီကောင်းမွန်ပြီး ကုန်းမြင့်လွင်ပြင်ဖြစ်သဖြင့် ရာသီဥတုကောင်းမွန်မျှတသော ဒေသဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိစပ်လျက်ရှိသော နယ်နိမိတ်တစ်လျှောက်တွင် ရွှေလီမြို့နှင့် ရွှေလီမြစ်ခြားလျက်ထူးခြားသော ပထဝီအနေအထားကို ပိုင်ဆိုင်ပြီး နိုင်ငံအရှေ့မြောက်ဒေသမျက်နှာစာမှ အလှပဆုံး၊ ဖွံ့ဖြိုးစ အရှိန်ယူနေသော မောရှမ်းတို့မြို့ဖြစ်ပါသည်။

အထက်တင်ပြပါ မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း (MCBD-Project) ထူထောင်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဒေသတွင်းတိုင်းရင်းသားပြည်သူလူထုများ အလုပ်အကိုင်အခွင့်အလမ်းသစ် ပေါ်ထွန်းလာစေရေး၊ ဒေသတွင်း တိုင်းရင်းသားများဆင်းရဲနွမ်းပါးမှုလွတ်မြောက်ရေးကို တစ်ဖက်တစ်လမ်းမှအထောက်အပံ့ပြုနိုင်ရေး၊ တိုင်းရင်းသားများ လူနေမှုအဆင့်အတန်းမြင့်မားစွာ နေထိုင်နိုင်ရေး၊ နိုင်ငံတကာအဆင့်မီသော မြို့ပြ၊ နယ်စပ်ကုန်သွယ်မှုမြို့အဖြစ် တည်ဆောက်ရေးစသောရည်မှန်းချက်များဖြင့် ရှမ်းပြည်နယ်အစိုးရ၏ ခွင့်ပြုချက်အတည်ပြုရယူလျက် တိုင်းရင်းသားကုမ္ပဏီဖြစ်သော New Star Light Co, Ltd မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါစီမံကိန်းတစ်ခုလုံး၏ မြို့ပြမြေတည်ဆောက်ရေးလုပ်ငန်း မြေဧက ၂၈၈ ဒသမ ၁၆ အပေါ် အထူးစီမံချက်မြေကွံ့ခိုင်ရေး၊ မြေသားပြုပြင်ခြင်းကို ၅၀ ရာခိုင်နှုန်းပြီးစီးဆောင်ရွက်နေပြီဖြစ်ပါသည်။ ထိုကဲ့သို့ မြေသားပြုပြင်ခြင်းကို အထူးစီမံဆောင်ရွက်ရခြင်းမှာ အနာဂတ်မြို့ပြတည်ဆောက်ရေးတွင် မိုးမျှော်တိုက် အဆောက်အအုံများ၊ လမ်းတံတားများဆောက်လုပ်ရာတွင် မြေကျွံခြင်းများ မဖြစ်စေရေး၊ အဆောက်အအုံတိမ်းစောင်းမှုမဖြစ်စေရေးအတွက် နိုင်ငံတကာစံအတိအကျဖြင့် အချိန်ယူဆောင်လုပ်နေခြင်းဖြစ်ပါသည်။

ထိုသို့ နိုင်ငံ့မျက်နှာစာမှ မြို့ပြထူထောင်ရေး မူဆယ်ဗဟိုစီးပွားရေးဇုန်စီမံကိန်း (MCBD-Project)မြေနေရာအား မူလပိုင်ရှင်ဒေသခံပြည်သူတို့ နစ်နာမှုမရှိစေရန် လယ်မြေတစ်ဧကလျှင် ကျပ်သိန်းပေါင်း ၂၄၀ နှုန်း၊ ဥယျာဉ်ခြံမြေတစ်ဧကလျှင် ကျပ်သိန်းပေါင်း ၁၅၀ နှုန်းနှင့် ယာမြေ တစ်ဧကလျှင် ငွေကျပ် ၁၂၁၁၂၅၀၀ နှုန်းဖြင့် ကျပ်ငွေသန်းပေါင်း ၂၈၇၇ သန်းကျော် တောင်သူ ၆၂ ဦးအား နစ်နာကြေးထုတ်ပေးပြီးဖြစ်ပါသည်။

မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန် စီမံကိန်း၏ရင်းနှီးမြှုပ်နှံမှုပမာဏမှာ! (ကျပ်ငွေဖြင့်) အခြေခံအဆောက်အအုံ (Infrastructure) = ၃၈ ဘီလီယံကျပ်၊ မြေအမျိုးအစားအလိုက် (နစ်နာကြေး) = ၆ ဘီလီယံကျပ်၊ စီမံကိန်းဗိသုကာဒီဇိုင်းခ = ၂ ဘီလီယံကျပ်၊ အုပ်ချုပ်မှုအဆောက်အအုံ၊ ရွာချင်းဆက်ကွန်ကရစ်လမ်းနှင့် စာသင်ကျောင်းများ = ၄ ဘီလီယံကျပ် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ = ၅၀ ဘီလီယံကျပ် လျာထားရင်းနှီးမြှုပ်နှံလျက်ရှိကြောင်း အားရဖွယ် သိရှိရသည်။

မူဆယ်မြို့ ဗဟိုစီးပွားရေးဇုန်စီမံကိန်းပုံစံ။

ထိုသို့ မူဆယ်မြို့ပြဗဟိုဖွံ့ဖြိုးရေးဇုန်ဆောက်လုပ်ရာတွင် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေးအတွက် မြို့ပြစီမံကိန်းနှင့် ညီညွတ်မှုရှိ/မရှိ၊ ပြည်သူတို့၏လူမှုစီးပွားကို ထိခိုက်မှု ရှိ/မရှိ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှု ရှိ/မရှိ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်/မဖြစ်၊ မြေယာသုံးစွဲခြင်း အဆင်ပြေမှု ရှိ/မရှိစသည့် အခြေခံအချက်များစွာအပေါ် သုတေသနပြုချက်များကို New Star Light Com,Ltd မှလည်း EMP (Environmental Management Plan) ရေးဆွဲ၍ သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ခြေလေ့လာဆန်းစစ်ချက်(EIA)၊ လူမှုရေးထိခိုက်နိုင်ခြေဆန်းစစ်ချက် (SIA)၊ ကျန်းမာရေးထိခိုက်နိုင်ခြေ ဆန်းစစ်ချက် (HIA)တို့ဖြင့် အကျုံးဝင်စေရန် မလေးရှားနိုင်ငံ Selangor မှ ERE Consulting Group Sdn Bhd အားငှားရမ်း၍ ကွင်းဆင်းစစ်ဆေးစေခဲ့သည်။ ၂၀-၃-၂၀၁၃ ရက်နေ့တွင် Initial Environmental Examination (IEE) Report ကို လက်ခံရရှိပြီးမှသာ မူဆယ်မြို့ပြဗဟို အထူးဖွံ့ဖြိုးရေးဇုန်ကို စတင်ခဲ့ခြင်းဖြစ်ပါသည်။ အထက်ဖော်ပြပါ အချက်များသာမကဘဲ ရေကောင်းရေသန့်ရရှိရေး၊ လျှပ်စစ်မီးလုံလောက်စွာရရှိရေး၊ အခြေခံ ကျန်းမာရေးစောင့်ရှောက်မှု၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လုံခြုံရေးများကို ပထမဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပြီး မူဆယ်မြို့ပေါ် (တောင် ပေါ်)မှ စီးဆင်းလာမည့် ရေမြောင်း ရေဆိုးများအား စနစ်တကျသန့်စင် ဖယ်ရှားရေးစနစ်၊ မသန့်ရှင်းသောရေများ ရွှေလီမြစ်တွင်းသို့ စီးဝင်မှုထိန်းချုပ်ရေး စသည့်ဆောင်ရွက်မည့် ကြိုတင်အစီအမံများကိုလည်း ကျွမ်းကျင်သူပညာရှင်များ၏အကူအညီ၊ အကြံပြုချက်များကိုရယူလျက် နိုင်ငံတကာအဆင့်အတန်းမီ မြို့ပြသစ်အထူးဖွံ့ဖြိုးရေးဇုန်(မူဆယ်)ကို ဆောင်ရွက်နေ ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများ သတ်မှတ်ထုတ်ပြန်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဩဂုတ် ၂၅

အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေပုဒ်မ ၃၅ အရ အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများ သတ်မှတ်နိုင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၃ ရက် နံနက် ၁၀ နာရီက နေပြည်တော် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။ **(ဓါတ်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယဝန်ကြီး ဦးထင်အောင်နှင့် ဒေါ်ဝင်းမော်ထွန်း၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဌေးဝင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ ကိုယ်စားလှယ်များ၊ ခုံသမာဓိကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်ရှင်ကိုယ်စားလှယ်များ၊ တောင်ဒဂုံနှင့်လှိုင်သာယာမြို့နယ် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီမှဥက္ကဋ္ဌများ၊ အလုပ်သမား အဖွဲ့အစည်းများမှ အလုပ်သမား ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

ညှိနှိုင်း အစည်းအဝေးအား အလုပ်ရှင်က လုပ်ငန်းတစ်ခုခုကို ဆက်လက်လည်ပတ်လုပ်ကိုင်နိုင်ခြင်း မရှိသဖြင့် လုပ်ငန်းရပ်ဆိုင်းရသော အခါတွင်လည်းကောင်း၊ အလုပ်ရှင်မှ အလုပ်သမားအင်အား လျှော့ခြင်း အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှရပ်စဲခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ အလုပ်သမားအား အလုပ်ရှင်မှ ပေးရမည့် နစ်နာကြေးနှုန်းထားကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ၏ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီရန်နှင့် အလုပ်သမား၊ အလုပ်ရှင်နှစ်ဦးနှစ်ဖက် စလုံးရသင့်သည့် အကျိုးခံစားခွင့်များ ရရှိနိုင်ရေးအတွက် အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထား သတ်မှတ်နိုင်ရန် ဆွေးနွေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတကာဘောလုံး အနိုင်အရှုံးရလဒ်များ

၂၅-၈-၂၀၁၃

ပြင်သစ်လီဂ

လိုင်လီ	၁ - ၀	စိန့်အီသီယန်

ဂျာမနီဘွန်ဒက်စ်လီဂါ

ဘရောင့်ဝိတ်	၀ - ၂	ဖရန့်ဖတ်

ဟော်လန်လိဂ်

အီးဂဲလ်	၃ - ၃	ဂရိုနင်ဂျန်
ဖီယင်နူ	၃ - ၁	ဘရီဒါ
ဗင်တက်စီ	၁ - ၁	တွမ်တီး
အူထရက်ချ်	၂ - ၀	အယ်လ်ခမာ

ရုရှားလိဂ်

ရူဘင်ကာဇန်	၁ -၁	ဆာမာရာ

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

လင်းဇင်းကုန်းသုသာန်ရှိ ထိုင်းဘုရင့်အုတ်ဂူနေရာ အထိမ်းအမှတ် ဥယျာဉ်တည်ဆောက်ရန် စီစဉ်နေ

မန္တလေး ဩဂုတ် ၂၅

အမရပူရမြို့ လင်းဇင်းကုန်းသုသာန်ရှိ ထိုင်းဘုရင့်အုတ်ဂူအား ထိုင်းနိုင်ငံမှ သုတေသနပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံမှ သုတေသနအဖွဲ့က ဆက်လက်သုတေသနပြုလုပ်ရာ ထိုင်းဘုရင်ဥတုံတရ၏ အုတ်ဂူအစစ် အမှန်ဖြစ်ကြောင်း သုတေသနအဖွဲ့မှ တမွဝတီဦးဝင်းမောင်က ပြောကြားသည်။ ပေ၊ ပုရပိုက်မှတ်တမ်းများ တူးဖော်တွေ့ ရှိမှုများအရ ထိုင်းဘုရင်သည် မြန်မာနိုင်ငံ၌ နေထိုင်ခဲ့ရသည့် နှစ်ပေါင်း ၃၀ တွင် ရဟန်းဘဝဖြင့် ငြိမ်းချမ်းစွာနေထိုင်ခဲ့ကြောင်း၊ မြန်မာဘုရင် ဆင်ဖြူရှင်ကလည်း ဥတုံတရအား ဘုရင်တစ်ပါး၏ ဂုဏ်သိက္ခာနှင့်အညီ ကောင်းမွန်သော ဆက်ဆံမှုများ ရှိခဲ့ကြောင်း၊ ကွယ်လွန်ချိန်တွင်လည်း ဘုရင်တစ်ပါးဂုဏ်သိက္ခာနှင့် လျော်ညီသောသဂြိုဟ်မှုပြုလုပ်ခဲ့ပြီး အရိုးများအား ထီးသုံးနန်းသုံးအဆောင်အယောင်များနှင့်တကွ အရိုးအိုးစေတီကိုတည်ဆောက်ပေးခဲ့ကြောင်း၊ ယင်းအချက်များအပေါ် ထောက်ရှု၍ အဆိုပါ အချိန်က ထိုင်းနှင့်မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု မပျက်ဘဲ ကောင်းမွန်သော ဆက်ဆံရေးရှိခဲ့ကြောင်း ဦးဝင်းမောင်က သုံးသပ်ပြောကြားသည်။ အဆိုပါ အုတ်ဂူသို့ မြန်မာနိုင်ငံရောက် ထိုင်းလူမျိုးများ နေ့စဉ်လာရောက်ပြီး အမွေးတိုင်များ လာရောက်ထွန်းညှိဂါရဝပြုကြကြောင်း အယုဒ္ဓရခေတ် ထိုင်းဘုရင်ကြီး ဥတုံတရအထိမ်းအမှတ် ဥယျာဉ်ကြီးအဖြစ် တည်ဆောက်ရန် တင်ပြထားကြောင်း သိရသည်။ **အောင်သူရ(မန္တလေး)**

မင်းဘူးခရိုင်အတွင်းရှိ ကြီးအုံကြီးဝ ရေလှောင်တမံ ရေပိုလွှဲမှ ရေကျော်ကျ

မင်းဘူး ဩဂုတ် ၂၅

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံတွင် **(အပေါ်ပုံ)** ဇူလိုင်လအတွင်း မိုးရွာသွန်းမှုများကြောင့် ယခင်ရေအမှတ် R.L ၃၃၉ ပေမှ ၃၄၀ ဒသမ ၁၀ ပေအထိရောက်ရှိသဖြင့် ရေပိုလွှဲမှ ၀ ဒသမ ၁၀ ပေ ရေကျော်လျက်ရှိပြီး ခရိုင်အတွင်းရှိ မန်းချောင်းတမံနှင့် မုန်းချောင်းတမံတို့တွင်လည်း ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိကြောင်း မင်းဘူးမြို့ တည်ဆောက်ရေး(၃)မှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

ယခုကဲ့သို့ ရေလှောင်တမံများတွင် ရေအပြည့်အဝသိုလှောင်ထားရှိနိုင်သဖြင့် စကုမြို့ရှိ အိုင်းမရေလွှဲဆည်ရေသောက်များ ပွင့်ဖြူမြို့နယ်ရှိ မဲဇလီရေလွှဲဆည်ရေသောက်များနှင့် စလင်းမြို့နယ်ရှိ လင်းဇင်းရေလွှဲဆည်ရေသောက်များမှ မိုးစပါးသာမက နွေစပါးစိုက်ပျိုးရန် အောင်ရေအပြည့်အဝပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **တင်ထွန်းဦး**

အမရပူရမြို့နယ် မုတ်ပုလဲကျေးရွာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေလို

အမရပူရ ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နတ်ရေကန်ကျေးရွာ အုပ်စု မုတ်ပုလဲရွာသည် ရှေးဟောင်းသမိုင်းဝင်ရွှေစာပြန်လက်သမားဂူဘုရား တည်ရှိပြီး ရွာအဝင် နှင်းဘုရားသို့သွားရာ ပြည်တော်သာလမ်းမှာ ယခင်က ပေ ၈၀၊ ဝဲယာနှစ်ဖက်ရေမြောင်း ၁၀ ပေစီနှင့် အရှည်မှာ ပေ ၁၅၀၀ ခန့် ရှိသော ကျောက်ကြမ်းလမ်းဖြစ်၍ ယခုအခါ ကျဉ်းမြောင်းလာပြီဖြစ်သည်။

မုတ်ပုလဲရွာသည် အရှေ့ဘက်တွင် မင်းရွာ၊ တောင်အင်းမြောက်အင်း၊ အနောက်ဘက်တွင် ရန်ကုန်-မန္တလေးကားလမ်းကြီး (လမ်းဟောင်း)၊ မြစ်လောင်းကျေးရွာ၊ မြစ်ငယ်မီးရထားတွဲပြင်စက်ရုံ၊ မန္တလေး-စစ်ကိုင်းသွားဒွေးလမ်း၊ မြောက်ဘက်တွင် စွယ်တော်မြတ်စေတီ၊ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့်ကုန်စည်ဒိုင်တို့ဖြင့် နယ်နိမိတ်ထိစပ်လျက်ရှိသော သွားလာဆက်သွယ်မှုအချက်အချာကျသော နေရာဒေသတစ်ခုဖြစ်သည်။

ထို့ကြောင့် မြို့ရွာများ အလျင်အမြန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရမည်ဟူသောဆောင်ပုဒ်နှင့်အညီသမိုင်းဝင်ရှေးဟောင်းဘုရားသို့ ဘုရားဖူးများ ရာသီမရွေး သွားရောက်ဖူးမြော်နိုင်ရန်နှင့် ပတ်ဝန်းကျင် ကျေးရွာပြည်သူများ လူနေမှုဘဝ မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့အတွက် အဓိကကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် အဆိုပါရွာအဝင် ပြည်တော်သာလမ်း ကျောက်ခင်း ကတ္တရာလမ်းအဆင့်တိုးမြှင့်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက အထူးလိုလားတောင့်တလျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဇမ္ဗူသီရိမြို့နယ်သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း ဖွင့်လှစ်ပေးထားသည့် ဈေးများ၌ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန် ခြင်းဆေးဖျန်းမှု ဆောင်ရွက်ခြင်းအား ဩဂုတ် ၂၀ ရက်က ဆောင်ရွက်ခဲ့ကြသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ လက်အောက်ခံ ဈေးများကွပ်ကဲမှုအောက်ရှိ သရဖီဈေး တာဝန်ခံ ဦးလှမြင့်နှင့် ဈေးဝန်ထမ်းများက ဩဂုတ် ၂၀ ရက် ညနေ ၆ နာရီတွင်လည်းကောင်း၊ ချယ်ရီဈေး တာဝန်ခံ ဦးမြင့်ခိုင်နှင့် ဈေးဝန်ထမ်းများမှ ည ၇ နာရီတွင်လည်းကောင်း၊ ဈေးရုံများရှိ ရေမြောင်းများနှင့် ဆိုင်ခန်းများက ခြင်၊ ယင်များပေါက်ပွားမှုမရှိစေရန် ခြင်ဆေးဖျန်း ဆောင်ရွက်ခဲ့သည်။ အလားတူ ဩဂုတ် ၂၁ ရက် ညနေ ၆ နာရီတွင် ဂန္ဓမာဈေးနှင့် အင်ကြင်းဈေးတို့တွင် ခြင်ဆေးဖျန်းဆောင်ရွက်မှုပြုလုပ်ရာ ဂန္ဓမာဈေးတာဝန်ခံ ဦးပြည့်ဖြိုးအောင်၊ အင်ကြင်းဈေးတာဝန်ခံ ဦးမောင် မောင်လွင်နှင့်ဈေးဝန်ထမ်းများက ဆိုင်ခန်းများနှင့်ရေမြောင်းများ၊ အိမ်သာသန့်စင်ခန်းများတွင် သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ခြင်ဆေးဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှူခင်းကျဆင်းရေး အသိပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် အမှတ်(၁၈) အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၆ ရက်က ကျင်းပသည်။

နေပြည်တော်လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ ဒုတိယရဲမှူး မင်းနိုင်က လူကုန်ကူးမှု ကမ္ဘာ့နောက်ခံသမိုင်း၊ မြန်မာ့နောက်ခံသမိုင်း၊ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်ခြင်းနှင့်ပတ်သက်၍ လမ်းခရီးအစ၊ အလယ်၊ အဆုံးတို့တွင် ကြုံတွေ့နိုင်သည့်အခက်အခဲများ၊ ကြိုတင်ပြင်ဆင်ထားသင့်သည့် အချက်များနှင့် သိထားသင့်သည့်အချက်များ၊ လူကုန်ကူးမှု/လူမှောင်ခိုမှု အဓိပ္ပာယ်၊ လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေ၊ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော လူကုန်ကူးမှုများ၊ လူကုန်ကူးမှုဖြစ်ပွားစေသော အဓိကအကြောင်းများ၊ လူကုန်ကူးသူများအသုံးပြုသောနည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ပြီး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။ ထို့နောက် ဒက္ခိဏသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းက မှုခင်းကျဆင်းရေး အသိပညာပေး ဟောပြောကြောင်းသိရသည်။ **(၁၄၅)**

ပြည်သူများ အထိတ်တလန့်ဖြစ်စေသော မန္တလေးကျုံးဘေးအုပ်စုဖွဲ့ ရမ်းကားသူများ ဖမ်းဆီးရမိ

မန္တလေး ဩဂုတ် ၂၅

မန္တလေးမြို့အထင်ကရဖြစ်သော ကျုံးပတ်လည်တွင် ညအချိန်ဆိုင်ကယ်စီး၍လူငယ်များအုပ်စုလိုက် အကြောင်းမဲ့ ဓားခုတ်၊ ရိုက်နှက်မှုဖြစ်စဉ်များ ဖြစ်ပေါ်နေသည့်အတွက် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက အုပ်စုဖွဲ့ရမ်းကားသူများကို အမြန်ဆုံးဖမ်းဆီးရမိရေးညွှန်ကြားခဲ့သဖြင့် ၎င်းဖြစ်စဉ်များနှင့်ပတ်သက်၍မသင်္ကာသော ဖတ်တီး(ခ)ချမ်းမြေ့သူ၊ဇော်ထွေးဦးတို့ကိုဩဂုတ် ၂၂ ရက် ညနေ ၆ နာရီက မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များ သက်သေများရှေ့ ခေါ်ယူစစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးခဲ့ရာ လွန်ခဲ့သော တစ်လကျော်ခန့်က ဖတ်တီး(ခ)ချမ်းမြေ့သူ(၁၉နှစ်) (ဘ) ဦးတင်ဦး ၃၅×၃၆ လမ်း ၈၇×၈၈ လမ်းကြား ဆီစက်ဝင်း မဟာအောင်မြေမြို့နယ်နေသူသည် ၎င်းအပါအဝင်ဒီးဒီး(ခ)ကျော်ဇင်ဝင်း (၁၈နှစ်)(ဘ) ဦးထွန်းအောင် ၃၅×၉၂လမ်းထောင့်မဟာအောင်မြေမြို့နယ်၊ သက်ဖုန်းခိုင်(၁၅နှစ်) (ဘ) ဦးဇော်ဝင်း ဘောလုံးကွင်းသစ်အနီး မြို့သစ်(၁) ရပ်ကွက် ချမ်းမြသာစည်မြို့နယ်၊ ဇော်ထွေးဦး(၂၀ နှစ်) (ဘ) ဦးသာငွေး ၈၈×၈၉ လမ်း၊ ၃၅×၃၆ လမ်း စတီးဝင်း မဟာအောင်မြေမြို့နယ်၊ ဇင်ရဲထက်(ခ)မျောက်ကြီး(၁၄နှစ်)(ဘ)ဦးသိန်းဇော် ၆၆လမ်း မြပန်းဝါလမ်းနှင့် နှင်းဆီလမ်းကြား မြို့သစ်(၁)ရပ်ကွက် ချမ်းမြသာစည်မြို့နယ်၊အကော(ခ)ထက်ခေါင်ထွန်း(၁၉နှစ်) (ဘ)ဦးထွန်းအောင် ၃၅×၉၂ လမ်း မဟာအောင်မြေမြို့နယ်၊ လဖီး(ခ)ကျော်သီဟထွန်း(၁၅နှစ်)(ဘ)ဦးမြင့်ခိုင် ၃၄×၃၅ လမ်း ၈၆×၈၇ လမ်းကြား အောင်နန်းအနောက် ရပ်ကွက် ချမ်းအေးသာစံမြို့နယ်၊ အောင်မြင့်မြတ်(ခ)ဂျိုးကြီး (၁၇နှစ်)(ဘ) ဦးသန်းဦး အကွက် ၅၄၀ မဟာအောင်မြေမြို့နယ်၊ ရဲဝင့်သူ (၁၄နှစ်) ၄၁ လမ်း ဗိုလ်ရတနာလမ်း စိန်ပန်းရပ် မဟာအောင်မြေမြို့နယ် တို့သည် မန္တလေးကျုံးမြောက်ဘက် တိရစ္ဆာန်ရုံရှေ့တွင် စည်သူအောင် ဆိုသူကို ဓားဖြင့်ခုတ်ခဲ့ကြောင်း၊ ဩဂုတ် ၁၄ ရက်က လမ်း၈၀(၉×၁၀) လမ်းကြားတွင် စိုင်းသီဟနှင့် အောင်ကိုလွင်တို့ကိုလည်းကောင်း၊ ဩဂုတ် ၂၇ ရက် လမ်း ၈၀ (၁၄×၁၅) လမ်းကြားတွင် မျိုးသူရဦးဆိုသူတို့ကို အကြောင်းမဲ့ ဓားဖြင့်ခုတ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အုပ်စုဖွဲ့၍ ရမ်းကားခြင်းကို ကျူးလွန်ခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ယခုကဲ့သို့ အုပ်စုဖွဲ့ရမ်းကားသူ ဖတ်တီးပါ ကိုးဦးအား **(အောက်ပုံ)** အမှတ်(၂)နယ်မြေရဲစခန်းနှင့် အမှတ်(၈)မြို့မရဲစခန်းတို့က ထိရောက်ဟန့်တားသောပြစ်ဒဏ်များရရှိအောင် အမှုခိုင်မာစွာ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း၊ ကွင်းဆက်ကျူးလွန်သူများ ဆက်လက်ဖော်ထုတ်ဖမ်းဆီးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မန္တလေးမြို့ပေါ်ရှိ ပြည်သူများ အထိတ်တလန့်ဖြစ်စေသော အုပ်စုဖွဲ့ရမ်းကားမှု ပပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးက သိရသည်။ **(၀၄၀)**

ကလေးကစားစရာ သေနတ်သုံး ယမ်းကတ်များဖမ်းမိ

မန္တလေး ဩဂုတ် ၂၅

မန္တလေး အမရပူရမြို့နယ် ရှမ်းလေးကျွန်းကျေးရွာနေ ဦးထွန်းဝေ (၅၁ နှစ်)၏ နေအိမ်၌ ဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီက ကလေးကစားစရာ ကော်သေနတ်သုံးယမ်းကတ်များနှင့် ဆက်စပ်ပစ္စည်းများ ရှာဖွေတွေ့ရှိဖမ်းဆီးရမိသည်ဟု သိရသည်။ ဖြစ်စဉ်မှာ အမရပူရမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ ဒုရဲအုပ်သန်းလွင်မိုးဦးစီးအဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဦးထွန်းဝေ၏နေအိမ်၌ ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ M-38-100 ထူးရှယ်မော်တံဆိပ်ပါ ယမ်းကတ်များ ထည့်သွင်းထားသည့် စက္ကူဘူး ၅၀၊ M-38-100 ထူးရှယ်မော် ၁၀၀ စာတန်းပါ ဘူး ၄၀၀ ထည့်သွင်းထားသည့် ကတ်ထူပုံးငါးပုံး၊ ORTINT တံဆိပ်ပါ ယမ်းများရောစပ်ထားသည့် ပုံးတစ်ပုံး၊ လက်ဖက်ရည်ပန်းကန်လုံးဖြင့်ထည့်လျက် ရေရောစပ်ထားသည့် ပန်းကန်လုံးလေးလုံး၊ ကလေးကစားစရာ ယမ်းခွဲပြုလုပ်ရာတွင် အသုံးပြုသည့် သစ်သားစားပွဲခုံတစ်လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ပေါက်ကွဲစေတတ်သော ယမ်းနှင့်ဆက်စပ်ပစ္စည်းများ ပေါ့လျော့စွာသိမ်းဆည်းထားရှိသူ ဦးထွန်းဝေအား အမရပူရရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားသည်ဟု သိရသည်။

တင်မောင်-မန္တလေး(ကိုယ်ပွား)

မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မြစ်ကြီးနား ဩဂုတ် ၂၅

မြစ်ကြီးနားခရိုင် ဗန်းမော်မြို့နယ်အတွင်း မူးယစ်ဆေးဝါးများ သယ်ဆောင်နေကြောင်း သတင်းပေးချက်အရ ဩဂုတ် ၂၂ ရက် နံနက် ၅ နာရီခွဲက ဝူယန်ကျေးရွာ ဝိုင်းမော်-ဆဒိုးကားလမ်းမပေါ်၌ ဇော်ထူး မောင်းနှင်လာသော NEW ANBO 125 ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာ ယင်းဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီအတွင်းမှ ဘိန်းဖြူမှုန့် ၁၂ ဒသမ ၁၄ ဂရမ် ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၇၀၀၀ တန်ဖိုးကို သိမ်းဆည်းရမိသည်။

တရားခံဇော်ထူး (၃၀ နှစ်) ဆဒိုးမြို့နယ်နေသူအား ဝိုင်းမော်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုးဃံကျ(မြစ်ကြီးနား)**

တပ်ကုန်းမြို့၌ ပျိုးပင်များအခမဲ့ဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီ သစ်ပင်စိုက်ပျိုးရေးအတွက် ကျွန်း၊ ပိတောက်စသည့် ရတနာတန်းဝင်ပျိုးပင်များကို ဩဂုတ် ၂၃ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များသို့ မော်တော်ယာဉ်ဖြင့် လှည့်လည်၍ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသစ်တော ဦးစီးဌာနသည် ရာသီဥတုကောင်းမွန်မျှတရေး၊ မြေဆီလွှာနှင့် ရေ၊ လေ စသည့် သဘာဝပတ်ဝန်းကျင် သန့်စင်ကောင်းမွန်အောင် ထိန်းသိမ်းရေးတို့အတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် သစ်ပင်များ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းတို့ကို ဒေသခံပြည်သူများက နိုးကြားသော အသိစိတ်ဓာတ်ဖြင့် ကိုယ်တိုင်ကိုယ်ကျ ပူးပေါင်းဆောင်ရွက်လာစေရန်အတွက် ရတနာတန်းဝင်ပျိုးပင် ပေါင်း ၇၀၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

ကျော်သူဝင်း(မြန်မာ့အလင်း)

တမူး-ကလေးဝ လမ်းပေါ်ရှိ တံတားများဆောက်လုပ်ရန် အိန္ဒိယကဒေါ်လာ ၂၄၅ သန်း ကူညီမည်

တမူး ဩဂုတ် ၂၅

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံဆက်သွယ်ရေးတွင် အရေးပါသော တမူး-ကလေးဝလမ်းပိုင်းရှိတံတား ၇၁ စင်းကို အိန္ဒိယနိုင်ငံမှ အကူအညီပေးမည့် အမေရိကန်ဒေါ်လာ ၂၄၅ သန်းဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို ၂၀၁၆ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သော်လည်း အသစ်မတည်ဆောက်နိုင်မီကာလအတွင်း ဒေသခံပြည်သူများ သွားလာမှု လွယ်ကူစေရေးအတွက် လက်ရှိတံတားဟောင်းများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ပြုပြင်ပြင်ဆင်ထိန်းသိမ်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ် အင်ဖာရ်မြို့နယ်နှင့် မြန်မာနိုင်ငံ မန္တလေးမြို့တို့အကြား ခရီးသည်တင် ပြေးဆွဲရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံတို့အကြား သဘောတူညီမှုလက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်းကိုလည်း သိရသည်။

ထိုသို့ခရီးသည်တင်ယာဉ်ပြေးဆွဲရေးအတွက် ကလေးဝ-ယာကြီးလမ်းပိုင်းကို အသုံးပြုရန် လျာထားပြီး အိန္ဒိယနိုင်ငံ၏အစီအစဉ်ဖြင့် ၂၀၁၆ ခုနှစ်တွင် ယင်းလမ်းအပြီးသတ်ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

ချင်းတွင်းသား

မြန်မာအလုပ်သမား ၁၀ ဦး ထိုင်းမှ လွှဲပြောင်းပေးအပ်

တာချီလိတ် ဩဂုတ် ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ခရိုင်/မြို့နယ် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များ၊ ထိုင်းနိုင်ငံ လဝကဦးစီးအရာရှိ စာစီတွန်ပါဝင်သည့် တာဝန်ရှိသူများက အမှတ်(၁) ချစ်ကြည်ရေးတံတားတွင် လာရောက်လွှဲပြောင်းပေးသော မြန်မာအလုပ်သမားအမျိုးသားခုနစ်ဦး၊ အမျိုးသမီးသုံးဦးကို ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီက လွှဲပြောင်းလက်ခံခြင်းပြုလုပ်ခဲ့ကြောင်း သိရသည်။

လွှဲပြောင်းလက်ခံခဲ့သော မြန်မာနိုင်ငံသား ၁၀ ဦးတို့အား တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကျောင်းအတွင်း အခြေပြုပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ ထိုင်းနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်ခဲ့ပြီး နေထိုင်ခွင့်ကတ်များ မရှိခြင်းနှင့် နယ်စပ်ဖြတ်သန်းခွင့် ခုနစ်ရက် ကျော်လွန်ခြင်းတို့ကြောင့် ရှောင်တခင်စစ်ဆေးချက်အရ ဖမ်းဆီးခံရခြင်းဖြစ်ပြီး ၎င်းတို့မှာ လူကုန်ကူးခံရခြင်းမရှိကြောင်း၊ လွှဲပြောင်းအလုပ်သမား ၁၀ ဦးအား မြို့နယ်အုပ်ချုပ်ရေးမှူးအစီအစဉ်ဖြင့် ၎င်းတို့၏မိဘဆွေမျိုးများထံ မွန်းလွဲ ၂ နာရီခွဲက ခံဝန်ဖြင့် အပ်နှံခဲ့ကြောင်း သိရသည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၁၉ ရက်မှ ၂၀၁၃ ခုနှစ် ဩဂုတ် ၂၃ ရက်အထိ လွှဲပြောင်းပေးသည့် မြန်မာအလုပ်သမား အမျိုးသား ၄၇၉၇ ဦး၊ အမျိုးသမီး ၁၆၄၈ ဦး၊ စုစုပေါင်း ၆၄၄၅ ဦးရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

တောင်သူလယ်သမား (လယ်ယာကဏ္ဍ) ဂုဏ်ပြုတေးသီချင်းများ ရေးစပ်သီဆိုမှုပြိုင်ပွဲ ပြိုင်ပွဲဝင်ရန်ဖိတ်ခေါ်ခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝတိုးတက်စေရေးအတွက် အရှိန်အဟုန်ဖြင့် အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍလုပ်ငန်းများနှင့်ဆက်နွှယ်နေသော အဓိကတောင်သူလယ်သမားများအပါအဝင် ကဏ္ဍနယ်ပယ်အသီးသီးမှ လယ်ယာကဏ္ဍဆိုင်ရာလုပ်ငန်းရှင်များ၊ ပညာရှင်များအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmers Channel) အစီအစဉ်ကို နေ့စဉ်ထုတ်လွှင့်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

၂။ အဆိုပါလယ်ယာကဏ္ဍဆိုင်ရာ တောင်သူလယ်သမားရုပ်သံလိုင်း (Farmers Channel) အစီအစဉ်တွင် ဆန်းသစ်သောအမြင်များဖြင့် တောင်သူလယ်သမားဂုဏ်ပြုတေးသီချင်းများ၊ လယ်ယာကဏ္ဍဂုဏ်ပြုတေးသီချင်းများ၊ လယ်မြေ၊ ယာမြေ၊ အမိမြေကိုချစ်မြတ်နိုးသည့် ဂုဏ်ပြုတေးသီချင်းများအား ထုတ်လွှင့်သွားရန်စီစဉ်ဆောင်ရွက်လျက်ရှိပါသဖြင့် စိတ်ပါဝင်စားသည့် တေးဂီတပညာရှင်များအား ရေးစပ်ယှဉ်ပြိုင်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၎င်းဂုဏ်ပြုတေးသီချင်းအစီအစဉ်နှင့် ဂုဏ်ပြုသရုပ်ဖော်အစီအစဉ်များအား ပါဝင်ယှဉ်ပြိုင်လိုကြသည့် ဂီတစာဆိုပညာရှင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ ဂီတဝိုင်းအလိုက်သော်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဂုဏ်ပြုတေးသီချင်းအစီအစဉ်များနှင့် ဂုဏ်ပြုသရုပ်ဖော်အစီအစဉ်များ ရေးစပ်သီဆိုမှုများသည် ကိုယ်ပိုင်တေးသီချင်းများဖြစ်ရပါမည်။

(ဂ) ပြိုင်ပွဲဝင်များ၏ တေးသီချင်းများ၊ သရုပ်ဖော်အစီအစဉ်များအား အတည်ပြုရွေးချယ်မှုကို ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွဲ့စည်းသည့်တေးရေးတေးဂီတစာဆိုပညာရှင်ကြီးများပါဝင်သောအဖွဲ့မှ ရွေးချယ်အတည်ပြုပေးသွားမည်ဖြစ်ပါသည်။

(ဃ) မိမိတို့စပ်ဆိုပါဝင်ယှဉ်ပြိုင်ကြမည့် တေးသီချင်းစာသားများနှင့် ဗွီစီဒီခွေများကို တောင်သူလယ်သမားများ ပညာပေးရေးရုပ်သံလိုင်း (Farmers Channel)ထုတ်လွှင့်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနဒေါက်တာသိန်းလွင်၊ ညွှန်ကြားရေးမှူးချုပ် ဖုန်းအမှတ်-၀၆၇-၄၁၆၅၃၃၊ ရေဆင်းနှင့် တောင်သူလယ်သမားပညာပေးရေးရုပ်သံလိုင်း (Farmers Channel) ထုတ်လွှင့်ရေးကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်၊ စိုက်ပျိုးရေးဦးစီးဌာန ဦးကျော်ဝင်း၊ ညွှန်ကြားရေးမှူးချုပ် ဖုန်းအမှတ်-၀၆၇-၄၁၀၀၀၇၊ ရုံးအမှတ်(၁၅) နေပြည်တော်သို့ ၃၁-၁၂-၂၀၁၃ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

၃။ အဆိုပါ ဂန္ထဝင်မြောက်သော တေးသီချင်းများအတွက် **ပထမငွေသားဆုအဖြစ် ငွေကျပ်သိန်း ၅၀၊ ဒုတိယငွေသားဆုအဖြစ် ငွေကျပ်သိန်း ၃၀၊ တတိယငွေသားဆုအဖြစ် ငွေကျပ်သိန်း ၂၀ အသီးသီးတို့အား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၄။ ယနေ့မျက်မှောက်ခေတ်ကာလ တောင်သူများအတွက်သာမက ရေရှည်တည်တံ့ခိုင်မြဲမည့် လယ်ယာတေးသီချင်းများအား စပ်ဆိုသီကုံးဖွဲ့နိုင်သည့် ထူးခြားသည့်ပညာရှင်များကိုလည်း ယခုဂုဏ်ပြုဆုငွေများကိုသာမက ထူးခြားစွာ ထပ်ဆောင်းဂုဏ်ပြုချီးမြှင့်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

ဥက္ကဋ္ဌ
တောင်သူလယ်သမားများ
ပညာပေးရေးရုပ်သံလိုင်း
(Farmers Channel)
ထုတ်လွှင့်ရေးလုပ်ငန်းကော်မတီ
လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မန့်ဟီးရိုး၌ စာပေမြှင့်တင်

မန့်ဟီးရိုး ဩဂုတ် ၂၅

ပြည်သူဗဟိုပြုပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သည့် ပြည်သူ့ထံ အရောက်မိုဘိုင်း(ရွေ့လျား)စာကြည့်တိုက်စာအုပ်ငှားခြင်းနှင့် စာဖတ်ဝိုင်းပြုလုပ်ခြင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ခွဲ ဌာနပေါင်းစုံ စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီက မြို့နယ်ခွဲအတွင်းရှိ ဝန်ထမ်းပေါင်းစုံတက်ရောက်ကြသည်။ တက်ရောက်လာသောဝန်ထမ်းများအား စာအုပ်ငှားရမ်းပေးခြင်းကို ဆောင်ရွက်ခဲ့ပြီး မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးဇင်အောင်က အများပြည်သူဖတ်ရှုနိုင်ရန်အတွက် စာအုပ်များ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(iprd)

တမူး-ကလေး ကားလမ်းမပေါ်တွင် ဘိန်းဖြူဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၅

ဩဂုတ် ၂၂ ရက် ည ၁၁ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး တမူး(မူးယစ်) မှတပ်ဖွဲ့ဝင်များသည် ခမ်းပါတ်မြို့နယ်ခွဲ တမူး-ကလေး ကားလမ်းမပေါ်တွင် ဟုမ္မလင်းမြို့နယ် မြင်သာကျေးရွာအုပ်စု ငိုးပင်းကျေးရွာနေ အိုက်စိုး(ခ)စိုးစိုး (၃၈ နှစ်)မောင်းနှင်လာသောဆိုင်ကယ်ကိုရှာဖွေရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရှာဖွေရာ ၎င်း၏ကျောပိုးအိတ်အတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက်ခြောက်ခွက် အလေးချိန် ၇၆ ဒသမ ၇ ဂရမ် တန်ဖိုးငွေကျပ် ၇၆ ဒသမ ၇ သိန်းကို သိမ်းဆည်းရမိသဖြင့် အိုက်စိုး(ခ)စိုးစိုးအား ခမ်းပါတ်မြို့မ ရဲစခန်း မယ(ပ)၃၄/ ၂၀၁၃၊ မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၉(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

ကျွဲ၊ နွားမှောင်ခိုသူများအား အရေးယူ

ထန်တလန် ဩဂုတ် ၂၅

တစ်ဖက်နိုင်ငံ အိန္ဒိယနယ်စပ်သို့ ကျွဲ၊ နွားများတင်သွင်းရောင်းချနေသူများအား ချင်းပြည်နယ်အစိုးရက ဇူလိုင်လမှစ၍ တရားဝင်အရေးယူနေပြီဖြစ်ကြောင်း သိရသည်။"ပြီးခဲ့တဲ့ ဇူလိုင်လကုန်က ချင်းပြည်နယ်ဟားခါးမြို့ ခွာပီးရွာက နွားကုန်သည်နှင့်နွား ၁၄ ကောင်ကို ထန်တလန်မြို့နယ်ပြည်သူ့ရဲက အာမခံမရဖမ်းဆီးထားတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအာဏာပိုင်နဲ့ ချင်းပြည်နယ်အာဏာပိုင်တွေ ချိတ်ဆက်လုပ်ထားတာဖြစ်တယ်"ဟု ဟားခါးမြို့မှ နွားကုန်သည်တစ်ဦးက ပြောသည်။ စစ်ကိုင်းတိုင်းဒေသကြီးရှိ တောင်သူလယ်သမားများက ဒေသအတွင်း ကျွဲ၊ နွားတိရစ္ဆာန်များအားဝယ်ယူ၍ တစ်ဖက်အိန္ဒိယနိုင်ငံသို့ တစ်ဆင့်ရောင်းချနေမှုကို ပိတ်ပင်တားဆီးပေးရေး သက်ဆိုင်ရာအစိုးရထံတင်ပြတောင်းဆိုမှုကြောင့် ယခုကဲ့သို့ အရေးယူမှု ပြုလုပ်ခြင်းဖြစ်ကြောင်း နွားကုန်သည်တစ်ဦးက ပြောသည်။"တိရစ္ဆာန်ကုန်သည်တွေက ဒေသထွက်နွားတွေကို ဝယ်ယူနေတော့ လယ်သမားတွေ ယာလုပ်ငန်းမှာ ထိခိုက်လာတဲ့အပေါ် ဒေသခံတောင်သူလယ်သမားတွေက သက်ဆိုင်ရာအစိုးရထံတင်ပြတယ်။ ရေရှည်အကျိုးမျှော်ကိုးရည်ရွယ်ပြီး တင်ပြတာပါ"ဟု ဒေသခံလယ်သမားတစ်ဦးက ပြောသည်။

ချင်းတွင်းသား

ခြောက်ဘီးကားက ဆိုင်ကယ်ဝင်တိုက်မိ

မိတ္ထီလာ ဩဂုတ် ၂၅

မိတ္ထီလာမြို့တွင် ဩဂုတ် ၂၃ ရက်ညက မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမိုင်တိုင်အမှတ် ၁/၂ အနီး ပြည်သူ့ဆေးရုံရှေ့တွင် အနောက်မှ အရှေ့သို့ နေစိုးလင်း မိတ္ထီလာမြို့နေသူ မောင်းနှင်လာသည့် န/---- အေရိုလတ် အစိမ်းရောင်ခြောက်ဘီးကားက မိတ္ထီလာမြို့နယ် သရက်ပင်ကျေးရွာနေ ဦးသန်းမြင့် (၆၅နှစ်) စီးနင်းလာသော ၁၁ယ/--- ဟွန်ဒါစူပါကပ် ဆိုင်ကယ်ကို နောက်မှ ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်စီးသူ ဦးသန်းမြင့်မှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်။ ယာဉ်တိုက်မှုကို မိတ္ထီလာမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

ကျိုက်ပိကျေးရွာတွင် ဖောက်ထွင်းခိုးယူမှုဖြစ်ပွား

ကျိုက်ထို ဩဂုတ် ၂၅

ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာ၌ ဩဂုတ် ၂၁ ရက် နံနက် ၁ နာရီခွဲတွင် အိမ်တစ်လုံးကို ဖောက်ထွင်းခိုးယူမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကျိုက်ထိုမြို့နယ် ကျိုက်ပိကျေးရွာနေ ဦးအောင်ကြိုင် (ခြံလုပ်သား)သည် မိသားစုများနှင့်အတူ ဩဂုတ် ၂၀ ရက် ည ၉ နာရီခွဲခန့်တွင် နေအိမ်ရှေ့မီးများပိတ်၍ အိပ်ရာဝင်အိပ်စက်အနားယူခဲ့ကြရာမှ နံနက် ၁ နာရီခွဲခန့်တွင် အပေ့ါသွားရန်အတွက် အိပ်ရာမှထစဉ် အိမ်နောက်ဖေးတံခါးမကြီးပွင့်နေသည်ကို တွေ့ရှိရသည်။ ရွှေနှင့်ငွေများထည့်ထားသည့် ဗီရိုအတွင်းကြည့်ရာ ရွှေထည်ပစ္စည်း ၁၉ မျိုး နှင့် ငွေကျပ် ၃၅ သိန်း စုစုပေါင်းတန်ဖိုးငွေကျပ် ၇၇ သိန်းကျော်ခန့် ပျောက်ဆုံးနေသည်ကို တွေ့ရှိ၍ ကျိုက်ထိုမြို့မရဲစခန်းတွင် ဩဂုတ် ၂၁ ရက် နံနက် ၅ နာရီက အမှုဖွင့်တိုင်ကြားရာ အမှုစစ်အရာရှိ ဒုရဲအုပ် ထွန်းထွန်းလင်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကျေးဇူးဆပ်ပါမည်

ကျွန်မ တင်တင်အိ ၁၂/ဒဂတ(နိုင်)၀၀၁၉၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် M-၆၃၁၁၀၃မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၃၁၀၇၃၃၈၁

ပိန်းမလျှာလောက ဘဝတစ်စိတ်တစ်ပိုင်း
"သည် . . . ဝတ္ထုမှ
ထင်ရှားတဲ့ မင်းသားနဲ့ ထင်ရှားတဲ့ ဒါရိုက်တာရဲ့
ပြင်းပြလှတဲ့ အချစ်ဇာတ်လမ်း . . .
လောကပေါင်းစုံမှ ငုပ်လျှိုးနေတဲ့
ကာမစိတ်များအကြောင်း . . .
ယောကျ်ားမဟုတ် မိန်းမမဟုတ် ယောကျ်ားလိုလို
မိန်းမလိုလို ဗဟာသုတ . . .
ဖြစ်ချင်တိုင်းဖြစ်နေသော ပုရိသနှစ်ဦး . . .
ရသစုံနှင့် သင်ခန်းစာရယူဖွယ် ဖတ်ရှုရမည်။
တန်ဖိုး - ၁၅၀၀ ကျပ်ဖြင့် ဖုန်း-၀၉ ၄၂၂ ၄၈၈၆၈၈
၀၉ ၄၂၀ ၁၀၅၅၅၄၄ တို့တွင် ဆက်သွယ်မှာယူနိုင်ပြီ။

ပြည်တွင်းသတင်း

ရေဆင်း(၁) စပ်မျိုးနေကြာအိတ်များ တောင်သူများထံပေးအပ်

ပုလဲ ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ၂၀၁၃-၂၀၁၄ ခုနှစ် မိုးနှမ်းစိုက်ပျိုးရာတွင် မိုးခေါင်သောကြောင့် ပျက်စီးဆုံးရှုံးခဲ့သော မြို့နယ်အတွင်းရှိ စိုက်ဧက ၁၂၄ ဧကကို အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် တောင်သူများထံသို့ ရေဆင်း(၁) စပ်မျိုးနေကြာအိတ်များ ပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။

ရှေးဦးစွာ ပုလဲမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုလေးက ရေဆင်း(၁)စပ်မျိုးနေကြာအိတ်များ ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့က ရေဆင်း(၁) စပ်မျိုးနေကြာအိတ်များကို တောင်သူများထံ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ပုလဲမြို့နယ်အတွင်းရှိ တောင်သူ ၈၄ ဦး တက်ရောက်ခဲ့ပြီး စိုက်ဧက ၁၂၄ ဧကအတွက် ရေဆင်း(၁) စပ်မျိုးနေကြာအိတ် ၁၂၄ အိတ်တို့ကို ပေးအပ်လှူဒါန်းရာ မိုးနှမ်းစိုက်ပျိုးမှု ပျက်စီးဆုံးရှုံးသူ တောင်သူများကိုယ်စား မြကုန်းကျေးရွာမှ တောင်သူ ဦးရွှေဘက "ကျွန်တော်ဆိုရင် ဒီနှစ် မိုးကလည်း ခေါင်တော့ မိုးနှမ်း ၁၀ ဧက စိုက်ပျိုးခဲ့တာ အားလုံးဆုံးရှုံးသွားလို့ စိတ်ညစ်နေတာ၊ နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန်မှုအရ တောင်သူလယ်သမားတွေအတွက် မိုးနှမ်းပျက်စီးဆုံးရှုံးသွားတဲ့ စိုက်ဧကများနေရာမှာ ရေဆင်း(၁) စပ်မျိုးနေကြာများအစားထိုး စိုက်ပျိုးနိုင်အောင်လို့ မျိုးအိတ်များ အခမဲ့ဖြန့်ဝေလှူဒါန်းပေးတဲ့ တာဝန်ရှိသူများအားလုံးကို တောင်သူလယ်သမားများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားသည်။

မြင့်သိန်းစိုး(ပုံတောင်မြေ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၅-၈-၂၀၁၃	**ရွှေဈေး**	(အောင်သမာဓိရွှေဆိုင်)
ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၇၁၆၅၀၀-၆၇၄၄၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၇၁၆၅၀၀-၆၇၄၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၆၅ - ၉၇၅	ကျပ်
ဥရောပ	တစ်ယူရို	၁၂၉၀ - ၁၀၃၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၈ - ၇၆၆	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅ - ၃၂.၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၃ - ၁၅.၈၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၈ - ၁၆၃	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၈၈ - ၂၉၇	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၃၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၄၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၆၀၀၀	ကျပ်
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၀၀၀-၃၂၀၀	ကျပ်
၃။	ငါးရံ့	တစ်ပိဿာ	၃၂၀၀-၅၆၀၀	ကျပ်
၄။	ငါးဖယ်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	၃၅၀၀-၆၀၀၀	ကျပ်
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀-၂၆၀၀၀	ကျပ်
၇။	ငါးသလောက်	တစ်ပိဿာ	၈၀၀၀-၂၆၀၀၀	ကျပ်
၈။	ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀	ကျပ်
၉။	ဝက်	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၀။	အမဲ	တစ်ပိဿာ	၃၅၀၀-၇၀၀၀	ကျပ်
၁၁။	ဆိတ်	တစ်ပိဿာ	၁၁၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ပင်လယ်ငါးဖမ်းသူ၊ ကန်ငါးမွေးသူတို့ ဈေးကောင်းရနေ

ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းဖြင့် နှစ်ပေါင်းရှည်ကြာစွာ အသက်မွေးဝမ်းကျောင်းပြု၍ ကြည့်မြင်တိုင် မြို့နယ်တွင်နေထိုင်သူ ငါးဖမ်းအဖွဲ့ခေါင်းဆောင် ကိုမင်းမင်းက "ဒီနှစ် ငါးဖမ်းရတာ ငါးက ပိုရှားလာတယ်။ ဒါပေမယ့် ဈေးကပိုရလာတယ်"ဟု မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားသည်။ ပြည်တွင်းငါးကန်များ မွေးမြူခြင်းဖြင့် အောင်မြင်လျက်ရှိနေသော တွံတေးမြို့နယ်မှ ကိုဝင်းနိုင်က "ဒီနှစ်ငါးမြစ်ချင်းဈေးကွက် ပိုကောင်းလာတယ်"ဟု ဆိုခဲ့ပြန်သည်။ပင်လယ်ငါးများအနေဖြင့် ယခင်က တစ်ပိဿာ ငွေကျပ် ၆၀၀-၇၀၀ ရှိနေရာမှ ယခုအခါ တစ်ပိဿာငွေကျပ်၂၀၀၀ နီးပါးအထိ ဈေးကောင်းရလာကြသည်ကိုလည်း သိရသည်။

ကိုမင်းမင်းကပင် "ငါးဈေးက အခုရန်ကုန်မှာသုံးနေတဲ့ ပုံးအပြာ အရှည်ကြီးတစ်ပုံးကို ငါးအည့်ဆိုရင် တစ်သိန်းကျော်ရနေတယ်၊ဈေးကောင်းတဲ့ ငါးမုတ်လို၊ငါးမြစ်ချင်းလို၊ ငါးရွှေလို ငါးမျိုးတွေဆို တစ်ပုံးကို ငွေကျပ် ၁၀ သိန်းအထက်မှာရှိတယ်။ ၁၅ရက် တစ်ခေါက်ဆို ပုံး ၄၀၊ ၅၀ အထိပဲရတယ်။ ငါးရှားပေမယ့် ဈေးက အတော့်ကို ကောင်းနေတာ"ဟု ထပ်မံဆိုခဲ့ပြန်ပါသည်။မြန်မာ့ငါးမြစ်ချင်းဈေးကွက်မှာ ကမ္ဘာ၌ တင်ပို့မှုအများဆုံးသော နိုင်ငံတစ်နိုင်ငံအဖြစ် ရရှိနေသည်ကို ကုမ္ပဏီကြီးများထံမှ သိရသည်။ နိုင်ငံခြားသို့ တင်ပို့မှု၌ ယခင်က 2 up (တစ်ပိဿာ ၅၀ ကျပ်သားခန့်)၊ 3up (၃ ပိဿာ ၂၀ ကျပ်သားခန့်)၊ 4 up (၄ ပိဿာ ၂၀ ကျပ်သားခန့်) သုံးမျိုးသုံးစားခဲ့ခြားဝယ်ယူခဲ့ကြသည်။ ယခုကဲ့သို့ ငါးမျိုးပွားရာသီချိန်၌ ဥကပ်ငါးများရှိနေခြင်းအတွက် မူလသတ်မှတ်အရွယ်အစားထက် အရွယ်တိုးသတ်မှတ်ဝယ်ယူခဲ့ခြင်းရှိသော်လည်း ယခုနှစ်တွင်မူ အရွယ်တိုးမြှင့်သတ်မှတ်ခြင်းမပြုဘဲ မူလကသတ်မှတ်အရွယ်အတိုင်းပင် ဝယ်ယူလာကြသည်ဟု ဆိုသည်။

ယခင်က 2 up တစ်ကောင်လျှင် ငွေကျပ် ၂၅၀၀၊ 3 up တစ်ကောင်လျှင် ငွေကျပ် ၂၇၀၀၊ 4 up တစ်ကောင်လျှင် ငွေကျပ် ၂၉၀၀ဈေးရှိနေရာမှ ယခုနှစ်အတွင်း 2 up တစ်ကောင်လျှင် ငွေကျပ် ၂၈၀၀၊ 3 up တစ်ကောင်လျှင် ငွေကျပ် ၂၉၅၀၊ 4 up တစ်ကောင်လျှင် ငွေကျပ် ၃၀၅၀ အထိ ဈေးမြင့်လာခဲ့ကြောင်း ကုမ္ပဏီများသို့ ကန်ငါးသွင်းသူတစ်ဦးက ဆိုသည်။ ထို့အပြင်ငါးမြစ်ချင်းဥနှင့် ဆီပေါင်းများကို ယခင်က ဘေးထွက်ပစ္စည်းအဖြစ်သာ ဝက်စားကျွေးသည့်နေရာ၌သာ အသုံးတည့်ကြသည်။ ယခုအခါ ပြည်ပဈေးကွက်ဝင်လာသည်။ သို့အတွက် ငါးမြစ်ချင်းဈေးမှာ ဦးမော့တက်လာခြင်းဖြစ်ကြောင်း ငါးဈေးကွက်မှ သိရသည်။ ငါးမြစ်ချင်း နှစ်ပိဿာငါးဆယ်သားအကောင်တစ်ကောင်လျှင် အတွင်းဥငါးဆယ်ကျပ်သားအထက်တွင်ရှိသည့်အတွက် ၎င်းမှာလည်း ဈေးကောင်းများရရှိလာသည်ဟု ဆိုသည်။ **(ဝဲပုံ)**

တင်ဝင်းလေး(ကြည့်မြင်တိုင်)

၁၉-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောက်လုပ်သူ ဦးတင်ဝင်းသိစေရန် အသိပေးကြေညာခြင်းနှင့်ပတ်သက်၍ ဒေါ်ကြွေကြွေသန်း ၁၂/သဃက(နိုင်)၁၂၉၅၄၃၊ ဒေါ်ဘေဘီသန်း ၁၂/သဃက(နိုင်)၁၂၃၅၆၉၊ ရှေ့ကျွန်း ဦးတင်ရီ (အထက်တန်းရှေ့နေ)နှင့်

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်မောက်ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် (၁၆၁/A2)နေ ဦးတင်ဝင်း ၁၂/တမန(နိုင်)၀၉၁၅၀၆၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ကြွေကြွေသန်း၊ ဒေါ်ဘေဘီသန်းတို့၏ ညွှန်ကြားချက်အရ (အထက်တန်းရှေ့နေ) ရှေ့ကျွန်း ဦးတင်ရီ၏ ကြေညာချက် အပိုဒ်(၁)၊ အပိုဒ်(၃)နှင့် ပတ်သက်၍ ဒေါ်ကြွေကြွေသန်း၊ ဒေါ်ဘေဘီသန်းနှင့် ကန်ထရိုက်တာ ဦးတင်ဝင်းမှာ ၂၈-၃-၂၀၁၃ ရက်တွင် နှစ်ဦးသဘောတူ သုံးထပ်ခွဲ RC 4½ တိုက်သစ်ဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခဲ့သည်မှာ မှန်သော်လည်း ထိုစာချုပ်၏ အပိုဒ်(၁)တွင် ဆောက်လုပ်သည့်ကာလကို အိမ်ပုံစံကျသည့်ရက်မှစ၍ သတ်မှတ်ရက်ကို စတင်ရေတွက်မည်ဖြစ်ကြောင်း ဖော်ပြချုပ်ဆိုထားပါသည်။

အပိုဒ်(၂)နှင့်ပတ်သက်၍ ခွင့်ပြုချက်ပုံစံ (ပါမစ်အစိမ်း)အတွက် ငွေမသွင်းရသေးခြင်းမှာ အထပ်ပိုအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာနမှ တရားဝင် ဒဏ်ကြေးကောက်ခံပြီးမှသာ ငွေသွင်းရမည်ဖြစ်ပါသည်။

အပိုဒ်(၄)နှင့် ပတ်သက်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန၊ အဆောက်အအုံ၏ ၁၇-၇-၂၀၁၂ ရက်စွဲပါ စာအမှတ် ၃၁၇၃/ပြင်ပ/စည်ပင် ယာ/အုံ(စစ်)အရ ခြောက်ထပ်အဆောက်အအုံတွင် ပိုမိုဆောင်ရွက်ထားသော အပေါ်ဆုံးအထပ်အား ၁၁-၈-၂၀၁၃ ရက် နောက်ဆုံးထား၍ ပြန်လည်ဖျက်သိမ်းပေးရန်အကြောင်းကြားစာကို စည်ပင်သာယာမှ ဒေါ်ကြွေကြွေသန်း၊ဒေါ်ဘေဘီသန်း လက်ရှိနေထိုင်သောလိပ်စာဖြင့် ပေးပို့ရာ ဒေါ်ကြွေကြွေသန်း၊ ဒေါ်ဘေဘီသန်းတို့မှ ထိမ်ချန်၍ ကန်ထရိုက်တာ ဦးတင်ဝင်းအား ဆက်သွယ်အသိပေး အကြောင်းကြားခဲ့ခြင်းမရှိပါ။ ထိုအကြောင်းကြားစာမပေးပို့ခင် ၉-၇-၂၀၁၃ ရက်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန၊ အဆောက်အအုံမှ သဃ်န်းကျွန်းမြို့နယ်အတွင်းရှိ အိမ်ရှင်များ၊ ကန်ထရိုက်တာများအား ခွင့်ပြုချက်မရဘဲ အထပ်ပိုဆောက်လုပ်ခြင်းနှင့်ပတ်သက်ပြီး ခေါ်ယူဆွေးနွေးရာတွင် ဒေါ်ကြွေကြွေသန်း၊ ဒေါ်ဘေဘီသန်းတို့မှ ကန်ထရိုက်တာ ဦးတင်ဝင်းနှင့် ညှိနှိုင်းခြင်းမရှိဘဲ မိမိတို့၏သဘောဆန္ဒဖြင့် အထပ်ပိုဖြစ်သော အပေါ်ဆုံးထပ်အား ဖျက်သိမ်းပေးပါမည်ဟု လက်မှတ်ရေးထိုးခဲ့သည့်နောက်မှသာ ၁၇-၇-၂၀၁၃ ရက်စွဲပါ အကြောင်းကြားစာ ရောက်ရှိလာခြင်းဖြစ်ပါသည်။

မြေရှင် ဒေါ်ကြွေကြွေသန်း၊ ဒေါ်ဘေဘီသန်းနှင့် ကန်ထရိုက်တာ ဦးတင်ဝင်းတို့မှ ၂၈-၃-၂၀၁၃ ရက် ချုပ်ဆိုသော သုံးထပ်ခွဲ RC 4 ½ တိုက်သစ်ဆောက်လုပ်ရန် စာချုပ်ပါ စကားရပ်များ၊ စည်းကမ်းချက်များ၊ ခွဲဝေယူမည့်တိုက်ခန်းများအား နှစ်ဦးနှစ်ဖက်သဘောတူညီချက်များဖြင့် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြပြီး ဖြစ်ပေါ်လာသည့် ကိစ္စရပ်များကို မြေရှင်များမှ ကန်ထရိုက်တာအား ညှိနှိုင်းဆောင်ရွက်ခြင်းမရှိဘဲ မိမိတို့၏သဘောဆန္ဒဖြင့် အထပ်ပိုအား ဖျက်သိမ်းပေးပါမည်ဟု လက်မှတ်ရေးထိုးခဲ့ခြင်းအပေါ် ကန်ထရိုက်တာတွင် တာဝန်မရှိပါကြောင်းနှင့် နှစ်ဖက်သဘောတူချုပ်ဆိုသောစာချုပ်အား တစ်ဖက်သတ်ဖျက်သိမ်းပြီး ကန်ထရိုက်တာ၏ ခွင့်ပြုချက်မရဘဲ အဆောက်အအုံအတွင်း ဝင်ရောက်နေထိုင်ပါက တရားဥပဒေအရ ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်၍ အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းခိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၁၇)
အမှတ် ၂၃၈၊ မာန်ပြေ ၆ လမ်းအရှေ့၊ ၃ ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၅၉၃၉

ကန့်ကွက်နိုင်ပါသည်

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ-

[illegible]

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် (၂၁၇၁)၊ (၂၁၇၂)နှင့် (၂၁၇၃) အမည်ပေါက် ဦးမြင့်စိုး၏ မြေကွက်ကို လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဒေါ်မောင်ယံ MSE-၀၂၈၂၃၇ မှ မြေကွက်စလစ် (မူရင်း)၊ ငွေသွင်းချလန် (မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) များ တင်ပြပြီး မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာသဖြင့် ကြော်ငြာသည့်ရက်မှ စ၍ ၁၄ ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ အနော်ရထာလမ်း၊ အမှတ် ၂၇၆ နေ ဦးကျင်ဟုတ် ၁၂/လမတ(နိုင်)၀၁၁၂၃၇ ၏ သားမောင်နောင်လွင် ၁၂/လမတ(နိုင်)၀၃၄၁၄၁ သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိမိသဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

ဖခင်-ဦးကျင်ဟုတ်

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးသက်ဇော်၏ နိုင်ငံကူးလက်မှတ် M-၄၆၄၁၃၃သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၀၀၂၆၂**

အမည်ပြောင်း

ဦးငွေလမိုးထူးအောင်၏သား မောင်မိုးဟိန်းကျော် ဒုတိယတန်း(B) ဗိုလ်တထောင် (၅)အား မောင်ဟန်ထူးအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟန်ထူးအောင်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ လူနေရပ်ကွက်အမှတ် (ပဲခူး-ဥဿာမြို့သစ်)၊ မြေကွက်အမှတ် ၆၁၊ မြေဧရိယာ ၀ ဒသမ ၁၈၄ဧက၊ (အလျားပေ ၈၀×အနံ ပေ ၁၀၀)ရှိ နှစ် ၃၀ ဂရန်မြေကွက်ကို ဒုတိယဗိုလ်မှူးကြီးမောင်နီက အမည်ပေါက် လက်ရှိပိုင်ဆိုင်ခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိသူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူရှိပါက ငါးရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအုံးမောင် (ဘီအက်စ်စီ၊ ဘီအယ်လ်)
တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်(စဉ်-၈၃၀)
အမှတ်(၃)၊ ၃၄ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀၁၂၉၈၂၊ ၀၉-၇၃၀၂၄၈၃၆၊ ၅၂၅၅၆၄

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း မြေကွက်အမှတ် ၇၄၀၊ မြေဧရိယာ (၅၇ပေ×ပေ၆၀)ထဲမှ ခေါင်းရင်းခြမ်း ဧရိယာ ပေ(၂၀×၆၀) မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အဆောက်အအုံကိစ္စ

အများသိစေရန်ကြေညာချက်

အထက်ပါမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်တင်ဝင်း ၁၂/ဥကမ(နိုင်)၀၃၀၄၁၂ က မြေချပါမစ်ဓာတ်ပုံမိတ္တူ အဆင့်ဆင့်သောအရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားနေကြောင်း ဝန်ခံပြောဆိုပြီး ကာလတန်ဖိုးငွေ ၈၀၀၀၀၀၀ိ/(ကျပ်သိန်းရှစ်ဆယ်တိတိ)ဖြင့် လွှဲပြောင်းရောင်းချ၊ လက်ရောက်ပေးအပ်ခဲ့၍ ကျွန်ုပ်၏မိတ်ဆွေက ၁-၁၀-၂၀၁၂ ရက်ကတည်းက ငွေပေးချေ၊ စာချုပ်ချုပ်ဆို၊ ဝယ်ယူပိုင်ဆိုင်အကျိုးခံစားနေပါကြောင်း၊ စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာကိုပါ လက်ခံရရှိထားပါကြောင်း၊ ထိုအိမ်မြေပိုင်ဆိုင်လက်ရှိထားမှုနှင့်စပ်လျဉ်း၍ မည်သူတစ်ဦးတစ်ယောက်မျှ ခြိမ်းခြောက်၊ နှောင့်ယှက်၊ ကန့်ကွက်ခွင့်လုံးဝမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူပိုင်ဆိုင်ထားသူ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်ထွန်း(LL.B)	**ဒေါ်ချိုချိုမြင့်** (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၉၃၄၇)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၅)**
ဒေါ်နှင်းမြတ်မိုရ်(LL.B)	**အမှတ် ၄၀၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊**
အထက်တန်းရှေ့နေ(စဉ်-၄၀၉၅၉)	**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်**
	ဖုန်း-၀၉-၅၀၇၄၆၅၀၊ ၅၉၀၀၈၄

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်ဒေသမီးလင်းရေး လျှပ်စစ်ဓာတ်အားစက်ရုံဖွင့်

ဟားခါး ဩဂုတ် ၂၅

ချင်းပြည်နယ်အစိုးရနှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ဇီဝဓာတ်ငွေ့ဖြင့် ကျေးလက်ဒေသမီးလင်းရေး လျှပ်စစ်ဓာတ်အား စက်ရုံဖွင့်ပွဲအခမ်းအနားကို ချင်းပြည်နယ် ဟားခါးမြို့နယ် သီတာကျေးရွာတွင် ဩဂုတ် ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်းပေါင်၊ အစိုးရ စက်မှုလက်မှုသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဒေါက်တာဆလိုင်းတလွန်ဇထန်းနှင့် ရပ်မိရပ်ဖ ဦးချန်လျန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ မီးဖွင့်ပေးပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဇီဝဓာတ်ငွေ့ဖြင့် ဓာတ်ငွေ့ထုတ်လုပ်မှုအဆင့်ဆင့်နှင့် နေအိမ်များတွင် လျှပ်စစ်မီးပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။အဆိုပါဇီဝဓာတ်ငွေ့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုနိုင်ရန် နွားမွေးမြူရေးခြံမှ စွန့်ပစ်နွားချေးများကို အသုံးပြုခြင်းဖြစ်ကာ သီတာကျေးရွာတစ်ရွာလုံးကို လျှပ်စစ်မီးပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ယောက်သွားအင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတွင် ပြည်သူများအား တန်ဖိုးနည်းဖုန်းဆင်းကတ်များ ချထားပေးရာ ဩဂုတ် ၂၃ ရက် က ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်မြင့်နှင့် အထောက်အကူပြုအဖွဲ့က ပြည်သူများရှေ့တွင် ပွင့်လင်းမြင်သာစွာ မဲစနစ်ဖြင့် ချထားပေးစဉ်။

ကိုကိုရှုပ(နေပြည်တော်)

တောင်ပြိုမှုကြောင့် လူနေအိမ်များပျောက်ဆုံး

ဖလမ်း ဩဂုတ် ၂၅

ဩဂုတ် ၂၃ ရက် ညနေ ၄ နာရီက ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာနှင့် ဇာလိုင်ကျေးရွာကြား သိုင်နောက်လိုဗားချောင်းနံဘေးရှိ လူနေအိမ်လေးမှာ တောင်ပြိုမှုကြောင့် ရွှံ့ညွန်နှင့် မြေစာဖြင့် နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

လိုင်ဇိုးကျေးရွာအုပ်စုရှိ ဇာလိုင်ကျေးရွာမှလူနေအိမ်တစ်လုံးမှာ ထပ်မံပျက်စီးခဲ့၍ **(အပေါ်ပုံ)** လက်ရှိအချိန်တွင် နေအိမ်ပျက်စီးမှုနှင့် ပျောက်ဆုံးနေမှုအခြေအနေမှာ ဒေါ်ဇလှယ်ကွယ် (၅၈နှစ်)၊ မိသားစုဝင်တစ်ဦးနှင့် အိမ်တန်ဖိုးငွေကျပ် သိန်း ၂၀ မှာ ဇာလိုင်ကျေးရွာတွင်ပျက်စီးခဲ့ပြီး ထပ်မံ၍ ပျက်စီးနေအိမ် နှစ်လုံး၊ပျောက်ဆုံးနေအိမ်နှစ်လုံး၊ လိုင်ဇိုးကျေးရွာ၌ ပျောက်ဆုံးနေအိမ်တစ်လုံးတို့ ဖြစ်ကြောင်း သိရသည်။

နေအိမ် ပျက်စီးပျောက်ဆုံးသွားသော မိသားစုဝင်များ၏ နေထိုင်စားသောက်ရေးကို နီးစပ်ရာဆွေမျိုးသားချင်းများနှင့် ကျေးရွာရပ်မိရပ်ဖများက ဆောင်ရွက်လျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ခရိုင်ပြန်/ဆက်)

ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်း ယာယီပြတ်တောက်

ကလေး ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် မြစ်ရေကြီးမှုများ ဖြစ်ပေါ်ခြင်း၊ ရထားလမ်းနှင့် ကားလမ်းများပေါ်သို့ ရေကျော်ခြင်းများ ဖြစ်ပေါ်ကာ ကလေး-ဂန့်ဂေါရထားလမ်းပိုင်း ယာယီပြတ်တောက်မှုဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်း ယာယီပြတ်တောက်မှုဖြစ်နေပါတယ်။ ဩဂုတ် ၂၀ ရက်က စဖြစ်ခဲ့တာ။ ကလေး မြောင်းချောင်းပေါ်မှာရှိတဲ့ တံတားအမှတ်(၁၁၁၇) ဖြစ်ပါတယ်။ ဖြစ်ပွားပုံက တံတားတောင်ဘက်ကမ်းကပ်ခုံက ဖြစ်တာပါ။ ရေကကမ်းကပ်ခုံ အောက်ထဲကို လိုက်စားပြီး မြေထိန်းနံရံက ချောင်းဘက်ကို ခြောက်ပေခန့် စိုက်သွားလို့ ဂန့်ဂေါ-ကလေးက သံလမ်းလုပ်သားတွေနဲ့ ရွာထောင်တံတားအထူးအဖွဲ့နဲ့ ပူးပေါင်း ဆောင်ရွက်နေပါတယ်။ လကုန်ပိုင်းလောက် အားလုံးပြီးစီးမှာဖြစ်ပြီး ကလေး-ဂန့်ဂေါရထားလမ်း ပုံမှန်ပြေးဆွဲသွားမှာ ဖြစ်ပါတယ်"ဟု မီးရထားရုံးမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။ ကလေး-ဂန့်ဂေါရထားလမ်းပိုင်းတွင် ကလေး-ဂန့်ဂေါခေါက်ပြန်ရထား၊ ကလေး-မွေ့လည်ရထား၊ ကလေး-ဟံသာဝတီရထား၊ ကလေး-နတ်ချောင်းရထားတို့ ယခုပြေးဆွဲနေပြီး ပုံမှန် ကလေး-နတ်ချောင်းရထားသာ ဆက်လက်ပြေးဆွဲနေကြောင်း၊ ကလေး-ဂန့်ဂေါ ရထားလမ်းပိုင်းကို ဩဂုတ်လကုန်ပိုင်းတွင် ပုံမှန်ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

သျှင်နေမင်း

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ဘဲမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥန္နန်းကောင်းမွန်သော ထိုင်ဝမ်ဘဲနှင့် ဒေသဘဲ၊ ဥစားဘဲငယ်များအား ပထမဆုံး အကြိမ်ဖြန့်ဝေခြင်းကို ဩဂုတ် ၂၃ ရက်က မော်လမြိုင်ကျွန်းမြို့ ဗိုလ်ချုပ်လမ်းရှိ တော်ဝင်ဦး ဘဲဖြန့်ဝေရေးလုပ်ငန်း၌ ဖြန့်ဝေပေးစဉ်။ (ဝဲပုံ)

(မော်ကျွန်း-မြင့်အောင်)

နိုင်ငံတကာအားကစားသတင်း

ဘိုင်ယန်နှင့်လေဗာကူဆင် သုံးပွဲဆက်တိုက်နိုင်

ဘိုင်ယန်မြူးနစ်နှင့် လေဗာကူဆင်တို့သည် ဘွန်ဒက်စ်လီဂါတွင် ဦးဆောင်နေသော ဒေါ့မွန်နှင့်အတူ အမှတ်ချင်းတူညီသွားပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ်က နူရင်ဘတ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ရာတွင် ရစ်ဘာရီနှင့် ရော့ဘင်တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။

လေဗာကူဆင်ကလည်း မွန်ချန်ဂလာဘတ်ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရလိုက်သည်။ မိန့်ဇ်ကလည်း ဝုဖ်ဘတ်ကို နှစ်ဂိုးပြတ်ဖြင့်နိုင်ကာ သုံးပွဲကစား သုံးပွဲအနိုင်ရရှိထားသည်။ ယင်းတို့သည်သုံးပွဲကစား သုံးပွဲနိုင်ပြီး အမှတ်ပေးဇယားတွင် ရမှတ် ၉ မှတ်စီဖြင့် ဦးဆောင်နေသည်။

ရီးရဲက ဂါးရက်ဘေးလ်အား ပုံစံနှစ်မျိုးဖြင့် ကမ်းလှမ်း

ရီးရဲမက်ဒရစ်က စပါးတောင်ပံကစားသမား ဂါးရက်ဘေးလ်အား ပုံစံနှစ်မျိုးဖြင့် ကမ်းလှမ်းထားရာ စပါးကတစ်ခုခုကို လက်ခံရန်စောင့်ဆိုင်းနေကြောင်း ရီးရဲမက်ဒရစ်က ပြောကြားသည်။

ပထမကမ်းလှမ်းမှုမှာ ယူရိုသန်း ၁၀၀(ပေါင်သန်း ၈၀)ပေးကမ်းလှမ်းခြင်းဖြစ်သည်။ အခြားကမ်းလှမ်းမှုမှာ ပေါင်သန်း ၇၀ နှင့် ကစားသမားတစ်ဦး အလိုက်ပေးကမ်းလှမ်းထားခြင်းဖြစ်သည်။ အသက် ၂၄ နှစ်ရှိ ဝေလကစားသမား ဂါးရက်ဘေးလ်သည် မကြာမီ စပိန်လာလီဂါသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

လက်ရှိချန်ပီယံ ဂျူဗင်တပ်စ် နိုင်ပွဲစပြီ

အီတလီစီးရီးအေပြိုင်ပွဲများကို ဩဂုတ် ၂၄ ရက်ညပိုင်းက စတင်ကျင်းပရာ လက်ရှိချန်ပီယံ ဂျူဗင်တပ်စ်က ဆမ့်ဒိုးရီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဖလားကာကွယ်ရန် ပထမဆုံးသော နိုင်ပွဲကို စတင်လိုက်သည်။ ဂျူဗင်တပ်စ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို တိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်က စတင်သွင်းယူလိုက်သည်။

မန်စီးတီးတိုက်စစ်မှူးဟောင်း တီဗက်ဇ်သည် ကစားချိန် တစ်နာရီမပြည့်မီ ပေါလ်ပေါ့ဘာ၏ ဖြတ်တင်ဘောမှတစ်ဆင့် သွင်းယူခဲ့သည်။ ဂိုးသွင်းခွင့် လုံးဝမဖန်တီးနိုင်သော ဆမ့်ဒိုးရီးယားမှ လူစားဝင်လာသူ ပေါလိုကက် စတယ်လီနီသည် ကြမ်းတမ်းစွာကစားခဲ့မိ၍ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ကောင်းမြတ်သူ-စုစည်းသည်

ပရီမီယာလိဂ်မှာ အာစင်ဝင်းဂါးပြုံးနိုင်ပြီ

မိုးမြင့်လင်းလက်

ပရီမီယာလိဂ်ပွဲစဉ်(၂)မှာ အာစင်ဝင်းဂါး ပြုံးပျော်နိုင်ခဲ့ပါပြီ။ အာဆင်နယ်နည်းပြနေရာနဲ့ ထိုက်တန်ရဲ့လားဆိုတဲ့ ဝေဖန်မှုတွေကိုလည်း ပွဲရလဒ်တွေနဲ့ သက်သေပြနိုင်ခဲ့ပါတယ်။ လီဗာပူးနည်းပြ ရော်ဂျာလည်း အဝေးကွင်းမှာနိုင်ပွဲရလို့ အမှတ်ပြည့် ဆက်တိုက်ရယူသိမ်းပိုက်နေဆဲပါပဲ။

ဖူလ်ဟမ်နှင့် အာဆင်နယ်

ဒီပွဲကိုနိုင်မှုဖြစ်မယ့် အာဆင်နယ်ဟာ ဖူလ်ဟမ်ကွင်းကို ဂီရော့ဒ်၊ ပိုဒေါစကီး၊ ဝဲလ်ကော့၊ ကာဇိုလာတို့အားကိုးနဲ့ ချီတက်လာခဲ့တာဖြစ်ပါတယ်။ ဖူလ်ဟမ်တို့ကလည်း တိုက်စစ်မှာ ဘာဘာတော့ဗ်၊ ကာဆာစီ၊ ဒပ်ဖ်၊ တာရက်ဘ်တို့နဲ့ ခုခံကာကွယ်ရင်ဆိုင်ခဲ့ပေမယ့် အာဆင်နယ်ရဲ့ ပေါက်ကွဲမှုတွေဟာ ဖူလ်ဟမ်ပေါ် ကျရောက်သွားခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်ဟာ ပွဲချိန် ၁၄ မိနစ်မှာ ရမ်ဆေးရဲ့ ဖန်တီးမှုကတစ်ဆင့် ဂီရော့ဒ်က အနီးကပ်သွင်းခဲ့လို့ အဖွင့်ဂိုးရရှိသွားခဲ့ပါတယ်။

ဖူလ်ဟမ်တို့က ပွဲအစမှာ ပြင်းပြင်းထန်ထန် တုံ့ပြန်ခဲ့လို့ အာဆင်နယ်တို့ ဟန်ချက်ပျက်ခဲ့ပေမယ့် တစ်ခဏအတွင်းမှာပဲ ယိမ်းယိုင်မှုကိုပြန်ထိန်းခဲ့ပြီး ဂိုးတွေသွင်းယူနိုင်တာ ဖြစ်ပါတယ်။

ဖူလ်ဟမ်တို့ ချေပဂိုးသွင်းယူနိုင်ဖို့ အခွင့်အရေးကောင်းတွေရရှိခဲ့ပေမယ့် အာဆင်နယ်တို့ ဟန့်တားနိုင်ခဲ့လို့ သက်သာခဲ့ပါတယ်။

ပွဲချိန် ၄၁ မိနစ်မှာတော့ ဝဲလ်ကော့ ကန်သွင်းချက်ကို ဖူလ်ဟမ်ဂိုးသမားပုတ်ထုတ်လို့ ထွက်လာတဲ့ဘောလုံးကို ပိုဒေါစကီးကအမြန်ကန်သွင်းယူခဲ့လို့ အာဆင်နယ်တို့ ဒုတိယဂိုးရခဲ့သွားပါတယ်။ ပထမပိုင်းပွဲချိန်အပြီးမှာ အာဆင်နယ်က နှစ်ဂိုးအသာနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

ဒုတိယပိုင်းပွဲချိန် အတွင်းမှာလည်း အာဆင်နယ်တို့က ဖိအားပေးကစားနိုင်ခဲ့တာမို့ ပွဲချိန် ၆၈ မိနစ်မှာ ပိုဒေါစကီးကပဲ ဘယ်ခြေနဲ့အနိမ့်ဘောကန်သွင်းယူခဲ့တာကြောင့် တတိယဂိုး ရရှိခဲ့တာပါပဲ။ ဖူလ်ဟမ်တို့အတွက် ချေပဂိုးကို ၇၇ မိနစ်မှာ လူစားဝင်လာတဲ့တိုက်စစ်မှူး ဘန့်က ဂိုးသွင်းယူခဲ့တာမို့ ပွဲအပြီးမှာ အာဆင်နယ်က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရပြီး နည်းပြ အာစင်ဝင်းဂါးဟာ ခေါင်းမော့အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။

ဗီလာနှင့် လီဗာပူး

ဆွာရက်ဇ်မပါတဲ့ လီဗာပူးဟာ နည်းပြရော်ဂျာရဲ့ အစီအမံအောက်မှာ အမှတ်ပြည့်ရအောင်စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ကွင်းလယ်ကစားအားကို အပြည့်အဝထိန်းချုပ်နိုင်အောင် စီမံခဲ့တာမို့ အိမ်ရှင်ဗီလာရဲ့ တွန်းကန်အားတွေပြင်းပြပေမယ့် ပွဲချိန် ၂၁ မိနစ်မှာ စတာရစ်က တစ်ဦးတည်းဖြတ်ကျော် ထိုးဖောက်ပြီး ဂိုးသွင်းယူနိုင်ခဲ့လို့ လီဗာပူးပရိသတ်တွေ အဝေးကွင်းအားပေးရကျိုးနပ်ခဲ့ပါတယ်။

ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ဗီလာတို့ ချေပဂိုးရရှိရေးအစွမ်းကုန်ကြိုးစားခဲ့ပြီး တိုက်စစ်မှူး ဘန်တီကီရဲ့ ကန်သွင်းမှုကိုလည်း လီဗာပူးဂိုးသမားမိနို လက်ပုတ်ထုတ်ကာကွယ်ခဲ့တာကလည်း လီဗာပူးတို့ ကံကောင်းသွားစေတဲ့အချက်ဖြစ်ပါတယ်။ ဒါ့အပြင် ဗီလာတိုက်စစ်မှူး ဘန်တီကီရဲ့ ၁၀ကိုက်အကွာက အပိုင်ကန်သွင်းမှုကိုလည်း ဂိုးသမားမိနိုလက် ကာကွယ်နိုင်ခဲ့တာကြောင့် ကံကြမ္မာဟာ ဗီလာကို မျက်နှာသာမပေးခဲ့တာကို လက်ခံခဲ့ရပြီး အိမ်ကွင်းမှာ တစ်မှတ်တောင် မယူနိုင်ခဲ့တာဖြစ်ပါတယ်။ လီဗာပူးတို့ကတော့ နှစ်ပွဲဆက်တိုက်နိုင်ပွဲကို လှပဝေဆာစွာ ပုံဖော်နိုင်ခဲ့ပါတယ်။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ရီးရဲမက်ဒရစ်အသင်းမှ ကွင်းလယ်ကစားသမား အသက် ၂၅ နှစ်အရွယ်ရှိ ဒီမာရီယာကို မန်ယူနှင့် ပီအက်စ်ဂျီတို့က အပြိုင်ခေါ်ယူလျက်ရှိသည်။
- ဘာစီလိုနာမှ ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်ကို ခေါ်ယူစာချုပ်နိုင်ရေး မန်ယူက မျှော်လင့်နေဆဲဖြစ်သည်။
- အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ရီးရဲမက်ဒရစ်မှ ပြင်သစ်တိုက်စစ်မှူး အသက် ၂၅ နှစ်အရွယ်ရှိ ဘင်ဇီမာကို စာချုပ်နိုင်ရေးကြိုးစားနေပြန်သည်။
- ပါလာမိုအသင်းသည် ဂိုးသမားဗီဗီရာနိုကို ရောင်းချမည်မဟုတ်ကြောင်း၊ မည်သည့်အသင်းကခေါ်ခေါ် လက်ခံမည်မဟုတ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။
- ဆွမ်ဆီးကွင်းလယ်ကစားသမား အသက်၂၄ နှစ်အရွယ်ရှိ ကီဆောင်ယောင်ကို ဆန်းဒါးလန်းသို့ ပြောင်းရွှေ့ခွင့်ပြုမည်ဖြစ်သည်။
- စပို့တင်းလစ္စဘွန်းအသင်းမှ ပေါ်တူဂီ ယူ-၂၀ အောက် ကစားသမား နောက်ခံလူ အီလိုရီကို လီဗာပူးက ပြောင်းရွှေ့ကြေးပေါင် ၆ ဒသမ ၁ သန်းဖြင့် ခေါ်ယူခဲ့သည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မြင့်ငြိမ်း ၁၂/ဥကမ(နိုင်) ၀၇၁၄၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၃၁၀၇၃၃၈၁

PARAUT

AUTO BIZ MYANMAR CO., LTD.

ဂျပန်နိုင်ငံ PARAUT (Japan) မှ ထုတ်လုပ်သည့် အရည်အသွေးမြင့် ကားပစ္စည်းများကို တစ်ဦးတည်း ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် Auto Biz (Myanmar) Co.,Ltd. ကို ခန့်အပ်လိုက်ပြီဖြစ်ပါကြောင်း ဝမ်းမြောက်စွာ ကြေညာအပ်ပါသည်။

မိမိတို့အနေဖြင့် ဂျပန်နိုင်ငံလုပ် ကားများအားလုံးနီးပါး၏ အရည်အသွေးမြင့် အပိုပစ္စည်းများကို ဈေးနှုန်းသင့်တင့်စွာဖြင့် ဖြန့်ဖြူးပေးနေပြီဖြစ်ပါသည်။

လူကြီးမင်းတို့ သိရှိလိုသော စုံစမ်းမေးမြန်းခြင်းများကို ဝမ်းမြောက်စွာ ကြိုဆိုအပ်ပါသည်။

ဆက်သွယ်ရန်- အမှတ် ၂၈၁(က)၊ အခန်း(၃-စီ/ဒီ)၊ ရွှေဂုံတိုင်လမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၅၇၁၈၃၊ ၀၁-၅၅၂၆၈၅၊ ၀၉-၃၁၆၃၃၅၆၂

ဖခင်အမည်မှန်

သဃ်န်းကျွန်းမြို့နယ်၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(H)မှ မအေးသူဇာ၏ ဖခင်အမည်မှန်မှာ ဦးရဲနူးမလဲ(ခ)ဦးမောင်သန်းဖြစ်ပါကြောင်း။
ဦးရဲနူးမလဲ(ခ)ဦးမောင်သန်း ၁၂/သဃက(ပြု)၀၀၀၂၁၄

ကျေးဇူးဆပ်ပါမည်

ကျွန်တော်မောင်စောနိုင် ၁၂/ဗဟန(နိုင်) ၀၃၉၃၃၄ ၏ နိုင်ငံကူးလက်မှတ် ၁၂၃၈၄၇ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၃၁၀၇၃၃၈

ပျောက်ဆုံး

ကျွန်မ ဒေါ်ဇိုင်နတ်ဘီ (ဘ)ဦးတီကိုယာ PP.No-609521 သည် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၅၁၆၂၅၃၂

ဖခင်အမည်မှန်

အထက သုဝဏ္ဏကျောင်း Grade-11(F) မှ မသီတာစိမ့်၏ ဖခင်အမည်မှန်မှာ ဦးခွန်ထွန်းလှ ၁၃/တကန(နိုင်)၁၅၇၈၄၈ ဖြစ်ပါကြောင်း။
ဦးခွန်ထွန်းလှ ၁၃/တကန(နိုင်)၁၅၇၈၄၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၃/ကံဘဲ့၊ မြေကွက်အမှတ် ၁/ဒ၊ မြေကွက်တည်နေရာအမှတ်(၁/ဒ)၊ သီရိလမ်း၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးသာညွန့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးသာညွန့်နှင့်ဇနီးဖြစ်သူ ဒေါ်သန်းရင် (ကွယ်လွန်)သဖြင့် (၁)ဒေါက်တာညွန့်ညွန့်ရင် ၁၂/ဥကတ(နိုင်)၀၄၆၇၂၄၊ (၂) ဦးညွန့်သန်းဌေး ၁၂/ဥကတ(နိုင်) ၀၄၇၀၈၀၊ (၃) ဒေါ်စုစုယဉ်(ခ) ဒေါ်ညွန့်ညွန့်သန်း ၁၂/ဥကတ(နိုင်)၀၀၅၂၀၄၊ (၄) ဒေါ်သန်းသန်းညွန့် ၁၂/ဥကတ(နိုင်)၀၀၅၂၂၉၊ ဒေါက်တာညွန့်ညွန့်ရင်မှ ကိုယ်တိုင်နှင့် ကျန်သုံးဦးတို့ထံမှ GP ၁၅၀၅၆(၇-၉-၁၂ အရ) တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁၊ မြေကွက်အမှတ် ၁၀၇၊ ဦးခင်သိန်းအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဦးခင်သိန်း ကွယ်လွန်သဖြင့် ဒေါ်တင်မြင့် ၁၂/သဃက(နိုင်)၀၁၃၅၅၁က မြေငှားစာချုပ်မိတ္တူ၊ တရားဝင်ဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်လွှာတို့ကို တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင် ကြောင်းနှင့် အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ပြန်လာပါ

မမေသီတာစိုး(ခ)ဗိုလ်မ အသက်(၃၂)နှစ် ၁၂/သဃက(နိုင်)၁၅၈၈၅၇သည် ၁-၈-၂၀၁၃ရက် ၀၉း၀၀နာရီအချိန်က ပျောက်ဆုံးသွားပါသဖြင့် အမြန်ပြန်လာပါ။

ဖြူးယောင်း၊ သွေးဆောင်၊ လက်ခံ အရေးယူမည်။

တွေ့ရှိက အကြောင်းကြားပေးပါရန်၊ ကျေးဇူးဆပ်ပါမည်။

ဦးလွင်မိုး
ဖုန်း-၀၉-၄၃၀၈၈၃၁၄

၁၇-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် စစ်ကိုင်း ဦးငွေသန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၂၇၇၄)၏ ကန့်ကွက်ခြင်းအား

ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း(ခ)ရှမ်းလမ်း၊ သဇင်ဂေဟာ(ခ)သဇင်အိမ်ရာ၊ အမှတ် ၅၇နေ ဦးရန်အောင်(ခ)ဦးဝင်းလွင် ၁၂/စခန(နိုင်)၀၂၈၉၁၁က ၁၇-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၌ ဖော်ပြပါရှိသော စစ်ကိုင်း ဦးငွေသန်း (တရားလွှတ်တော်ရှေ့နေ)၏ ကန့်ကွက်ခြင်းအား အောက်ပါအတိုင်း ပြန်လည်ရုပ်သိမ်းအပ်ပါသည်။

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ အေးရိပ်မွန် ၇ လမ်းနှင့် ရတနာမွန် ၃ လမ်းထောင့်၊ အမှတ် ၅၀ဟုခေါ်တွင်သော နှစ်ထပ် RC နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဇနီးဖြစ်သူ ဒေါ်မာလာရီနှင့် သားသမီးများဖြစ်ကြသော ဦးနေမျိုးလွင်နှင့် မမြတ်စုဝင်းလွင်တို့မှ အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေရယူထားခြင်းအပေါ် ကျွန်တော် ဦးရန်အောင်(ခ)ဦးဝင်းလွင်၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ဆက်လက်ရောင်းချခြင်းမပြုလုပ်ကြရန် ကျွန်ုပ်၏ လွှဲအပ်ညွှန်ကြားချက်အရ စစ်ကိုင်း ဦးငွေသန်း (တရားလွှတ်တော်ရှေ့နေ)က ၁၇-၈-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ အချပ်ပိုစာမျက်နှာ (ခ)၌ ကန့်ကွက်ခဲ့ပါသည်။

ယခုအခါ မိသားစုဝင်အချင်းချင်း ညှိနှိုင်းပြေလည်ပြီးဖြစ်ပါသဖြင့် ကျွန်ုပ်၏လွှဲအပ်ညွှန်ကြားချက်အရ စစ်ကိုင်း ဦးငွေသန်း (တရားလွှတ်တော်ရှေ့နေ)၏ မြန်မာ့အလင်းသတင်းစာ၌ ကန့်ကွက်ခြင်းအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးရန်အောင်(ခ)ဦးဝင်းလွင် ၁၂/စခန(နိုင်)၀၂၈၉၁၁
အမှတ် ၅၇၊ ဗဟိုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့်ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူ ဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့်မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါး/ ပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်-

၁။ မွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားရန်။

၂။ အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားရန်။

၃။ ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုမှ ကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားရန်။

၄။ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့်စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားရန်နှင့်အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းကြရန်။

၅။ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားရန်။

၆။ ပုံမှန်အစာကျွေးခြင်းဖြင့်ငါးများလွတ်ထွက်မသွားစေရေးဆောင်ရွက်ထားရန်။

၇။ မွေးမြူရေးကန်၏ရေထွက်/ရေလျှံပေါက်များ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေရန်။

၈။ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပေးနိုင်မည့်နည်းလမ်းများအား ကြိုတင်ပြင်ဆင်ထားရန်။

၉။ အစိုးရပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့်ပတ်သက်သည့်သတင်းများကို အမြဲဂရုစိုက်နားထောင်ရန်နှင့် ပြည်တွင်းထုတ်ဂျာနယ်များတွင် ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ် ဖတ်ရှု သတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြရန်။

၁၀။ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာ ငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြရန်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၃ဆီးဂိမ်းကြယ်ပွင့် ကရာတေးဒိုအားကစားမယ် ဖလမ်းချင်းသူ မိုင်ယှင်တ့ာ

မြန်မာနိုင်ငံ၏ ကရာတေးဒို အားကစားတွင် ကြယ်တစ်ပွင့်ဖြစ်သည့် ချင်းလူမျိုး ဖလမ်းသူမိုင်ယှင်တ့ာထောင်းလွယ်သည် **(အပေါ်ပုံ)**ကရာတေးဒို အားကစား ပညာတွင် ခါးပတ်နက် အဆင့်ရရှိသူဖခင်ဦးထောင်းလွယ်မန်း၏သင်ကြားပေးမှုဖြင့် အသက်ကိုးနှစ်အရွယ်မှစ၍ကရာတေးဒို အားကစားကိုစတင် ကစားခဲ့ရာ ၁၉၉၈ ခုနှစ် ချင်းပြည်နယ်ဟားခါးမြို့တွင် ကျင်းပသည့် ကျောင်းသားအားကစားပွဲတော်ကရာတေးဒိုအားကစားပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီးရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့သည်။

ကရာတေးဒိုအားကစားမယ် မိုင်ယှင်တ့ာထောင်းလွယ်သည် ပြည်တွင်းအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ၃၀ နီးပါးဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံတကာ ကရာတေးဒိုအားကစားပြိုင်ပွဲများတွင်လည်း ငွေတံဆိပ်လေးခုနှင့် ကြေးတံဆိပ်ရှစ်ခု ဆွတ်ခူးရရှိနိုင်ခဲ့သည်။

ထို့အပြင် နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်မှ မတ် ၇ ရက်အထိကျင်းပသော ပြည်ထောင်စုဖလားတွင်လည်း ချင်းပြည်နယ်ကိုယ်စားပြုရွှေတံဆိပ်နှစ်ခုဆွတ်ခူးရရှိနိုင်ခဲ့သည်။

ဂျပန်နိုင်ငံတွင် ၂၀၀၄ ခုနှစ်၌ ကျင်းပသော Karate World Cup "9th Shoto World Cup" နိုင်ငံတကာပြိုင်ပွဲတွင် ပထမအကြိမ်အဖြစ် ပါဝင်ယှဉ်ပြိုင်ရန်သွားရောက်ပြီး နိုင်ငံပေါင်း ၅၃ နိုင်ငံပါဝင်ယှဉ်ပြိုင်ကြရာမိုင်ယှင်တ့ာသည် ပဥ္စမအဆင့်ရရှိခဲ့သည်။

ဆီးဂိမ်း အားကစားပြိုင်ပွဲတွင် အောင်ပွဲခံသူကရာတေးဒိုအားကစားမယ်ကြယ်တစ်ပွင့်ဖြစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့်ကရာတေးဒိုအားကစားများ လေ့ကျင့်ရန်အတွက် ဂျပန်နိုင်ငံ Tottori မြို့သို့ စေလွှတ်ခြင်းခံရပြီး ဩဂုတ်၁ရက်က မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံသို့ ထွက်ခွာသွားပြီး ယခုအချိန်တွင် အားကြိုးမာန်တက် အထူးလေ့ကျင့်လျက်ရှိကြောင်း သိရသည်။

ဂျူနိုင်း

မိုးရာသီ ဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)၏ ၂၀၁၂-၂၀၁၃ မိုးရာသီဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ပြီး ဆုပေးပွဲအခမ်းအနားကို ဩဂုတ် ၁၉ ရက် ညနေ ၅ နာရီတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်) ခန်းမဆောင်၌ ကျင်းပသည်။

ဆုများချီးမြှင့်

ဆုပေးပွဲတွင် ကျောင်းအုပ်ကြီးက ပြိုင်ပွဲများကျင်းပပေးရခြင်းအကြောင်းကို ပြောကြားပြီး ပထမဆု ရွှေလီဆောင်၊ ဒုတိယဆု သံလွင်ဆောင်နှင့် တတိယဆု ချင်းတွင်ဆောင်တို့မှ တာဝန်ရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။ **(သတင်းစဉ်)**

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ(၂)ရုံနှင့် စက်ရုံခွဲ(၁)ရုံအား ပုဂ္ဂလိကသို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း

ငှားရမ်းခြင်းအတွက် တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ(၂)နှင့် စက်ရုံခွဲ(၁)ရုံတို့အား အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း/ငှားရမ်းခြင်းအတွက် စိတ်ပါဝင်စားသူ ပုဂ္ဂလိကပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင်များမှ ၂၅-၉-၂၀၁၃ရက် ၁၆း၀၀ နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

(၁) အမှတ်(၅) အထည်စက်ရုံခွဲ(မြင်းခြံ)
(၂) အမှတ်(၉) အထည်စက်ရုံ(ကျောက်ဆည်)
(၃) အမှတ်(၁၀) အထည်စက်ရုံ(တောင်သာ)

ဆက်သွယ်ရမည့်လိပ်စာ - **ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန၊ အထည်အလိပ်လုပ်ငန်း**
အပြည့်အစုံ - **ရုံးအမှတ်(၃၇)၊ နေပြည်တော်၊ စက်မှုဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅**

သမဝါယမဝန်ကြီးဌာန
သမဝါယမဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ နေပြည်တော်တိုင်းသမဝါယမဦးစီးဌာန(၁၀၀'×၄၈'×၁၂') ရုံးသစ်ဆောက်လုပ်ခြင်းနှင့် (၂၀၀'×၂၀၀')ရုံးပတ်လည်ခြံစည်းရိုးကာရံခြင်း၊ သီရိ(၅)မြို့နယ် သမဝါယမ ဦးစီးဌာန (၆၀'×၃၄'×၁၂')ရုံးသစ်(၅)ရုံးဆောက်လုပ်ခြင်းနှင့် (၁၀၀'×၁၀၀') ရုံးပတ်လည်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသား လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ၂၇-၈-၂၀၁၃ ရက်မှ ၂၆-၉-၂၀၁၃ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ပေးပို့သွားရန် တင်ဒါခေါ်ယူအပ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့်အချက်အလက်များကို သမဝါယမဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ (ငွေစာရင်းဌာနခွဲ)၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်တွင်ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းများနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းကြရမည်ဖြစ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၀၃၃၇ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း

(ပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်အသုံးပြုရန်လိုအပ်သော ၆၆/၃၃ ကေဗွီနှင့် ၆၆/၁၁ ကေဗွီ ထရန်စဖော်မာများကို မြန်မာကျပ်ငွေ(kyat)ဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပိတ်မည့်ရက် - **၁၂-၉-၂၀၁၃ ရက်**
တင်ဒါပိတ်မည့်အချိန် - **၁၂း၀၀ နာရီ**

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၃၈)၊ နေပြည်တော်
ဖုန်း-ဖက်စ်-၀၆၇-၄၁၁၀၆၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အကြွေးအကျေပေးဆပ်ပြီးသည့် လုပ်ငန်းရှင်စာရင်းကြေညာခြင်း

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်းသို့ အကြွေးများပေးဆပ်ရန်ကျန်ရှိသော လုပ်ငန်းရှင်များအနက်မှ အောက်ပါလုပ်ငန်းရှင်(၃)ဦးမှာ ဌာနသို့ ပေးသွင်းရန်ကျန်ရှိသော အကြွေးများအားလုံး ၁၉-၈-၂၀၁၃ရက်တွင် အပြေအကျေ ပေးသွင်းပြီးဖြစ်ပါသောကြောင့် ကြွေးကျန်စာရင်းမှ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

ကျပ်သန်း

စဉ်	အမည်	မှတ်ပုံတင်အမှတ်	ကုမ္ပဏီအမည်	နေရပ်လိပ်စာ	ကြွေးအမျိုးအစား	၃၀-၆-၂၀၁၃လက်ကျန်	ပေးဆပ်သည့်ရက်
(က)	ဦးအေးထွန်း	၁၂/မဂတ(နိုင်) ၀၂၄၀၂၈	Promised Land TradingCo.,Ltd.	အမှတ်(၁၇၂)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ငါးစာ/ ကြိုတင်	၃၄၉.၆၅၅	၁၄-၈-၂၀၁၃
(ခ)	ဦးသိန်းဝင်းဦး	၁၃/ရစန(နိုင်) ၀၀၄၄၃၅	မွေးမြူရေး လုပ်ငန်းရှင်	တိုက်(၁)၊ အခန်း(ဘီ-၃)မိုးကောင်းလမ်း၊ ၁၆ရပ်ကွက် ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ငါးစာ	၂၀၅.၃၇၀	၁၄-၈-၂၀၁၃ ၁၉-၈-၂၀၁၃
(ဂ)	ဦးသန်းထွန်း	၁၂/ထတပ(နိုင်) ၀၇၆၃၈၂	မွေးမြူရေး လုပ်ငန်းရှင်	မငေးစုကျေးရွာ၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	ငါးစာ	၁၈.၂၄၇	၁၅-၈-၂၀၁၃

THE ASEAN CENTRE FOR ENERGY INVITES ASEAN NATIONALS TO APPLY FOR THE FOLLOWING POSITION EXECUTIVE DIRECTOR

The ASEAN Centre for Energy (ACE) Was established in 1999 With a strong Founding vision to Strengthen energy cooperation among the members of the Association of South East Asia Nations (ASEAN). With the exponential growth in energy demand and the increasing priority placed on regional energy integration and cooperation, there is a need to enhance ACE to Fully realise its potential to play a pivotal role in shaping ASEAN's energy landscape. In this regard, ASEAN is seeking an exceptional professional with strong leadership skills and management abilities to lead ACE's transformation into a regional energy knowledge hub and think-tank.

The Executive Director will represent the collective interests of the 10 ASEAN Member States in the field of energy, including through Facilitating the implementation of the ASEAN Plan of Action for Energy Cooperation (APAEC), and is responsible for overseeing the administrative and operational duties of the Centre. The Executive Director will also be tasked with developing the Centre into a regional energy think-tank, which conducts influential analyses and provides perspectives that impact energy policy in ASEAN.

The position is based in Jakarta.

The Candidate should possess the following qualities:

- Demonstrate strong leadership skills and management abilities, with at least 10 years of senior management experience in the energy sector (in government, semi-government and/or corporate organisations)
- Commitment to strengthen ASEAN energy cooperation and to facilitate ASEAN energy engagement with external stakeholders
- Strong analytical mind, a high political acumen and keen understanding of ASEAN and its stakeholders
- At least a post-graduate degree in a relevant discipline
- Excellent command of the English language, with good verbal and written skills
- Physically fit and willing to travel
- Citizen of an ASEAN Member State
- The age limit of the candidate is 57 years old

Remuneration and appointment will commensurate with qualifications and experience.

To apply, please send your application to the Human Resource Division of the ASEAN Secretariat at asean.hr@asean.org, highlighting your suitability and potential contribution to the position, together with a detailed CV, including a recent passport-sized photograph and certified true copies of educational certificates obtained, and completed Employment Application Form, which can be downloaded from the ASEAN Website at the link http://www.asean.org/opportunities/asec-employment-form.

Incomplete applications will not be considered.

Please indicate on the subject heading: Application for ACE Executive Director.

Application papers should reach the ASEAN Secretariat by 20 September 2013.

We regret that only shortlisted candidates will be notified.

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်သူ့လိုလားချက်၊ ပြည်သူ့အသံကိုနားထောင်ကြရန် ပြည်နယ်ဝန်ကြီးချုပ်တိုက်တွန်း

လွိုင်ကော် ဩဂုတ် ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အတွင်းရှိ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့ တွေ့ဆုံပွဲကို ဩဂုတ် ၂၃ ရက် နံနက် ၉နာရီခွဲက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အတွင်းရှိ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီနှင့် စည်ပင်သာယာရေးကော်မတီတို့မှ ကော်မတီဝင်များနှင့် လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ တက်ရောက်သည်။

လုပ်ဆောင်ချက်

ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် ကော်မတီဝင်များအား သက်ဆိုင်ရာကော်မတီများ၏လုပ်ငန်းတာဝန်များကို ယနေ့မှစ၍ လွှဲပြောင်းပေးအပ်လိုက်ပြီဖြစ်ကြောင်း ပြည်သူတွေကြားထဲက ပုဂ္ဂိုလ်တွေဖြစ်တဲ့အတွက် ပြည်သူများ၏လိုလားချက်များကိုသိရှိပြီး လုပ်သင့်သည်များကို ကန့်သတ်ထားသည့် ဘောင်အတွင်းမှ လုပ်ဆောင်ကြစေလိုကြောင်း၊ မိမိတို့၏ လုပ်ဆောင်ချက်အားလုံးသည် ပြည်သူများ၏အကျိုးကို ရှေးရှုနေသည်ဆိုသည့် ရည်ရွယ်ချက်နှင့် ရဲရဲဝံ့ဝံ့ ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် စည်ပင်သာယာရေးလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ်အခွန်ဦးစီးမှူးက အခွန်ဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ကိုယ်စားလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်မျိုးတင်က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ကျေးလက်ဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်ပေး

တောင်ငူ ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းတင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဌာနနှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဩဂုတ် ၂၂ ရက်က တောင်ငူမြို့နယ်

ဘာနွောင်းနှင့် ကမ်းနီကျေးရွာအုပ်စုများသို့ ကွင်းဆင်းလျက် သက်ဆိုင်ရာဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ စိုက်ပျိုးရေး၊ မွေးမြူရေး ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးရှင်းလင်း၊ စည်းရုံးကူညီပံ့ပိုးမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)(၁၃၆)**

ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းတိုက်၌ ဘုရားအနေကဇာတင်နှင့် ကျောင်းထိုင်ဆရာတော်သစ် ခန့်အပ်တင်မြှောက်ပွဲ ကျင်းပ

တာချီလိတ် ဩဂုတ် ၂၅

ထိုင်းနိုင်ငံ ချင်းမိုင်မြို့ ဂန်တိုရပ်ကွက် ဝပ်ဆိုင်းမွန်း မြန်မာကျောင်းတိုက်ကြီး၌ နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ် ၂၀ ရက် နံနက် ၄ နာရီခွဲမှ ၁၁ နာရီ ၁၅ မိနစ်အထိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဗုဒ္ဓါဘိသေက မင်္ဂလာဘုရားအနေကဇာတင် ပူဇော်ပွဲကျင်းပခြင်းနှင့် ကျောင်းထိုင်ဆရာတော်အသစ် ခန့်အပ်တင်မြှောက်ပူဇော်ပွဲ အခမ်းအနားကို ဗန်ကောက်-မြန်မာသံရုံးနှင့် ဝပ်ဆိုင်းမွန်း မြန်မာကျောင်းပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ပီနန်ဆရာတော် ဦးပညာဝံသ၊ စင်္ကာပူဆရာတော်ဦးတိလောကနှင့် မြန်မာနိုင်ငံသံဃနာယကအဖွဲ့ ဆရာတော်များ၊ ထိုင်းနိုင်ငံရောက် မြန်မာကျောင်းထိုင် ဆရာတော် သံဃာအပါး ၃၀ နှင့် ထိုင်းနိုင်ငံ ခရိုင်၊ မြို့နယ်အဆင့် သံဃနာယကအဖွဲ့လေးပါး၊ ရပ်ကွက်အဆင့် ကျောင်းထိုင်ဆရာတော် ၁၀ ပါး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်း၊ သံမှူးကြီး ဦးမျိုးတင့်နှင့် ဝန်ထမ်းများ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးတို့ တက်ရောက်ခဲ့ကြသည်။

ထိုင်းနိုင်ငံရောက် မယ်ဆိုင်မြန်မာလူငယ် လူမှုကရုဏာအသင်း၊ မယ်ဆောက်မနောဖြူရေလှူအသင်းမှ မြန်မာလူငယ်များ၊ တာချီလိတ်မြို့မှ လူမှုကူညီရေးအသင်း၊ ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်း မြန်မာကျောင်းမှ မြန်မာလူငယ်များနှင့် ကျောင်းထိုင်ဆရာတော်တင်မြှောက်ပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးဝင်း၊ အတွင်းရေးမှူး ဒေါ်မီမီတို့ အဖွဲ့ဝင် ၃၀ နှင့် စေတနာရှင် ဒါယကာ ဒါယိကာမ ပရိသတ် ၇၀၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ အခမ်းအနားကို နံနက် ၄ နာရီခွဲတွင် ပန်းပေါင်းဗုဒ္ဓရုပ်ပွားတော်မြတ် အဆူ ၅၀၀ နှင့် ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်မြတ် ၁၀ ဆူတို့ကို ဗုဒ္ဓါဘိသေက မင်္ဂလာဘုရား အနေကဇာတင်ပူဇော်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ကြီးက ငါးပါးသီလချီးမြှင့်ပေးခဲ့သည်။

ထို့နောက် နံနက် ၁၀ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက မြန်မာကျောင်းထိုင်ဆရာတော်အဖြစ် ခန့်အပ်တင်မြှောက်လွှာကို ဖတ်ကြားခြင်း၊ ထိုင်းနိုင်ငံ Office of the National Buddhism မှ ဒုတိယညွှန်ကြားရေးမှူးချုပ် H.E. Mr.Nopparat Benjawatananun ကအမှာစကားပြောကြားခြင်း၊ ဆက်လက်ပြီး Mr.Kanok Sanprasert က စာလွှာကို ဖတ်ကြားခြင်း၊ ထို့နောက် ချင်းမိုင်မြို့ ဝပ်ဆိုင်းမွန်း မြန်မာဘုန်းတော်ကြီး ကျောင်းထိုင်ဆရာတော်အသစ်ဖြစ်တော်မူသော မြန်မာဆရာတော် ဘဒ္ဒန္တကောဏ္ဍည(ဓမ္မာစရိယ၊ ဒီဃဘာဏက၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ) အရှင်သူမြတ်၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဖတ်ကြားပြီးနောက် သာသနာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့ကြောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းက ကျေးဇူးတင်ဝမ်းမြောက်စကား ပြောကြားခဲ့ကြောင်း သိရသည်။

(လ/၀၁၅)

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

ဈေးနှုန်းအဆိုပြုလွှာ ခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထုတ်လုပ်ခြင်း လုပ်ငန်းတွင်အသုံးပြုရန် အောက်ပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာတင်သွင်းနိုင်ကြောင်း အကြောင်းကြားပါသည်-

(က)	၁၀၀ စီစီ ပလတ်စတစ်ပုလင်းခွံ	(၂၀၀၀၀၀) လုံး
(ခ)	ရော်ဘာအဆို့	(၂၀၀၀၀၀) ခု
(ဂ)	ဒန်အဖုံး	(၂၀၀၀၀၀) ခု

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ် (၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၁၉၊ ၀၉-၄၃၀၃၆၆၇၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံလုပ်ငန်းများ လုပ်ကိုင်ခွင့် ကန်ထရိုက်တာအဖြစ် ခွင့်ပြုခဲ့သည့် ဒေါက်တာအောင်နိုင်ဦး (ကန်ထရိုက်တာလိုင်စင်အမှတ်-၃၈၉)မှ ကန်ထရိုက်တာလိုင်စင်ပြန်လည်အပ်နှံခွင့်နှင့် ကန်ထရိုက်တာလိုင်စင် အာမခံကြေးကျပ်သိန်း ၅၀၀ ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ရက်ပေါင်း ၃၀အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အဆောက်အအုံလုပ်ငန်းများ လုပ်ကိုင်ခွင့်ကန်ထရိုက်တာအဖြစ်ခွင့်ပြုခဲ့သည့် ဦးတင်ဝင်း (ကန်ထရိုက်တာ လိုင်စင်အမှတ်-၄၃၅)မှ ကန်ထရိုက်တာလိုင်စင်ပြန်လည်အပ်နှံခွင့်နှင့် ကန်ထရိုက်တာလိုင်စင် အာမခံကြေးကျပ်သိန်း ၁၀၀ ပြန်လည်ထုတ်ယူခွင့်ပြုပါရန် ဌာနသို့ လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်အကြောင်းရှိပါက ခိုင်လုံသော အထောက်အထားများနှင့်တကွ ရက်ပေါင်း ၃၀အတွင်း ဤဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အမြန်ပြန်လာပါ

ကိုဝင်းဗိုလ်

အိမ်မှထွက်သွားသည်မှာ ကြာသွားပါပြီ။ အိမ်မှာအရေးကြီးကိစ္စရှိနေပါသည်။ မန္တလေးအိမ်မှ အမေ့ကိုပြုစုမည့်သူလည်းမရှိပါ။ အလုပ်ကိစ္စများ အရေးကြီးရှိနေပါသည်။ သမီးကိစ္စလည်း အရေးကြီးနေပါသည်။ တောင်ငူအိမ်ကို ဆက်သွယ်ပါ။

ဖုန်း-၀၉-၅၃၅၀၇၄၉၊ ၀၉-၆၃၀၀၈၄၄၊ ၀၉-၄၂၈၂၀၀၅၂ **မိသားစု**

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အမှတ်(၂၇) စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)

အကျိုးတူဆောင်ရွက်ရန်အတွက် ဖိတ်ကြားခြင်း

အမှတ်(၂၇)စက်မှုကုန်ကြမ်းဌာန(ကျိုက်ထို)လက်အောက်ရှိ ရော်ဘာခြံလုပ်ငန်းများအား အကျိုးတူပူးပေါင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားကြောင်း အဆိုပြုလွှာ(EOI)ပေးပို့ထားသူများနှင့် အခြား စိတ်ပါဝင်စားသူများအား တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က)	**နေ့ရက်**	- ၂-၉-၂၀၁၃ရက်(တနင်္လာနေ့)
(ခ)	**အချိန်**	- နံနက် ၉ နာရီ
(ဂ)	**နေရာ**	- အမှတ်(၂၂) အကြီးစားစက်ရုံ

ဘီးလင်းစက်ရုံစုဝေးခန်းမ၊ မွန်ပြည်နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ မအူပင်မြို့နယ်၊ စစ်ကိုင်းကျေးရွာအနီးအတွင် နစ်မြုပ်လျက်ရှိသော (CB-9)ကုန်တွဲရေယာဉ်တစ်စင်းအား ဆယ်ယူရန်အတွက် ပြင်ပသင်္ဘောဆယ်ယူရေးအဖွဲ့အား ငှားရမ်းအသုံးပြုလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အသေးစိတ်သိရှိလိုပါက ၂-၉-၂၀၁၃ ရက်မှ ၁၃-၉-၂၀၁၃ ရက်အထိ နေ့စဉ်ရုံးချိန်အတွင်း အထွေထွေမန်နေဂျာ (သင်္ဘောကမ်းလွန်ရေနံ အခြေစိုက်စခန်း) ဖုန်း-၀၁-၅၄၂၇၃၂၊ ၀၁-၅၄၅၇၄၀တွင် စုံစမ်းမေးမြန်းနိုင်ပြီး အိတ်ဖွင့်တင်ဒါပုံစံများကို လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၉-၉-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီအတွင်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် တင်ဒါရွေးချယ်ရေးအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ **တင်ဒါရွေးချယ်ရေးအဖွဲ့**

ကလောမြို့နယ် မဂ္ဂဇင်းအတွက် စာမူဖိတ်ခေါ်

ယခုနှစ်အတွင်း ထုတ်ဝေဖြန့်ချိမည်ဖြစ်သော ကလောမြို့နယ်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်ထားကြောင်း သတင်းရရှိသည်။

ယင်းမဂ္ဂဇင်းအတွက် စာမူများပေးပို့လိုပါက ဥက္ကဋ္ဌ၊ မြို့နယ်စာရေးဆရာများအသင်း။ မြို့ဂုဏ်ရုပ်ရှင်ရုံအရှေ့၊ ရပ်ကွက်(၄)၊ ကလောမြို့၊ ဖုန်း ၀၉-၄၅၈၀၄၀၃ရာ နှင့် လှုထုပုံရိပ်ဂျာနယ်အမှတ် (၁၀-၁၂)၊ ၄၃ လမ်း (အောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၃၉၈၅၈၂၊ ၃၉၈၅၈၃ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ **PIN**

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်းများရှိ Crawler Crane များတွင် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Sumitomo Crawler Crane (SC 800) (80 Tons) (၂)စီးအတွက် (6m)Boom (2)Nos နှင့်ဆက်စပ်ပစ္စည်းများ

(ခ) Kobelco Crane BMS 800 (80 Tons) (၂)စီးအတွက် (3m)Boom (2)Nos နှင့် ဆက်စပ်ပစ္စည်းများ

၂။	**တင်ဒါပုံစံရောင်းချမည့်ရက်**	- ၂၆-၈-၂၀၁၃ ရက်
၃။	**တင်ဒါပိတ်မည့်ရက်**	- ၆-၉-၂၀၁၃ ရက်
၄။	**တင်ဒါပိတ်မည့်အချိန်**	- ၁၆:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တည်ဆောက်ရေးပစ္စည်းများစိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ဒု-အင်ဂျင်နီယာချုပ်(စက်မှု)၊ စက်မှုဦးစီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရုံးအမှတ် (၁၁)ဝင်း၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၁၇၃၊ ၀၆၇-၄၀၇၁၇၆၊ ၀၆၇-၄၀၇၀၇၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာ အထက်တန်းကျောင်း(တီးတိန်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ပလတ်စတစ်ထိုင်ခုံ(လက်တန်းပါ)	၃၀ လုံး
၂။	သစ်သားဗီရို(ကျွန်း)(၆ '×၃ '×၁ '-၆ ")	၇ လုံး
၃။	ဓာတ်ခွဲသုံးစားပွဲ(၈ '×၄ '×၃ '-၅ ")	၆ လုံး
၄။	အရာရှိစားပွဲ(၆'×၄'×၂'-၆ ")	၂ လုံး
၅။	Stage ခုံ(၈ '×၄ '×၆")	၄ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၇-၈-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာ အထက်တန်းကျောင်း(တီးတိန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၆-၉-၂၀၁၃ရက် ၁၆:၃၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ် အချက်အလက်များကို အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်) ဖုန်း-၀၇၀-၅၀၆၀၅နှင့် ၀၉-၄၇၁၇၃၁၀၈ တို့တွင် စုံစမ်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်စိစစ်ရေးကော်မတီ
အစိုးရနည်းပညာအထက်တန်းကျောင်း
တီးတိန်

Holiday အခြေခံယာဉ်မောင်းစက်ပြင်သင်တန်းကျောင်း
၂၀၁၃-စက်တင်ဘာလ (၃)ရက်နေ့ ဖွင့်မည်
❖ အခြေခံယာဉ်မောင်းစက်ပြင်တစ်လပုံမှန်သင်တန်း
❖ စက်ပြင်အထူးသီးသန့် (၂)လသင်တန်း
(နယ်ဝေး ကျောင်းသား/သူများအတွက် နေရေး ထိုင်ရေး စီစဉ်ပေးမည်။)
အမှတ်၄၉(ခ)၊ သာစည်လမ်း၊ ၁၀ရပ်ကွက်၊
ထန်းခြောက်ပင်မှတ်တိုင်အနီး၊ ရွှေပြည်သာမြို့နယ်။
၀၉-၈၆၃၆၄၆၇၊ ၀၉-၄၂၂၂၀၆၁၅၇၊ ၀၉-၄၃၁၀၉၃၈၄

ရာသီမရွေး သွားလာနိုင်မည့် ကျေးလက်လမ်း

သီပေါ ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ရှမ်းပြည်နယ်ခရီးစဉ်တွင်သီပေါမြို့နယ် ကျေးရွာပြည်သူများ၏တင်ပြချက်အရ တိန်းချေတိန်းစံကျေးရွာအုပ်စု နောက်ကပ်ရွာမှ မြို့အဝင်မဟာမြတ်မုနိဘုရားကြီးလမ်းအထိ နှစ်မိုင်ရှည် ကျောက်ချောလမ်းခင်းရန်ခွင့်ပြုခဲ့ကြောင်းသိရှိရသည်။အဆိုပါနောက်ကပ်ကျေးရွာမှ တိန်းချေတိန်းစံကျေးရွာအထိကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၂-၂၀၁၃ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ်သိန်း ၁၀၇ သိန်း ငါးသောင်းနှင့် ကျေးလက်နေပြည်သူများ ပါဝင်ဆောင်ရွက်မှုဖြင့် ပေပေါင်း ၂၁၄၀၊ ၃ဖာလုံပြီးစီးခဲ့သည်။

ယခုတစ်ဖန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေကျပ် ၁၇၅ သိန်းနှင့် ကျန်ရှိသည့်လမ်း ပေအရှည် ၇၀၃၀ ကို မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးသိန်းထိုက်ဦး၏ ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ကျော်နှင့်အဖွဲ့ကဆောင်ရွက်လျက်ရှိရာလုပ်ငန်းပြီးစီးမှု အခြေအနေများကို ရှမ်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခွဲ(လားရှိုး)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေ ဩဂုတ်၂၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)** ကျေးလက်ဒေသကျောက်ချော လမ်းခင်းကျင်းပြီးစီးပါက ကျေးရွာထွက်ဆန်စပါး၊ အစေ့ထုတ်ပြောင်း၊ ပဲပုပ်သီးနှံနှင့် အခြားခြံထွက်သီးနှံများကိုလားရှိုး၊ ကျောက်မဲနှင့်အခြား ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်မည်ဖြစ်ရာလယ်သမားများ၊ခြံရှင်တောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

ဗုဒ္ဓဓမ္မယဉ်ကျေးမှု ဆရာဖြစ် သင်တန်းဆင်း

ကျောက်မဲ ဩဂုတ် ၂၅

ကျောက်မဲမြို့နယ်လုံးဆိုင်ရာ ဗုဒ္ဓဓမ္မယဉ်ကျေးမှုဆိုင်ရာ ဆရာဖြစ်သင်တန်းဆင်းပွဲကို ဩဂုတ် ၂၁ ရက် ညနေ ၄ နာရီက ကျောက်မဲမြို့ မေတ္တာမွန်ခန်းမ၌ ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တ ပညာဝံသက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ရဟန်း ၂၄ ပါးအား သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာဝံသကလည်းကောင်း၊ သင်တန်းသား သင်တန်းသူ ၁၄၄ ဦးတို့အား တိုင်းပညာရေးမှူး(ငြိမ်း) ဦးမြင့်ဦးက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမျိုးသမီးငယ်များကို အကြမ်းဖက်မှုကာကွယ်ရေး အသိပညာပေးဟောပြော

မင်းပြား ဩဂုတ် ၂၅

ရခိုင်ပြည်နယ် မင်းပြားမြို့နယ်တွင် အရွယ်မရောက်သေးသည့် အမျိုးသမီးငယ်များအား အကြမ်းဖက်ခံရခြင်းများကို အကာအကွယ်ပေးရေးနှင့် ကူညီဆောင်ရွက်ပေးရေး အသိပညာပေးဟောပြောပွဲကို မင်းပြား အထကကျောင်းခွဲ(၁)ကျောင်းခန်းမ၌ ဩဂုတ် ၂၀ ရက်ကကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေက အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းသိကောင်းစရာများကို ဟောပြောပြီး မြို့နယ်ရဲတပ်ဖွဲ့မှ ရဲအုပ်ကျော်မောင်ချေက အရွယ်မရောက်သေးသည့် ကလေးများအကြမ်းဖက်မှုမခံရစေရန် ကြိုတင်ကာကွယ်ရမည့် အချက်များကို ရှင်းလင်းဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမြို့နယ်ဦးစီးမှူးက အကြမ်းဖက်မှု၏နောက်တွင် ဖြစ်ပေါ်လာသော ဆိုးကျိုးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနက မှုခင်းဆေးပညာဆိုင်ရာ ဗဟုသုတများကို ဟောပြောရာ ဟောပြောပွဲသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာဆရာမများ၊ နဝမတန်းနှင့်အဋ္ဌမတန်းမှ ကျောင်းသူများ တက်ရောက်ကြကြောင်းသိရသည်။

မရွှေ

ပြည်တွင်းသတင်းနှင့်ဓာတ်ပုံ

ကျေးလက်လူမှုစီးပွားဘဝ မြှင့်တင်ရေးဟောပြော

ခန္တီး ဩဂုတ် ၂၅

ခန္တီးမြို့နယ် ပေါ်မိုင်းရပ်ကွက် သာစည်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၂၁ ရက်က ကျေးလက်လူမှုစီးပွားဘဝမြှင့်တင်ရေး ပညာပေးဟောပြောပွဲ ကျင်းပသည်။

အစီအစဉ်အရ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမြမောင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမြင့်ဦးက သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ဝက်မွေးမြူရေးအစုအဖွဲ့များ ဖွဲ့စည်းရေး၊ ဝန်ကြီးဌာနမှ DYL ဝက်မကြီးများ၊ အသားတိုးဝက် မျိုးကောင်း မျိုးသန့်များ ဖြန့်ဖြူးရေး၊ ကြက်ခြေပြာအစုအဖွဲ့များ ဖွဲ့စည်းရေး၊ ပြည်သူများ သိရှိလိုက်နာရမည့်တိရစ္ဆာန်မွေးမြူမှု စနစ်တကျထိန်းကျောင်းရေးဥပဒေများကို စိုက်ပျိုး မွေးမြူရေးလုပ်ကိုင်သူ တောင်သူများအား ရှင်းလင်းဟောပြောဆွေးနွေးသည်။ ဆက်လက်၍ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးစောလှဝင်းက သမဝါယမဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူကို ဗဟိုပြု၍ လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်ရေး၊ ဟောပြောဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးချစ်ဝင်းက တစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် လိုက်နာရမည့် သိပ္ပံနည်းကျစိုက်ပျိုးမှုစနစ်များကိုဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

ချန်လော

အကြမ်းဖက်မှု စုံစမ်းစစ်ဆေးတိုက်ဖျက်ရေး သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၂၅

ဩဂုတ် ၁၉ ရက် နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အောင်သပြေတပ်ခွဲ ဧည့်ရိပ်သာခန်းမ၌ အကြမ်းဖက်မှု စုံစမ်းစစ်ဆေးတိုက်ဖျက်ရေးသင်တန်းဖွင့်ပွဲ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ သတင်းရဲတပ်ဖွဲ့၊ စီမံရေးနှင့်လေ့ကျင့်ရေးဌာနမှူး ရဲမှူးကြီး ကျော်စိုးက အမှာစကားပြောကြားခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သင်တန်းသား အရာရှိများ၊ အမေရိကန်သံရုံးမှ ဒုတိယအတွင်းဝန် Ms.Kay M.Filli Ngham၊သင်တန်းနည်းပြ အမေရိကန်နိုင်ငံသား Mr.San Grey နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းသို့ သင်တန်းသားအရာရှိ ၁၃ ဦး တက်ရောက်လျက်ရှိကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

စိုးဝင်း(SP)

ဖခင်အမည်မှန်

မိုးကောင်းမြို့၊ အထက(ခွဲ)၊ နောင်ကိုင်တော်၊ နဝမတန်း(C)မှ မရွှယ်ဆန်း၏ ဖခင်အမည်မှန်မှာ ဦးလယောင်တူး ၁/မကတ(နိုင်)၀၉၄၄၃၆ ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ အထက(ဆဒုံး)၊ တက္ကသိုလ်ဝင်တန်း(A)မှ မဗျာမာဂူး၊ နဝမတန်း(A)မှ မဗျာမာလူး၊ သတ္တမတန်း(B)မှ မဗျာမာပါးတို့၏ဖခင်အမည်မှန်မှာ ဦးဂူလေး ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၅ လမ်း၊ အမှတ် ၄၉၄ မြေပေါ်ရှိ နှစ်ခန်းတွဲ(၃½)တိုက်၏ ခေါင်းရင်းဘက် ဒါဘာ(၁၂½'×၅၀')ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးအေးသိန်း ၁၂/သကတ(နိုင်)၀၀၄၉၄၈ မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဖော် အထက်တန်းရှေ့နေ(စဉ်-၃၇၂၂၅)

ဦးသန့်ဇော် တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အိမ်သုံးလျှပ်စစ်မီတာများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်)တွင် အသုံးပြုရန် Kilo Watt- Hour Meter, Single Phase, 220V, 50 Hz, 10(30)Amp အိမ်သုံးလျှပ်စစ်မီတာ အလုံး ၂၀၀ ခန့် ဝယ်ယူလိုပါသဖြင့် ၆-၉-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားပြီး အိတ်ဖွင့်တင်ဒါများကို နမူနာပစ္စည်းများနှင့်အတူ ဤဦးစီးဌာနသို့ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အောက်ဖော်ပြပါအချက်အလက်အပြည့်အစုံကို ကုမ္ပဏီ/အဖွဲ့အစည်း Letter head ပါသော အဆိုပြုလွှာဖြင့် တင်ပြရမည်-

(က) တင်သွင်းရောင်းချမည့်အိမ်သုံးလျှပ်စစ်မီတာ၏ Made, Brand, Technical Specification အာမခံသက်တမ်း၊ ပစ္စည်းဈေးနှုန်း၊ ပစ္စည်းပေးသွင်းနိုင်မည့်ကာလ

(ခ) တင်သွင်းရောင်းချမည့်လျှပ်စစ်မီတာများကို သုံးစွဲရန်သင့်လျော်ကြောင်း စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏ စစ်ဆေးပြီးလက်မှတ်(EI လက်မှတ်)

ပစ္စည်းဝယ်ယူရေးကော်မတီ

ဆက်သွယ်ရန် ဖုန်း-၅၀၂၂၅၇၊ ၅၀၄၇၅၅၊ ၅၃၅၂၉၄

ဖခင်အမည်မှန်

အလက(၂) အင်းစိန်တွင် ပညာသင်ကြားနေသော ပဥ္စမတန်း(A)မှ စောဂလဲ့ဒန်ဆဲဂေး နှင့် ပထမတန်း(A)မှ စောအဲ့ခမီး ဆဲဂေးတို့၏ ဖခင်အမည်မှန်မှာ စောဆေးဂေး ဖြစ်ပါသည်။

အမွေပြတ် စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့၊ မြို့မ(၂)၊ အောင်မင်္ဂလာရပ်နေ ဦးအုန်းမောင်၏သား ဦးအောင်ဆန်းနိုင် ၅/ပလဘ(နိုင်)၀၀၀၄၅၂သည် မိခင်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်သန်း(မိခင်) ၅/ပလဘ(နိုင်)၀၀၂၄၃၉

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
(၈/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-069(2013-2014)	Plastic Valve Cups and Plastic Seating Cup	(8)Items	US$
(၂)	IFB-070(2013-2014)	Spares for National Drive Group (Bearing & Oil Seal)	(5)Items	US$
(၃)	IFB-071(2013-2014)	Spares for National Drive Group (Air Clutch)	(6)Items	US$
(၄)	IFB-072(2013-2014)	Spares for National Drive Group (Rotor Seal & Valve)	(5)Items	US$
(၅)	DMP/L-031(2013-2014)	Sucker Rod Coupling & Change Over Coupling	(4)Items	Kyat
(၆)	DMP/L-032(2013-2014)	Wire Cables for Solar Cell	(3)Items	Kyat
(၇)	Container (2/ 2013)	ရန်ကုန်ဆိပ်ကမ်းများမှ သာကေတရေနံအခြေစိုက်စခန်း(အသွား/အပြန်)ကွန်တိန်နာသယ်ယူပို့ဆောင်ခြင်းလုပ်ငန်း (၆-လ အတွက်သာ)		Kyat

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၅-၉-၂၀၁၃ ရက် ၁၃း၀၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

အမြန်ပြန်လာပါ

ကိုဟန်တင်ညွှန့် ရောက်နေတဲ့နေရာမှ အမြန်ပြန်လာပါ။ အမေလည်း ကျန်းမာစွာရှိပါတယ်။ အားလုံးလည်း စိတ်ပူပန်နေရပါတယ်။ (အမြန်ပြန်လာပါ။)

အမေနှင့်မွေးချင်းများ

ဟိုက်ဒရောလစ်/လေဖိအားသုံး
ကွန်ကရစ်အုတ်ရိုက်စက်များ(ရောင်း/ငှား)
ဘိလပ်မြေမွှေစက်၊ အုတ်အမျိုးအမျိုး
(၆၇) သံသုဓာလမ်း၊ သုဝဏ္ဏ (သွားဆေးတက္ကသိုလ်အနီး)
09 73199410 , 09 420035882
09 73199257, 09 73248097

ခင်ပွန်းအဖြစ်မသက်ဆိုင်တော့ပါကြောင်း

ကျွန်မ မအိအိချောလွင်၏ ခင်ပွန်းဖြစ်သူ မောင်စိုးလင်းနှင့် ၂၀-၆-၂၀၁၁ ရက်ကတည်းက ပေါင်းသင်းဆက်သွယ်မှုမရှိတော့ပါသဖြင့် ခင်ပွန်းအဖြစ် မသက်ဆိုင်ပါကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ၎င်း၏တာဝန်ပင်ဖြစ်သည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

မအိအိချောလွင် ၆/ကစန(နိုင်)၀၆၇၆၄၉

အမှတ်(၂)ရပ်ကွက်၊ စခန်းသစ်ကျေးရွာအုပ်စု၊ ကျွန်းစုမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဇ/၆၆၂၀ SAN SHWE MYINT L/T, (1) Ton/pickup ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ထက်ဝင်း ၁/မကတ(နိုင်)၀၇၂၇၅၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သံတွဲမြို့နယ်၊ ဂျိတ္တောရွာ၊ အမှတ် ၁၂ရပ်ကွက်နေ ဦးမောင်ဝင်း ၁၁/သတန(နိုင်)၀၄၇၆၄၅-ဒေါ်မြင့်မြင့်မေ(ခ)မငယ်လေး ၁၁/သတန(နိုင်) ၀၅၄၁၃၉ ၏သမီး မနှင်းအိဝင်း ၁၁/သတန(နိုင်)၀၅၉၀၅၂ သည် မိဘအား တစ်ကြိမ်မဟုတ် သုံးကြိမ်သုံးခါ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အပြီးအပိုင် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်ဝင်း ၁၁/သတန(နိုင်) ၀၄၇၆၄၅

ဒေါ်မြင့်မြင့်မေ(ခ)မငယ်လေး ၁၁/သတန(နိုင်)၀၅၄၁၃၉

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ယ/၃၇၀၁၇ ယာဉ်လက်ဝယ်ရှိသူ ဦးလှမောင်း ၅/ကလထ(နိုင်)၀၉၃၆၄၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး၊ ကလေးမြို့**

မှုခင်းသတင်းနှင့်ကြော်ငြာ

ပီစီအိုဖုန်း အထိုင်စက်ခိုးယူသူ ဖမ်းမိ

ရန်ကုန် ဩဂုတ် ၂၅

မင်္ဂလာတောင်ညွန့်မြို့နယ်သပြေကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ အများသုံး တယ်လီဖုန်းရုံးရှိ ဖုန်းအထိုင်စက်များ ခိုးယူလာသူတစ်ဦးကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး တိုင်းအကူတပ်ဖွဲ့ခွဲ လုံခြုံရေးတပ်ခွဲ(၂)မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက တာမွေမြို့နယ် မလ္လကုန်းဌေးကြွယ်(က)ရပ်ကွက် ကျိုက္ကဆံလမ်းတွင် ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသူ လှသိန်း(ခ) နွားကြီးအား Panasonic တံဆိပ်ပါ ဖုန်းအထိုင်စက်တစ်လုံး၊ FTELE တံဆိပ်ပါ ဖုန်းအထိုင်စက်တစ်လုံး၊ GAOX - INQI တံဆိပ်ပါဖုန်းအထိုင်စက် တစ်လုံး၊ ORIENTEL တံဆိပ်ပါ ဖုန်းအထိုင်စက်တစ်လုံး၊ CALLER - ID သုံးလုံး၊ တယ်လီဖုန်းကြိုး ခြောက်ချောင်းတို့နှင့်အတူတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

အဆိုပါ ပစ္စည်းများနှင့်ပတ်သက်၍ စစ်မေးရာ ၄င်းသည် ဩဂုတ်၂၀ ရက် ညက မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် ဗညားဒလလမ်းနှင့် စက်ရုံလမ်းထောင့်ရှိ အများသုံး တယ်လီဖုန်းရုံအတွင်းမှ ခိုးယူလာကြောင်း စစ်ဆေးသိရှိခဲ့ရသဖြင့် သိမ်းဆည်းပြီး မင်္ဂလာတောင်ညွန့် မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ခိုကျင်ကျေးရွာ၌ အမည်မသိ အလောင်းတွေ့ရှိ

ဗန်းမော် ဩဂုတ် ၂၅

ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီခွဲက ဗန်းမော်မြို့နယ် ခိုကျင်ကျေးရွာအနီး အလောင်းတစ်လောင်းတွေ့ရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးဦးမြင့်နိုင်၏ သတင်းပေးပို့ချက်အရ ဗန်းမော်မြို့မရဲစခန်းမှူး ဒုရဲမှူးအောင်ကျော်လှိုင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးရာ ခိုကျင်ကျေးရွာမှ အရှေ့ဘက်တစ်မိုင်ခွဲခန့်အကွာ ဇရစ်ကန်ဆည်အနီးတောစပ်၌ အရိုးကျနေပြီဖြစ်သော အမည်မသိ လူသေအလောင်းတွေ့ရှိရသဖြင့် ဗန်းမော်ရဲစခန်းက အမှုဖွင့်လှစ်ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်းတံတားသား

မြို့လယ်ကောင်ယာဉ်တိုက်၍ မောင်းသူထွက်ပြေး

ရန်ကုန် ဩဂုတ် ၂၅

လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်း(မဟာဗန္ဓုလလမ်းနှင့် အနော်ရထာလမ်းအကြား)အလယ်ရိုးမဘာဏ်ရှေ့အနီးတွင် အသက်၄၃နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးအား အမျိုးအစားနှင့်ယာဉ်အမှတ် မသိရသေးသောယာဉ်တစ်စီး တိုက်မိသွားရာ ယင်းနေရာတွင် သေဆုံးသွားကြောင်း ဩဂုတ်၂၂ရက် ည၉နာရီ ဝန်းကျင်မိုးရွာချိန်တွင် အဆိုပါယာဉ်တိုက်မှုကို သွားရောက်ကြည့်ရှုသူ တစ်ဦးက ဆိုသည်။ မျက်မြင်တွေ့ကြုံခဲ့ရသူတစ်ဦး၏ တစ်ဆင့် ပြောကြားချက်အပေါ်အခြေခံ၍ လူတိုက်ထွက်ပြေးသွားသော အမျိုးအစားနှင့်ယာဉ်အမှတ်ကို သက်ဆိုင်ရာက စုံစမ်းရှာဖွေနေကြောင်း သိရသည်။

ဘုန်းကြီးလမ်းမကြီး၏ လမ်းဘေးတစ်ဖက်တစ်ချက်တွင် ရပ်နားထားသော ၁၄ ပေ ကုန်တင်ယာဉ်အချို့အပါအဝင် အိမ်စီးကားတန်းများနောက်ဘက်ရှိ လူသွားလမ်းကျဉ်းမြောင်းခြင်း၊ အလင်းရောင်အားနည်းခြင်းတို့ကြောင့် လမ်းသွားလမ်းလာများ အနေဖြင့် ကားလမ်းပေါ်တက်ရောက်သွားလာနေကြရာ ညအချိန် ယာဉ်အန္တရာယ် အလွန်စိုးရိမ်ရကြောင်း ယင်းလမ်းအတွင်း နေထိုင်သူတစ်ဦးက ဆိုသည်။

ခင်ဆိုင်

မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

ကျုံဒိုး ဩဂုတ် ၂၅

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့၌ ဩဂုတ် ၂၀ ရက်က မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။

ယင်းနေ့ နံနက် ၉ နာရီ ၁၅ မိနစ်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ကော့ကရိတ်ခရိုင် မှုခင်းဌာနစု၊ မြဝတီမူးယစ်(အထူး)၊ ကျုံဒိုးမြို့နယ်ရဲစခန်း၊ ကော့ကရိတ်ရဲစခန်းတို့ ပူးပေါင်းအဖွဲ့ဝင်များသည် ကျုံဒိုးမြို့ ဥတ္တရလမ်းနေ ဒေါ်ရီရီခင်(၄၂နှစ်)၏နေအိမ်ကိုဝင်ရောက်ရှာဖွေရာဒေါ်ရီရီခင်ထံမှမူးယစ်ဆေးဝါးရောင်းရငွေကျပ် ၅၀၀၀ကိုလည်းကောင်း၊ ဒေါ်ဝင်းရွှေအိပ်ရာအတွင်းက မက်သာအဖက်တမင်း အဖြူရောင် ပုံဆောင်ခဲ ၂ ဂရမ်ခန့်ကိုလည်းကောင်း၊ကျော်ဝင်းထွန်းထိုင်နေသော ကြမ်းပြင်အနီး အဝါရောင် မီးခြစ်နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဝါးပြောင်းငယ်နှစ်ခု၊ မူးယစ်ဆေးဝါးသုံးစွဲပြီး ငွေရောင် ခဲပြားတစ်ခုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိသူများကို ကျုံဒိုးနယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိပြီး အလားတူ ကျုံဒိုးမြို့ အမှတ်(၁)ရပ်ကွက် သစ္စာလမ်းနေ အောင်ကြင်ဦးထံမှ စိတ်ကြွဆေးပြား ကိုးပြားရှာဖွေတွေ့ရှိ၍ သက်ဆိုင်ရာက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

နိုင်နိုင်ထွန်း(ကျုံဒိုး)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

ပြည် ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော အထက(၁)မှ အထက်တန်းကျောင်းသား၊ ကျောင်းသူများအား အမျိုးသမီးငယ်များအကြမ်းဖက်မှု ကာကွယ်ရေးဆိုင်ရာနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၈ ရက်က ပြည်မြို့ အထက(၁) သီရိရတနာခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ဒေါ်တင်တင်အေးက အမျိုးသမီးများ အကြမ်းဖက်မှုမှ ကာကွယ်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုရဲမှူးမျိုးသိန်းက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပြည်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်မို့မို့ထွန်းက အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိစေရေး ခေါင်းစဉ်ဖြင့်လည်းကောင်း ပညာပေးဟောပြောခဲ့သည်။

(၁၀၅)

ဝယ်လိုသည်

မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ VIP ရပ်ကွက်

ဆက်သွယ်ရန် ဖုန်း- ၀၉-၃၁၂၉၁၈၁၁၊ ၀၉-၈၆၃၆၅၈၀

Hotel ငှားချင်သူများ၊ Hotel အသစ်တည်ဆောက်ချင်သူများ၊ Hotelရှိပြီး Management ဆက်လက်မလုပ်နိုင်သူများ အမြန်ဆက်သွယ်ပါ။
Business Alliance Hub ၏ Hotel Developing Management Team မှ တာဝန်ယူဆောင်ရွက်ပေးခြင်း၊ အကြံပေးတိုင်ပင်ခြင်း၊ ခေါ်ယူဆွေးနွေးခြင်းများကို အထူးဝန်ဆောင်မှု ပေးနေပါသည်။
ဆက်သွယ်ရန်လိပ်စာ - **Business Alliance Hub**
126/A, Dhama Zedi Road, Bahan Township, Yangon
ဖုန်း-၀၁-၅၂၄၈၄၄၊ ၀၉-၇၃၉၀၂၇၁၅

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၅၊ မြေကွက်အမှတ် ၃၂၊ မြေအမျိုးအစား B-ဧရိယာ ၀ဒသမ၀၄၀၄ဧက မြေပေါ်ရှိ နှစ်ထပ်တိုက်အပါအဝင်အကျိုးခံစားခွင့်တို့နှင့်ပတ်သက်၍

ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို မြေကွက်မှာ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာတမ်းအရ အမည်ပေါက် ဒေါ်အန်မင်း(ခ)ဒေါ်မီမီထွေး ၅/ခတန(နိုင်) ၀၀၈၉၉၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း၌ ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြမြအေး B.A, R.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၃၃၅)
အခန်း ၅၈၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၆၀၂၇၊ ၀၉-၇၃၀၃၆၁၄၈

ဖခင် အမည်မှန် မိတ္ထီလာမြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မချောစုလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့် ၉/မထလ(နိုင်)၀၅၀၂၅၉ ဖြစ်ပါသည်။

ဖခင် အမည်မှန် မြိတ်မြို့၊ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(အတွဲ-၁၊ ဈ)မှ မမြင့်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးတက်ထွန်းဖြစ်ပါကြောင်း။
ဦးတက်ထွန်း ၆/မအရ(နိုင်)၀၂၁၅၇၄

မြန်မာဂေါက်သီးရိုက်အသင်း
စားသောက်ဆိုင်အတွက် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာဂေါက်သီးရိုက်အသင်း၏ အသင်းပိုင် စားသောက်ဆိုင်အား ငှားရမ်းဖွင့်လှစ်လုပ်ကိုင်သူ တိုင်းရင်းသားလုပ်ငန်းရှင်များထံမှ ချိပ်ပိတ်တင်ဒါပေးသွင်းရန် အဆိုပြုလွှာရှင်များ ဖိတ်ခေါ်အပ်ပါသည်။
၂။ အသေးစိတ်အချက်အလက်များပါသော တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် မြန်မာဂေါက်သီးရိုက်အသင်း မန်နေဂျာ(စီမံ)ရုံးတွင် ၂၁-၈-၂၀၁၃ ရက်မှစတင်ရောင်းချမည်ဖြစ်၍ ချိပ်ပိတ်တင်ဒါများကို ၆-၉-၂၀၁၃ ရက် ညနေ ၄ နာရီတိတိ နောက်ဆုံးထားပြီး တင်သွင်းရမည်။
၃။ တင်ဒါတင်သွင်းသူသည် အာမခံကြေး ကျပ်သိန်းသုံးဆယ်ကို မြန်မာဂေါက်သီးရိုက်အသင်း၏ မြန်မာစီးပွားရေးဘဏ် ငွေစုဘဏ်ခွဲ(၁) ငွေစာရင်းအမှတ် SA.123008 သို့ ပေးသွင်း၍ ငွေသွင်းပြေစာအား တင်ဒါပုံစံနှင့်အတူ ပေးသွင်းရမည်ဖြစ်သည်။ တင်ဒါရွေးချယ်ရေးအဖွဲ့မှ စိစစ်ပြီး တစ်ပတ်အတွင်း တင်ဒါအာမခံကြေးအား ပြန်လည်ထုတ်ပေးမည်ဖြစ်သည်။ အရွေးချယ်ခံရပြီး တစ်လအတွင်း လုပ်ငန်းမဆောင်ရွက်နိုင်ပါက ကော်မတီမှ သတ်မှတ်သောဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်သည်။

အလုပ်အမှုဆောင်အဖွဲ့
၉ မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၈၆၁၂၉၉၄၊ ၆၆၅၅၃၁၊ ၆၅၂၀၈၂

MCC Training Institute
B.Sc (Hons) Business Information Technology, UoG, UK
Bachelor of Science in Engineering, AIT, Thailand
September Intake အတွက် စာရင်းသွင်းအပ်နှံ တက်ရောက်နိုင်ပြီ။ပညာသင်ဆုများလျှောက်ထားနိုင်ပြီ။
MCC.i(Yangon Campus) - 01-245762, 01-249152, 01-246634, 01-395512
MCC.i(Naypyitaw Campus) - 067-421617 Ext: 108, 067-421198
MCC.i(Mandalay Campus) - 09-91034062, 09-402671562, 02-77930
MCC.i(Yatanarpon Campus) - 02-5178112, 02-5178113, 02-5178132, 09-43104966
မြန်မာတစ်နိုင်ငံလုံးမှ ကျောင်းသားစေလွှတ်မည့်ကိုယ်စားလှယ် (Student Recruitment Agent) ယူလိုသူများ အမြန်ဆက်သွယ်ရန် စာတိုက်သေတ္တာနံပါတ်- ၇၃၆၊ ဖုန်း- ၀၁-၂၄၅၇၆၂၊ ၀၁-၃၉၅၅၁၂

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲ မြိုင်မြို့၌ကျင်းပ

မြိုင် ဩဂုတ် ၂၅

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့်အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့ပူးပေါင်း၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ် ၁၈ရက် မွန်းတည့်၁၂နာရီက အိုရင်းကျေးရွာအုပ်စု အိုရင်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိဦးထိန်လင်းကမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ထင်းအစားအခြားလောင်စာသုံးစွဲရေး၊ စွမ်းအားမြင့် မီးဖိုများသုံးစွဲရေး၊ ဆိတ်၊ နွားများအစာရရှိရန် ကျေးရွာပိုင်မြေလွတ်၊ မြေရိုင်းများတွင် စားကျက်အတွက် သစ်ပင်များ စိုက်ပျိုးရန် ဟောပြောသည်။

ထို့နောက် သစ်တောဦးစီးဌာန မြို့နယ်သစ်တော ဦးစီးဌာနမှူး ဦးဇော်မင်းထွန်းက မြိုင်မြို့နယ်သည် မိုးခေါင်ရေရှား ရပ်ဝန်းဒေသဖြစ်၍ ရာသီဥတု ညီညွတ်မျှတစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်များ၏ အခန်းကဏ္ဍများ၊ ဒေသခံပြည်သူများ သိသင့်သိထိုက်သော သစ်တောဥပဒေ၊ နည်းဥပဒေများ၊တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် နယ်မြေများ ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များအားအကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ်သစ်တော ဝန်ထမ်းများက တက်ရောက်သူများအား သစ်တောသစ်ပင်အကြောင်း သိကောင်းစရာ ပညာပေးလက်ကမ်းစာစောင်များ ပေးဝေကြကြောင်း သိရသည်။ (၁၃၅)

ခာပေမြင့်မှ လူမျိုးတင်မည်

ကျေးလက်သမအသင်းသားများအတွက် ချေးငွေထုတ်ချေး

နေပြည်တော် ဩဂုတ် ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် သမဝါယမဦးစီးဌာနက ကျေးလက်သမအသင်းမှ အသင်းသားများအား ဩဂုတ် ၂၃ရက် နံနက် ၈ နာရီက ရန်အောင်မြေကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ချေးငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အဆိုပါချေးငွေများ ထုတ်ချေးရာတွင် ဧက ၁၀၀၀ အဆင့်မြင့်ကုန်ထုတ်သမအသင်းမှ အသင်းသား တောင်သူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် တောင်သူ ၉၃ဦးအတွက် ငွေကျပ်၉၃သိန်းနှင့် ပေါက်တော စိုက်ထုတ်သမအသင်းမှ အသင်းသားတောင်သူတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် တောင်သူ ၁၀၈ဦးအတွက် ငွေကျပ် ၁၀၈သိန်း စုစုပေါင်းငွေကျပ် ၂၀၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ (မြို့နယ် မြန်/ဆက်)

နယ်သတင်းနှင့်ဆောင်းပါး

ကျေးလက်ဒေသဖွံ့ဖြိုးရေး သနပ်ပင်၌ ပညာပေးဟောပြော

သနပ်ပင် ဩဂုတ် ၂၅

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ကျင်းပသောပြည်သူ့အကျိုးပြုမွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အစုအဖွဲ့ မွေးမြူရေး ပိုမိုတိုးတက်လာစေရန် ရည်ရွယ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီက ကမာဝကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ သနပ်ပင်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာထွန်းလှစိန်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး စီမံချက်ပါ လုပ်ငန်းတာဝန်များအကြောင်းပညာပေးဟောပြောပြီး(ဝဲ) ဒုဦးစီးမှူး ဒေါက်တာသီရိဇော်က အစုအဖွဲ့ဖြင့် မွေးမြူရေးအကြောင်း ဟောပြောသည်။

ဟောပြောပွဲသို့ မြို့နယ် မွေး/ကု ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်မွေးမြူရေးသမားများတက်ရောက်ကြပြီး ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **တင်အောင်ဆန်း(သနပ်ပင်)**

ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူး လုပ်ငန်းညှိနှိုင်း

ကလေး ဩဂုတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် စီမံခန့်ခွဲမှုကော်မတီနှင့် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ သုံးလပတ်လုပ်ငန်းညှိနှိုင်း စည်းဝေးပွဲကို ဩဂုတ် ၁၅ ရက်က နေရှင့်ဂုရာခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းစည်းဝေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးအေးနိုင်က တိုင်းဒေသကြီးဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ၊ ဒီမိုကရေစီအစိုးရသစ်လက်ထက် ကုန်ဆုံးခဲ့ပြီးသော လပေါင်း ၃၀အတွင်း ပြုပြင်ပြောင်းလဲမှုများဖြစ်သည့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် လိုက်ပါပြောင်းလဲရန်လိုအပ်ကြောင်းကို ရှင်းလင်းဆွေးနွေးပေးသည်။

ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တံတားများ ဆောက်လုပ်လိုမှု၊ စာသင်ကျောင်းများပြုပြင်လိုမှု၊ မူးယစ်ဆေးဝါးများ အန္တရာယ်တို့ကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။ (သျှင်နေမင်း)

ကျောက်တန်းမြို့တွင် မေတ္တာအခါတော်နေ့ကျင်းပ

ကျောက်တန်း ဩဂုတ် ၂၅

ဝါခေါင်လပြည့်နေ့သည် မြတ်ဗုဒ္ဓ၏မေတ္တာအခါတော်နေ့ဖြစ်သည်နှင့်အညီ ဩဂုတ် ၂၁ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ရွှေမော်ဝန်းသာသနာ့ ဗိမာန်တော်ကြီးတွင် မေတ္တာအခါတော်နေ့ ကျင်းပသည်။

အခမ်းအနားကို နာမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ကြွရောက်တော်မူလာကြကုန်သောဆရာတော်သံဃာတော်များနှင့်သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီး ဆရာလေးများက ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ကြသည်။ (၀၁၉)

ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဘုရားဖူးအဖွဲ့နှင့် ဆက်သွယ်၍ မိမိတို့တတ်စွမ်းသမျှ ဒါနကုသိုလ် ရယူနိုင်ပါသည် -

	ဂယာ	မိဂဒါဝုန်	ကုသိနာရုံ
၁။ မြေ(၁)စတုရန်းပေ (ကျပ်)		၁၅၀၀၀	၁၀၀၀၀

	ဂယာ	သာဝတ္ထိ	ကုသိနာရုံ
၂။ ကျောင်းဆောင်(၁)စတုရန်းပေ (ကျပ်)	၂၂၀၀၀	၂၀၀၀၀	၂၀၀၀၀

၃။ သာရိပုတ္တရာကျောင်းဆောင်သစ် တရုတ်မြန်မာဗုဒ္ဓဘာသာကျောင်း ၊ နာလန္ဒာ

(နှုန်းထားသတ်မှတ်ချက်မရှိပါ ၊ စေတနာသာအဓိကဖြစ်ပါသည်။)

ရုံးချုပ် - ကွန်နို(E)၊မြေညီထပ်၊ကမ္ဘာအေးဗီလာအိမ်ရာ၊ကမ္ဘာအေးစေတီလမ်း၊(၈)မိုင်၊မရမ်းကုန်း၊ရန်ကုန်။
☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၃၃ ၊ ၀၉-၅၁၂၂၁၃၈

ရုံးခွဲ(၁) - အမှတ်(၂၈၉)၊မြေညီထပ်၊ပန်းဆိုးတန်းလမ်း(ခုံကျော်တံတားအနီး)၊ကျောက်တံတား၊ရန်ကုန်။
☎ ၀၁-၃၇၇၆၁၅ ၊ ၀၉-၇၃၂၂၇၅၃၅ ၊ ၀၉-၂၆၅၀၇၈၃

ရုံးခွဲ(၂) - Gandamar Wholesale ၊မြေညီထပ်၊ ဝေဇယန္တာလမ်း နှင့် ဂန္ဓမာလမ်းထောင့်၊မရမ်းကုန်း၊ရန်ကုန်။
☎ ၀၁-၆၅၇၇၉၄ ၊ ၀၉-၅၆၀၀၄၄၄

ရေယာဉ်စားဖိုမှူးနှင့် ရေယာဉ်စားပွဲထိုး ဖြစ်လိုသူများအတွက်

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (DMA)အသိအမှတ်ပြု သင်တန်းများ

- Pre-sea Ships' Cook Course
- Pre-sea General Steward Course
- Ships' Cook Upgrade Course (စားဖိုမှူးမွမ်းမံ)

(၈) တန်းအောင်မြင်ပြီးသူများအတွက် ဆေးစစ်ဆေးမှု စတင်သည့် အချိန်မှစ၍ နိုင်ငံကူးလက်မှတ် နှင့် သင်္ဘောသားအလုပ်အကိုင် မှတ်တမ်းစာအုပ် (CDC) ရရှိသည်အထိ ကူညီဆောင်ရွက်ပေးမည်။ သင်တန်းပြီးဆုံးအောင်မြင်သူများအား ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ (CDC) လျှောက်ထားခွင့်ပြုမည်။ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် ဝန်ဆောင်ခရိတ်(အခမဲ့) ဆက်သွယ် ဆောင်ရွက်ပေးမည်။

စက်တင်ဘာလ (၅)ရက်နေ့တွင် တန်းခွဲသစ် ဖွင့်လှစ်မည်။ သင်တန်းသားသစ်များကို စတင်လက်ခံနေပြီ။

Asia Masters- Maritime And Hospitality Academy(MAHA)

၂၇၀၊ မဟာရာကွန်ဒို၊ တတိယထပ်၊ အနော်ရထာလမ်း (၂၈လမ်းနှင့် ရွှေဘုံသာလမ်းကြား)၊ ဖုန်း ၀၉ ၇၃၀ ၆၂၂၁၊ ၀၉ ၅၂၁၀ ၀၀ ၁၁၁၊ ၀၉ ၄၅၀၀ ၃၅၀၃၅၊ ၀၉ ၄၅၀၀ ၃၅၀၃၆

Practical Radio Network Planning and Optimization, including UMTS/LTE Principles and Application Training

မြန်မာနိုင်ငံ၏ တော်မီ Mobile network များ တိုးချဲ့တည်ဆောက်ရာတွင် လိုအပ်မည့်နည်းပညာများကို ဖြည့်ဆည်း ပေးရန်ရည်ရွယ်၍ ရွေးပြည်တံခွန်ကုမ္ပဏီ၏ Telecommunications နယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသော Engineering Manager များနှင့် Engineer များအတွက် Practical Radio Network Planning and Optimization, including UMTS/LTE Principles and Application Training သင်တန်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ (၉) ရက်နေ့မှ စက်တင်ဘာလ (၁၃) ရက်နေ့အထိ ဖွင့်လှစ်ပို့ချ သွားမည်ဖြစ်သည်။

အဆိုပါသင်တန်း၌ ဥရောပ၊ အမေရိက၊ ဩစတြေးလျ၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသရှိ GSM, GPRS/EDGE, UMTS, CDMA, HSxPA, LTE နည်းပညာကွန်ယက်များ၌ နှစ် (၂၀) ကျော် Telecoms Engineer, System Expert, Team Leader, Technical Consultant အဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့သော Mr. Jean-Marc Phan Van နှင့် ဆရာဦးသန်းထိုက်အေး တို့မှ လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခဲ့သောအတွေ့အကြုံများနှင့် နမူနာစမ်းသပ်ချက်များအပြင် အောက်ပါအကြောင်းအရာများအား သရုပ်ပြဆွေးနွေးပို့ချ သွားမည် ဖြစ်ပါသည်။

သင်တန်းပြီးဆုံးပါက Certificate ရရှိမည်ဖြစ်ပြီး သင်တန်းသို့ ပြည်တွင်းပြည်ပအဖွဲ့အစည်းများတွင် လုပ်ကိုင်ဆောင်ရွက်နေသော Engineering Manager များ၊ Telecom Engineer များ၊ Network Engineer များနှင့် Telecommunications knowledge အခြေခံရှိသူများ တက်ရောက်နိုင်ပြီးသင်တန်း လျှောက်လွှာများကို http://sptgtelecom.com/news-events/prn-pno-training တွင် Download ရယူ၍ ဖြည့်စွက်ပြီး info@sptgtelecom.com သို့ (၆.၉.၂၀၁၃) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၆၅၇၇၉၉၊ ၀၁-၆၅၇၈၀၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အများသိစေရန်ကြေညာအပ်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ၁၄၉ လမ်း၊ အမှတ် ၁၂ တွင် နေထိုင်သူ (က)ဦးဘိုဘိုနိုး၏သား ဦးမောင်နိုင်ထွန်း ၁၁/မဂဒ(နိုင်)၀၅၅၂၁၁သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်ပြီး ၎င်း၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၅၆)ရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ် ၁၁၃၇/ကယ ခေါ်တွင်သော မြေအကျယ် ပေ(၁၀×၆၀)မြေကွက်နှင့် ယင်းမြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်သိန်း၊ ဒေါ်တင်အေးတို့ထံမှ ၁၇-၂-၂၀၁၃ ရက်တွင် ငွေ ၂၅၀၀၀၀၀/-ကျပ်ဖြင့် ကျွန်ုပ်၏အမွှေသည်မှ ဝယ်ယူ၍ လက်ရောက်ရယူခဲ့ပါသည်။ ရောင်းချခဲ့သောမြေ၊ အိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း မူရင်းနှင့်တကွ လာရောက်ကန့်ကွက်ပါရန်နှင့် ကျွန်ုပ်မိတ်ဆွေသို့ရှိခြင်းမရှိက ရောင်းချ ပေါင်နှံ ပေးကမ်း၊ စွန့်လွှတ်၊ လျှဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် ပေးကမ်းခြင်းမပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ကြေညာချက်အရ-
ဦးမြင့်အောင် LL.B၊ အထက်တန်းရှေ့နေ (စဉ်-၂၂၃၃၀)
အမှတ် ၈၄၆/၁၊ ဓိဇ၀ါ ၃ လမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်

မြန်မာနိုင်ငံဘုမိသိပ္ပံအသင်း
သတ္တုမအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲ
ဖိတ်ကြားလွှာ

မြန်မာနိုင်ငံဘုမိသိပ္ပံအသင်း၏ သတ္တမအကြိမ်မြောက်ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် - ၁-၉-၂၀၁၃ (တနင်္ဂနွေနေ့)။
ကျင်းပမည့်အချိန် - နံနက် (၉ : ၀၀) နာရီ။
ကျင်းပမည့်နေရာ - Function Hall ၊ (တတိယထပ်) မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၃၂၈၅ Jeep ယာဉ် လက်ဝယ်ရှိသူ ဦးအောင်ဝင်း ၁၃/တကန(နိုင်)၀၈၅၂၈၇၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၁၃၃၄၉၊ Bo Bo Dream 110 ယာဉ် လက်ဝယ်ရှိသူ ဦးမောင်မောင်တာ ၁၃/တကန(နိုင်) ၀၆၈၁၃၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

အမည်ပြောင်း

တောင်ကြီးမြို့၊ အမှတ်(၁/၄၃၁)၊ ရွှေပုလမ်း၊ ချမ်းမြသာစည်ရပ်ကွက် ဦးသာအေး-ဒေါ်နန်းရင်တို့၏သမီး ဒေါ်ချစ်ချစ် ၁၃/ညရန(နိုင်)၀၇၉၃၃၀အား ဒေါ်နန်းနွယ်အေးဟု ပြောင်းလဲခေါ်ပါရန်။ **ဒေါ်နန်းနွယ်အေး**

အလုပ်အကိုင်အခွင့်အလမ်းနှင့်စီးပွားရေးကြော်ငြာ

ဝန်ထမ်းအလိုရှိသည်။

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

Medical

AA Medical Products Ltd. မှ အောက်ဖော်ပြပါ ရာထူးအတွက် အရည်အသွေးပြည့်စုံသူအား ခန့်ထားရန်လိုအပ်လျှက်ရှိသည်။

1) Legal Adviser ကျား/မ (၁)ဦး

- အသက်(၃၅)နှစ်အထက်၊ ဘွဲ့တစ်ခုခုရရှိပြီး H.GP, RL (သို့) L.L.B, L.L.M ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
- ဥပဒေရေးရာများ၊ စာချုပ်စာတမ်းများနှင့်ပတ်သက်ပြီး နှံ့နှံ့စပ်စပ် သိရှိနားလည်သူဖြစ်ရမည်။ ကုမ္ပဏီအတွက် ကောင်းမွန်သော ဥပဒေရေးရာ အကြံဉာဏ်များကို ပေးနိုင်သူ၊ Legal case များကို ကိုင်တွယ်ဖြေရှင်းနိုင်သူ ဖြစ်ရမည်။
- တရားရုံးများတွင် ဥပဒေရေးရာနှင့်ပတ်သက်သည့်အတွေ့အကြုံအနည်းဆုံး (၁၀)နှစ်ရှိသူကို ဦးစားပေးမည်။
- တရားရုံးအဆင့်ဆင့်တွင် လိုက်ပါဆောင်ရွက်ခွင့် ရရှိထားသူဖြစ်ရမည်။ ကုမ္ပဏီ Legal ကိစ္စများကို Full time အချိန်ပေး လုပ်နိုင်သူဖြစ်ရမည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၁၀-၉-၁၃)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓါတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်း အထောက်အထား၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်း မွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd. အမှတ်(၄၀၈/၄၁၀)၊ မဟာဗန္ဓုလလမ်း၊ (၄)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်

FONECLUB Mobile Phone Spare Parts ဖြန့်ချိရေး

Office & Sales ADMIN - 1Post

- ကွန်ပျူတာနှင့်အင်တာနက်ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ။
- MS Office Excel/Word, Adobe Photoshop/Page Maker ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ။
- အင်္ဂလိပ်စာအခြေခံကောင်းသူ။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံးနှစ်နှစ်ရှိသူ။ (Import/Export လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။)
- အသင်းအဖွဲ့နှင့်စည်းလုံးညီညွတ်စွာလုပ်ကိုင်နိုင်သူ။
- ရေရှည်လက်တွဲလုပ်ကိုင်နိုင်သူ။

ACCOUNTANT - 1 Post

- LCCI LEVEL III အောင်မြင်ပြီးသူ။
- ကွန်ပျူတာနှင့်အင်တာနက်ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ။
- Microsoft Excel ဖြင့် စာရင်းကျွမ်းကျင်စွာကိုင်နိုင်သူ။
- လုပ်ငန်းအတွေ့အကြုံအနည်းဆုံး နှစ်နှစ်ရှိသူ။
- အသင်းအဖွဲ့နှင့်စည်းလုံးညီညွတ်စွာ လုပ်ကိုင်နိုင်သူ။
- ရေရှည်လက်တွဲလုပ်ကိုင်နိုင်သူ။

CASHIER - 1 Post

- ကွန်ပျူတာ အရောင်းစနစ်သုံး အရောင်းဆိုင်တွင် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး တစ်နှစ်ရှိသူ။
- ကွန်ပျူတာ၊ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ။
- အပြောအဆိုယဉ်ကျေးပျူငှာသူ။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီးသူ။

SALES - 4 Posts

- မိုဘိုင်းဖုန်းအရောင်းဆိုင်(သို့မဟုတ်)ကွန်ပျူတာအရောင်းဆိုင်တွင် လုပ်ငန်း အတွေ့အကြုံအနည်းဆုံး တစ်နှစ်ရှိသူ။
- အပြောအဆိုယဉ်ကျေးပျူငှာသူ။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိထားပြီးသူ။

(CV Form၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့်တကွ ကြော်ငြာပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

လိပ်စာ - ယုဇနပလာဇာနှင့် နှင်းဆီလမ်းထောင့်၊ တိုက် ၈၊ ပထမထပ်၊ အခန်း ၆ ယုဇနပလာဇာမှတ်တိုင်တွင်ဆင်းရန်။

စုံစမ်းရန်ဖုန်း - ၀၉-၄၄၄၀၀၉၉၁၉

ဝန်ထမ်းအားလုံးအတွက် နေ့လယ်စာစီစဉ်ပေးမည်။

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဂ)၊မြေကွက်အမှတ်၁၃၅၁/၂၊ မြေကွက်တည်နေရာ၁၃၅၁/၂၊ ဥက္ကာ ၅လမ်း၊ ဂရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဦးထွန်း ၁၂/ဥကမ(နိုင်)၀၀၇၆၆၇ အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဖခင် ဦးထွန်း၊ မိခင် ဒေါ်မြကြည်ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းအေး ၁၂/ဥကမ(နိုင်) ၀၃၆၂၅၉ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အမျိုးသားအဆင့် ပို့ကုန်မဟာဗျူဟာဆိုင်ရာ (National Export Strategy -NES) ဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း၌ တာဝန်ထမ်းဆောင်ရန်အတွက် အောက်ပါဝန်ထမ်း (၁)ဦး အလိုရှိသည် -

Coordinator ကျား/မ (၁) ဦး

- မဟာသိပ္ပံဘွဲ့ရ (MSc) (သို့) မဟာစီးပွားရေးဘွဲ့ရ (MBA) (သို့) သိပ္ပံ (သစ်တောဘွဲ့ရ)၊
- သစ်နှင့် သစ်တောထွက်ပစ္စည်းများနှင့်ပတ်သက်၍ အတွေ့အကြုံ/ဗဟုသုတရှိသူ၊
- မြန်မာနိုင်ငံရှိ ကုန်သွယ်မှုနှင့် ပို့ကုန်ဆိုင်ရာကိစ္စရပ်များ အတွေ့အကြုံရှိသူ၊
- အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာရေးသားပြောဆိုနိုင်ပြီး၊ အစီအရင်ခံစာများကို ကျွမ်းကျင်စွာပြုစုနိုင်သူ၊
- လူအများနှင့် ဆက်ဆံရေးကောင်းမွန်ပြီး အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံးနှင့် အပြန်အလှန် ဆက်သွယ်ဆောင်ရွက်နိုင်သူ၊

လျှောက်ထားလိုသူသည် ဓါတ်ပုံ(၂)ပုံ၊ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံ အထောက်အထား၊ မျှော်မှန်းလစာ၊ ဆက်သွယ်ရန်လိပ်စာ၊ နိုင်ငံသားကတ်မိတ္တူ၊ အလုပ်သမားကတ်မိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်နှင့်အတူ (၃၀-၈-၂၀၁၃) နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း၊ အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ UMFCCI Tower (6) Floor, လမ်းမတော်မြို့နယ်၊

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်၁၁၊ မြေကွက်အမှတ်(က-၂၆၂)၊ မြေကွက်တည်နေရာအမှတ် (က/၂၆၂)၊ ၃လမ်း၊ ယမုံနာ ၂ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးသိန်းလွင် အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးသိန်းလွင်(ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်ရင်လှ ၁၂/ဒပန(နိုင်)၀၁၇၁၂၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၈၊ မြေကွက်အမှတ်၇၅၃၊ မြေကွက်တည်နေရာအမှတ် ၇၅၃၊ တပင်ရွှေထီးလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ် ဒေါ်လှမြိုင် CC-၀၄၅၇၁၅ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှမြိုင်နှင့် ခင်ပွန်း ဦးအေးသိန်း (မိခင်၊ ဖခင်) တို့ အသီးသီးကွယ်လွန်သဖြင့် (၁) ဒေါ်မြမြအေး ၁၂/သလန(နိုင်)၀၁၅၅၈၅၊ (၂) ဒေါ်ခင်ခင်အေး ၁၂/သလန(နိုင်)၀၁၅၅၈၆ တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။	အုပ်ချုပ်ရေးမှူး(သို့မဟုတ်)လုပ်ငန်းကြီးကြပ်ရေးမှူး(ရန်ကုန်၊ မန္တလေး) (လစာ-၁၀၀၀၀၀-၁၅၀၀၀၀)	(ကျား/မ)	၄ ဦး
၂။	သွင်းကုန်ထုတ်ကုန်(MICB/MFTB)ဘဏ်လုပ်ငန်းကျွမ်းကျင်သူ (လစာ-၁၀၀၀၀၀-၁၂၀၀၀၀)	(မ)	၂ ဦး
၃။	(အရောင်း/စာရင်းကိုင်/စာရင်းစစ်)ဝန်ထမ်း (လစာ-၈၀၀၀၀-၁၀၀၀၀၀)	(ကျား/မ)	၁၀ ဦး
၄။	ယာဉ်မောင်း (လစာ-၁၅၀၀၀၀-၂၀၀၀၀၀)	(ကျား)	၅ ဦး
၅။	တာယာ၊ ဘက်ထရီ ဖြုတ်/တပ် ကျွမ်းကျင်သူ(လစာ-၈၀၀၀၀-၁၀၀၀၀၀)	(ကျား)	၁၀ ဦး
၆။	ညစောင့်(လစာ-၆၀၀၀၀-၈၀၀၀၀)	(ကျား)	၅ ဦး

- အမှတ်စဉ်(၂)အတွက် လျှောက်ထားသူများသည် ဘွဲ့ရပြီးသူဖြစ်ရမည်။ computer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။
  အသက်(၂၀)မှ (၂၅)နှစ်အတွင်း ဖြစ်ရမည်။ ဘဏ်လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၁)နှစ်ရှိရမည်
- ယာဉ်မောင်းလျှောက်ထားသူများသည် အနည်းဆုံးယာဉ်မောင်းသက်တမ်း(၂)နှစ်ရှိရမည်။
- အမှတ်စဉ်(၁၊ ၄)အတွက် အသက်(၃၀)မှ (၄၀)အတွင်း ဖြစ်ရမည်။
- အမှတ်စဉ်(၃၊ ၅)အတွက် အသက်(၂၀)မှ (၃၀)အတွင်း ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

အမှတ်စဉ်အားလုံးအတွက် လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ လျှောက်ထားသူများသည် လုပ်ငန်းအတွေ့အကြုံပေါ်မူတည်၍ မျှော်မှန်းလစာကို ဖော်ပြနိုင်သည်။ အလုပ်သမားမှတ်ပုံတင်မူရင်း၊ အမျိုးသားမှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ဓာတ်ပုံနှစ်ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံချက်များနှင့်အတူ လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန် ။ ။ ဝင်းဘက်ထရီနှင့် တာယာရောင်းဝယ်ရေး
အမှတ်(၂၃၅)၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
(တော်ဝင်နှင်းဆီခြံအနီး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာ၊ တိုက်အမှတ် ၇၊ အခန်းအမှတ် ၃၀၂ ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမောင်ရီ ၁၂/လမန(နိုင်)၀၇၁၁၄၀သည် အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် (A/O) မူရင်းပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ည၊ မြေကွက်အမှတ် ၄၇၆ ဒ/၂၊ မြေကွက် တည်နေရာအမှတ်-၄၇၆ ဒ/၂၊ ဘုမ္မာ(၁၂)လမ်း၊ ည ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ် ဒေါ်သိန်းမေ ၁၂/ဥကမ(နိုင်)၀၅၅၄၃၃ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်သိန်းမေ ဖခင် ဦးတက်တိုးကွယ်လွန်သဖြင့် ဒေါ်ခင်မေဦး ၁၂/ဥကမ(နိုင်)၀၅၅၄၄၀၊ ဦးခင်မောင်ဦး ၁၂/ဥကမ(နိုင်)၀၅၅၄၁၄၊ ဦးခင်မောင်တူး ၁၂/ဥကမ(နိုင်)၀၈၄၇၄၀တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၃၂၄၂/ ၁၈-၇-၂၀၁၁)ဖြင့်ရရှိသူ ဒေါ်မြင့်မြင့်သန်း ၁၂/ဒပန(နိုင်)၀၂၄၉၅၇မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

26-8 (20).pmd 1 8/24/2013, 11:30 AM

စီးပွားရေးကြော်ငြာ

စေတနာအထူးပြုနိဗ္ဗာန်ဆော် ခင်နန္ဒာ နှင့် သွားစို့နော် (၂၀၁၃-၂၀၁၄ ဗုဒ္ဓဂယာခရီးစဉ်များအတွက် ဝန်ဆောင်မှုအသစ်များ)

သံဝေဇနီယလေးဌာန+သာဝတ္ထိ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ် (အသက်ကြီးသူများ ၊ ယခင်ရောက်ဖူးသူများ ၊ အချိန်မရသူများ ပိုမိုသင့်တော်သည်။) (ရန်ကုန်-ဂယာ-ရန်ကုန်)

သံဝေဇနီယလေးဌာန+အဝိဇဟိတလေးဌာန+တာ့ချ်မဟာ+နယူးဒေလီ+ဝေသာလီ+ပတ္တနား+ရာဇဂြိုဟ်+ကိုလ်ကတ္တား (နေရာစုံပို့ပေးသည်။) (ရန်ကုန်-ဂယာ-ကိုလ်ကတ္တား-ရန်ကုန်)

နယ်ခရီးသည်များ ရန်ကုန်မြို့ရှိ အဆင့်မြင့်လုံးချင်းအိမ်များတွင် သီးသန့်အခန်းများဖြင့် အခမဲ့(၃)ကြိမ်တည်းခိုခွင့်ပေးခြင်း (ရေပူရေအေး+တယ်လီဖုန်း+ အဲယားကွန်း+သံရုံး/လေဆိပ်ပို့ကြိုအခမဲ့ဆောင်ရွက်ပေးခြင်း) ၊ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန်လာရောက်စဉ် လေဆိပ်/ကားဂိတ်မှ အထက်ပါအိမ်များ/ရုံးချုပ်/ နိုင်ငံကူးလက်မှတ်ရုံးအထိ အခမဲ့ကြိုဆိုပို့ဆောင်ပေးခြင်း၊ ခရီးစဉ်တိုင်းတွင် အမျိုးသားနှင့်အမျိုးသမီး ဝန်ထမ်းတစ်ဦးစီပါရှိခြင်း ၊ ကာယလုပ်သား(၂)ဦး ၊ ဗွီဒီယို/ဓါတ်ပုံရိုက်ကူးသူ ၊ အိမ်သုံးဆေးဝါး နှင့် လိုအပ်လျှင် ဘီးတပ်ကုလားထိုင်စီစဉ်ပေးခြင်း ၊ တစ်နေ့လျှင် နံနက်စာ ၊ နေ့လယ်စာ+ညနေစာ မြန်မာထမင်း/ဟင်းအပြင် အဆာပြေ(၂)ကြိမ်ကျွေးမွေးခြင်း ၊ စားနပ်ရိက္ခာခြောက်များပါရှိခြင်း ၊ အထူးသဖြင့် (၁၅)ရက်ခရီးစဉ်တွင် ခရီးစဉ်အစ/အဆုံး မေတ္တာဖြင့်လိုက်ပါရှင်းပြမည့် ဆရာတော်(၁)ပါး ပါရှိခြင်းတို့ဖြင့် ဘုရားဖူးခရီးသည်များ စိတ်ချမ်းသာစွာကုသိုလ်ယူနိုင်ရန် စီစဉ်ထားပါသည်။ နိုင်ငံကူးလက်မှတ်(၆)လ သက်တမ်းကျန်သူများ ၄၀,၀၀၀/လျှော့ပေးသည်။ ဦးစီးလိုက်ပါသူအား (၁၆)ဦးလျှင်(၁)ဦးအခမဲ့ ၊ (၁၀)ဦးလျှင်(၄၀%)၊ (၅)ဦးလျှင်(၁၀%) လျှော့ပါမည်။ (၄၅)ခုံပါသော အဲယားကွန်းကားကြီးတွင် (၃၂)ဦးသာ ထွက်ခွာပါမည်။ လေယာဉ်လက်မှတ်နေရာ သေချာစေရန် ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။ အောက်ပါရက်စွဲများအတိုင်း ပြောင်းလဲမှုမရှိ ထွက်ခွာပါမည် -

၁၁/၁၂ရက် - အောက်တိုဘာ ၇၊ ၂၁၊ နိုဝင်ဘာ ၄၊ ၁၈၊ ဒီဇင်ဘာ ၂၊ ၁၆၊ ဇန်နဝါရီ ၂၇၊ ဖေဖော်ဝါရီ ၁၀၊ ၂၄၊ မတ်လ ၁၀၊ ၂၄၊ ဧပြီ ၇၊

၁၄/၁၅ရက် - အောက်တိုဘာ၄(၁ဦးလို) ၊၇၊၁၄(ပြည့်ပြီး)၊၁၈၊၂၁၊ နိုဝင်ဘာ၁၊၄၊၁၅၊၁၈၊၂၉၊ ဒီဇင်ဘာ၂၊ ၁၃၊ ၁၆၊ ၂၇၊ ဇန်နဝါရီ ၁၀၊ ၁၃၊ ၂၄၊ ၂၇၊ ဖေဖော်ဝါရီ ၇၊၁၀၊ ၂၁၊ ၂၄၊ မတ်လ ၇၊၁၀၊ ၂၁၊ ၂၄၊ ဧပြီ ၄၊၇၊ ခရီးစဉ်အားလုံး Air Bus A 320 လေယာဉ်အကြီးစားဖြင့်သာ ၊ စရံငွေချေ/ဦးရာလူစနစ်

ကွန်ဒို(E)၊ မြေညီထပ်၊ ကမ္ဘာအေးဗီလာအိမ်ရာ၊ ကမ္ဘာအေးစေတီလမ်း၊ (၈)မိုင်၊ မရမ်းကုန်း၊ ရန်ကုန် ။ ၀၁-၆၅၅၅၂၀၊ ၆၅၅၈၈၅၊ ၀၉-၅၆၀၀၁၂၃ ၊ ၀၉-၅၆၀၀၄၄၄

နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာ၍လေးမည် ၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်" ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်။

(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွား၊ပွင့်၊ဟော၊စံ)(အိန္ဒိယ- နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး- ၉ သိန်း(စရိတ်ငြိမ်း)

(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊ တာ့ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)

၂၀၁၃-၁၄ခုနှစ်ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို(၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍စရံငွေ(၁)သိန်းဖြင့်ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

ဘုရားဖူးဝမ္ပမိတ်ဆွေများ၏တောင်းဆိုမှုအရ Promotion ကာလကို(၁.၇.၁၃)မှ(၃၁.၈.၁၃)အထိ တိုးမြှင့်လိုက်ပြီးဖြစ်ကြောင်းဝမ္ပမိတ်ဆွေမိတ်ဟောင်းမိတ်သစ်များအား သတင်းကောင်းပါးအပ်ပါသည်။

ဗုဒ္ဓဂယာခရီးစဉ်ကို Promotion ကာလအတွင်းစရံငွေ(၁)သိန်း ပေးသွင်းပါက တစ်ဦးချင်း လိုက်ပါလျှင် (၅)သောင်းကျပ် လျှော့ပေးမည်ဖြစ်ပြီး၊ (၈)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။

(၆) ညအိပ်(၇)ရက်ခရီး — သီရိလင်္ကာ (စွယ်တော်) + ဘန်ကောက် (မြဘုရား)

စရိတ်ငြိမ်း (၁၂.၅) သိန်း (ထွက်ခွာမည့်နေ့ – ၃၀.၉.၂၀၁၃)

အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ဝန်ဆောင်မှုပေးပါမည်။

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်။

ရန်ကုန်ရုံးချုပ် အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ ၆၅x၆၆လမ်းကြား၊ မင်းကွန်းတိုက်တန်း၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့

☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၃ ၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၁

ဖုန်းဖြင့် Internet အသုံးပြုသူများအတွက်

အပြည်ပြည်ဆိုင်ရာ

အခပေး၊ အခမဲ့ ဖုန်းခေါ်နည်းအမျိုးမျိုး

ဉာဏ်ကြွယ်

ဖုန်းဖြင့် Internet အသုံးပြုသူများအတွက်

GSM, WCDMA, CDMA 800 MHz, MecTel ဖုန်းများအတွက် Internet Setting ပြည့်သွင်းနည်း၊ Internet လိုင်းကို Phone ဖြင့် အသုံးပြုနည်း၊ Computer ဖြင့် အသုံးပြုနည်း၊ Sim Card ကို Modern နှင့်အသုံးပြုနည်း။ နိုင်ငံတကာသို့ အခမဲ့(သို့) Internet အသုံးပြုခြင်း Phone ပြော၊ Message ပို့နိုင်သော Viber, Whats App, Pfingo Talk, Skype, YTalk, Tango အစရှိသည်တို့ အသုံးပြုနည်းများ ပါဝင်ပါသည်။

မနောဖြူစာပေ – ဖုန်း–၀၉–၇၃၂၄၆၉၈၀၊ ၀၉ ၇၃၀၄၃၈၇၃

ဝယ်လိုပါသည်

(၁) မရမ်းကုန်း၊ အင်းစိန် လမ်းမနှင့် လမ်းသွယ်ရှိ လုံးချင်းမြေကွက်များ

(၂) မင်္ဂလာဒုံ လမ်းမတန်းနှင့် လမ်းသွယ်ရှိ မြေကွက်များ

(၃) စက်မှုဇုန် မြေကွက်များ (ရန်ကုန်တိုင်းအတွင်းသာ)

****

ESTATE MYANMAR CO., LTD. (အိမ်ခြံမြေအကျိုးဆောင်)

Ph:01-512029,701062,704942

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ ၇လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၂၂၉/က)၊ ဧရိယာပေ(၂၀×၆၀)၊ အကျယ်အဝန်းရှိနှစ် ၆၀ဂရန်မြေကွက်ဟု ခေါ်တွင်သောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်တင်ဌေးမှ အမည်ပေါက်ပြီး၊ ၎င်းထံမှ ဒေါ်လှလှရီ ၁၂/သကတ(နိုင်)၀၂၇၁၁၈ က လက်ဝယ်ထားပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမိုးမင်းဆွေ LL.B, D.B.L (စဉ်-၂၈၆၄၁)

ဒေါ်ခင်မာနွယ် LL.B, D.B.L (စဉ်-၃၁၀၇၀)

ဒေါ်ဟန်သီစိုး LL.B, IDCS, IADCS (စဉ်-၃၉၄၄၇)

အထက်တန်းရှေ့နေများ

အမှတ် ၁၃၆/၁၃၈၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၄၂၁၀၂၂၁၂၊ ၀၉-၄၃၁၆၇၂၉၆

မျက်ပွင့်စာပေ စာအုပ်အရောင်းဈေးပွဲတော်

26.8.2013 မှ 1.9.2013 အထိ

TAB Book Centre စာအုပ်အရောင်းဆိုင်

မျက်ပွင့်စာပေမှ ထုတ်ဝေသော ကွန်ပျူတာနည်းပညာ၊ သုတ၊ ရသ စာအုပ်မျိုးစုံကို ၁၀%လျှော့ဈေးဖြင့် လက်လီ (တစ်အုပ်ချင်း) ရောင်းချပေးနေပါသည်။

TAB Book Centre တော်ဝင်စင်တာ၊ ပြည်လမ်း၊ ရန်ကုန်မြို့။

ကျောက်ဖြူခရိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော လီမိတက်

KYAUK PHYU DISTRICT DEVELOPMENT CORPORATION PUBLIC LIMITED

ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျောက်ဖြူခရိုင် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော လီမိတက် KYAUK PHYU DISTRICT DEVELOPMENT CORPORATION PUBLIC LIMITED ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်(၃၀၂/၂၀၁၃-၂၀၁၄)ရက်စွဲ ၂၄-၄-၂၀၁၃ရက်ဖြင့် KYAUK PHYU DISTRICT DEVELOPMENT CORPORATION PUBLIC LIMITED အား အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

ကျောက်ဖြူခရိုင်ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော လီမိတက်သည် ကျောက်ဖြူခရိုင်အတွင်း စက်ဆီ/ချောဆီ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ Kyauk Phyu Garden City တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် သိုလှောင်ရုံလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း၊ ဂေါက်ကွင်းနှင့် ဟိုတယ်လုပ်ငန်းများကို ဆောင်ရွက်ပါမည်။ နိုင်ငံတော်အစိုးရမှ ချမှတ်ထားသော မူဝါဒများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပြီး တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန်နှင့် ကုမ္ပဏီ၏ အစုရှယ်ယာရှင်များ၊ အကျိုးအမြတ်ရရှိရန်ရည်ရွယ်၍ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့် သက်ဆိုင်သော အသေးစိတ်အကြောင်းအရာများကို တရားဝင်လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate for Commencement of Business) ရရှိပြီးနောက် ဆက်လက်အသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

ကျောက်ဖြူခရိုင် ဖွံ့ဖြိုးရေးကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောလီမိတက်

KYAUK PHYU DISTRICT DEVELOPMENT CORPORATION PUBLIC LIMITED

ရမ္မာဝတီဟိုတယ်၊ အမှတ်(၁၅၉)ဖြတ်လမ်း(၆)၊ အရှေ့ပိုင်းရပ်ကွက်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်၊

ဖုန်း-၀၉-၄၉၆၅၀၉၇၁၊ ဖက်(စ်) ၀၄၃-၄၆၂၉၅

Mail: kddcoltd@gmail.Com.

ပိုင်ရှင်ကိုယ်တိုင် အိမ်ငှားမည်

နိုင်ငံခြားသားများအတွက် ရွှေတောင်ကြားတွင် အိမ်ငှားမည်။

ဆက်သွယ်ရမည့်

ဖုန်း-၀၉-၂၅၀၁၂၂၆၄၉

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ် ၈၀၊ မြေကွက်တည်နေရာအမှတ် ၈၀၊ ရဲသူရလမ်း၊ (၃၆)ရပ်ကွက်၊ ဒဂုံမြောက် ဦးထွန်းညွန့် TGO-၁၀၁၆၄၄ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးထွန်းညွန့်နှင့် ဇနီး ဒေါ်တင်လှ မိခင် ဖခင်တို့ အသီးသီးကွယ်လွန်သဖြင့် (၁) ဦးစိန်ဝင်း ၁၂/ရကန(နိုင်)၀၁၂၃၉၂၄၊ (၂) ဦးသာထူး ၁၂/ရကန(နိုင်)၀၅၈၅၁၉၊ (၃) ဒေါ်ဝေဝေထွန်း ၁၂/ဒဂမ(နိုင်)၀၁၂၇၇၉၊ (၄) ဒေါ်လင်းလင်းထွန်း ၁၂/ရကန(နိုင်)၀၀၆၈၆၅ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)

လားရှိုးခရိုင်တရားမရုံးတော်၌

၂၀၁၃ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ် - ၁၂

ကွယ်လွန်သူ (အဖ) ဦးကျန်စီကောင်းနှင့် (အမိ)ဒေါ်ကြူလောက်ဟွေတို့၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ အကွက်အမှတ် (၂၂/လုံလော့ရပ်)၊ ဦးပိုင်အမှတ်(၃-က)မြေချိန် ဧရိယာ ၀ဒသမ၄၁၅ ဧကေ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ(အဖ) ဦးကျန်စီကောင်းနှင့်(အမိ) ဒေါ်ကြူလောက်ဟွေတို့၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးလောက်တာက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဩဂုတ် ၂၉ရက် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ (အဖ) ဦးကျန်စီကောင်းနှင့် (အမိ)ဒေါ်ကြူလောက်ဟွေတို့၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား၊ အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၃ခုနှစ် ဩဂုတ် ၂၉ ရက်(၁၃၇၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ၊ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဆိုခဲ့သော ဦးလောက်တာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ခုနှစ် ဩဂုတ် ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချိုမေသန်း)

ခရိုင်တရားသူကြီး၊ လားရှိုးခရိုင်တရားရုံး

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၊ ရန်ကုန်မြို့သို့ ထာဝရဆေးပဒေသာပင်အတွက် ငွေကျပ် (၅)သိန်း လှူဒါန်းခြင်း

မိဘများဖြစ်သော ဦးချစ်တင်-ဒေါ်စံ၊ ဦးအောင်ဇေယျ-ဒေါ်လှတင်တို့အားရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဘုန်းကြီးလမ်း၊ အမှတ် (၂)ရပ်ကွက်၊ အာသာဝတီကျောင်းတိုက်၊ ခေမာသီဝံစာသင်တိုက်နေ ဆရာတော် ဥုူးသုစိတ္တမှ ထာဝရဆေးပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို ဇီဝိတဒါနသံဃာ့ဆေးရုံကြီး ရန်ကုန်မြို့သို့ ပေးအပ်လှူဒါန်းပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ငွေကျပ် (၅)သိန်း လှူဒါန်းခြင်း

မိဘများဖြစ်သော ဦးချစ်တင်-ဒေါ်စံ၊ ဦးအောင်ဇေယျ-ဒေါ်လှတင်တို့အားရည်စူး၍ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်း၊ အမှတ် (၂)ရပ်ကွက်၊ ခေမာသီဝံစာသင်တိုက်၊ အာသာဝတီကျောင်းတိုက်နေ ဆရာတော် ဥုူးသုစိတ္တမှ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာကြီး အုပ်ချုပ်ရေးမှူး ဦးကြည်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။

ခုနစ်နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ကျောင်း ဒါယကာကြီး

တန်တင်ကွန်း(ခ)ဦးတင်ဝင်း

ချယ်ရီစီးပွားရေးလုပ်ငန်းစု၊ အောင်ပန်းမြို့

မိသားစုအပေါ် မေတ္တာတရားကြီးမားစွာဖြင့် "လိုလေသေးမရှိအောင် ချစ်ခင်စောင့်ရှောက်ပေးခဲ့သောဖေဖေ" ဖေဖေ မိသားစုကို ခွဲခွာသွားရသည်မှာ ၂၆-၈-၂၀၁၃ ရက်တွင် ခုနစ်နှစ်ပြည့်ခဲ့ပါပြီ။

ဖေဖေရဲ့ ကြီးမားလှသော မေတ္တာတရားနှင့် ကျေးဇူးတရားများကို နေ့စဉ်အမြဲသတိရလျက်ရှိပါတယ်။

ဖေဖေ့အတွက်ရည်စူးပြီး နေ့စဉ်ပြုလုပ်ခဲ့သော ကောင်းမှုကုသိုလ်အားလုံးကို ဖေဖေ အေးချမ်းမြင့်မြတ်သောဘုံဘဝမှ ရရှိခံစားနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ . . .

ချစ်ဇနီး - ဒေါ်ကျင်ရီ(ခ)ဒေါ်ကြွေအင်း (Cherry Business Group)

သားသမီးများ - ကိုစိုးသိန်း-မတင်တင်ဦး(Cherry Business Group)၊ ဒေါက်တာရဲမြင့် (ဆေးပညာအထူးကုသမားတော်-NYGH)-မအေးအေးဝင်း၊ ဒေါက်တာကျော်မြင့် (ခွဲစိတ်အထူးကုပါရဂူ- Uro Surgical Ward, NYGH)-မစန္ဒာဝင်း၊ ကိုစိုးနိုင်-မခင်ခင်လင်း (Cherry စားပွဲရုံ)၊ မယဉ်ယဉ်နွယ်-ကိုကျော်ကျော်လွင်နှင့် မြေးများ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်-၄၈၆၊ စတုရန်းပေ(၂၃၄၀)၊ ဧရိယာ ၀ ဒသမ ၀၅၄ဧကရှိ မြေကွက်မှာ အမည်ပေါက် ဒေါ်အုန်းသန်း၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်နန်းယဉ်ယဉ်လင်း(ခ)ဒေါ်နန်းယဉ်ယဉ်ထိုက်ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြိုးဖြိုးအောင် LL.B,D.B.L	ဦးဝင်းဌေး B.A, R.L
အထက်တန်းရှေ့နေ(စဉ်-၃၅၀၂၃)	တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၅၆)

အမှတ်-၆၂(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊

ဖုန်း-၀၉-၇၃၁၅၀၈၀၃

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးစံလှဘော်

စစ်တက္ကသိုလ် အင်္ဂလိပ်စာဌာနမှူး (ငြိမ်း)

အသက် (၉၃)နှစ်

၁၇-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ ၂၃-၈-၂၀၁၃ရက်တွင် သတ္တမဗလမွေ့ရိပ်သာ၌ ဆရာအားရည်စူး၍ပြုရသော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါ၏။ ဆရာ ကောင်းရာသုဂတိသို့ လားပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

စစ်တက္ကသိုလ်အပတ်စဉ် (၇)မှတပည့်များ

ကျေးဇူးအထူးတင်ရှိခြင်း

ဒေါ်အုန်းမြ အထပြ (ငြိမ်း) တောင်ငူမြို့

အသက် (၇၄)နှစ်

၂၅-၇-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ဆရာမကြီး ဒေါ်အုန်းမြ အသက် (၇၄)နှစ် အထပြ(ငြိမ်း) အထက(၁) (၂) တောင်ငူမြို့ကို ရည်စူး၍ တစ်လပြည့်အလှူအဖြစ်ဖြင့် ၃၆၅ရက် ဘုံဆွမ်းလောင်းအသင်းတွင် သံဃာတော်နှင့် သီလရှင်အပါး ၁၀၀၀ကျော်ကို အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သံဃာတော် ၁၀ ပါးကို နေ့ဆွမ်း၊ သင်္ကန်းအစရှိသည် ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ကို နံနက်စာဖြင့် ဧည့်ခံကျွေးမွေးခြင်းတို့ကို ၂၅-၈-၂၀၁၃ ရက်တွင် ပြုလုပ်လှူဒါန်းအမျှပေးဝေခဲ့ပါသည်။ ဤကုသိုလ်ကောင်းမှုအစုစုတွင် ကူညီခဲ့ကြသော ဆရာတော်၊ သံဃာတော်များ၊ ဓမ္မမိတ်ဆွေများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ ဘုံဆွမ်းလောင်းအသင်းမှ ဝေယျာဝစ္စအဖွဲ့ဝင်များ၊ တောင်ငူမြို့နှင့် မင်းဘူးမြို့မှ တပည့်ဟောင်းများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ဦးအုန်းမြင့်၊ ဒေါ်တင်တင်နွယ်မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး (တွဲဖက်အတွင်းရေးမှူး)

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့

အသက် (၇၃)နှစ်

ဦးမောင်မောင်ကြီးသည် ၂၃-၈-၂၀၁၃ ရက်(သောကြာနေ့) နံနက် ၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဥက္ကဋ္ဌ

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးစောင့်ရှောက်ရေးအဖွဲ့နှင့်

ဝန်ထမ်းများ

ဦးသန့်ဇော် B.Sc.IC.Q,DA, DMP, MBA, ACCA (pro)

LCCI I & II (၃)လပြတ်

သင်တန်းစပြီ / နိုဝင်ဘာစာမေးပွဲ

Sec E- Mon to Wed 9:00 -11:00 am

MYOB/Excel သင်တန်းကြေး အရစ်ကျ

ORION Business School ...

စီးပွားရေးတက္ကသိုလ်

Master of Banking and Finance

MBF ဝင်ခွင့်သင်တန်း

30 - Aug - 2013 စမည် ။

ဘဏ်အတွေ့အကြုံ/ Accounting & Finance အတွေ့အကြုံရှိ မည်သည့်ဘွဲ့ရမဆို လျှောက်ထားနိုင်သည် ။ ဝါရင့် ဆရာ / ဆရာမကြီးများသင်မည် ။

အမှတ်-၂၆၇၊ ပ-ထပ်၊ ပြည်လမ်း၊ မြေနီကုန်း၊ စမ်းချောင်း (ဒဂုံစင်တာအနီး)။

09 5115997, 09 73154401

မိုးသောက်ပန်းအဆင့်မြင့်မုန့်တိုက်

(၁၉၉၄-ခုနှစ်တွင် တည်ထောင်သည်)

"ဘယ်နေ့ပဲတက်တက်၊ ဘယ်အချိန်ပဲ တက်တက် နေရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက် မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ(၃း၀၀)နာရီအထိ

ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက် တပ်ဆင်ထားပါသည်။

(1) Juntion ဇဝနအနီး Ph:571545, 09-5126882

(2) ယုဇနပလာဇာလုံးချင်းအိမ်ရာ Ph:200917,09-43122884

(3) ရန်ကင်း၊ကျောက်ကုန်း Ph:566592,09-421008133

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ဒေါ်လှပန်းလမ်း၊ အမှတ် ၁၀၁ဟုခေါ်တွင်ပြီး အကွက်အမှတ် ၁၃၊ သမိုင်းမြို့ကွက်၊ အင်းစိန်နီရင်စု၊ ဦးပိုင်အမှတ် ၅/ဗ၊ အကျယ်အဝန်းပေ(အလျား ၄၅×အနံ ၆၀)၊ ၀ ဒသမ ၀၆ ဧကရှိ ဘိုးဘွားပိုင်မြေကွက် (အရပ်ခေါ်)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသန်းထွန်း ၁၂/မရက(နိုင်)၀၂၄၁၁၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဖြူဖြူဇော် (စဉ်-၃၀၉၃၈)

LL.B, D.I.L, WIPO (Switzerland)

အထက်တန်းရှေ့နေ

အမှတ် ၁၄၃၊ လေးလွှာ(A)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၇၃၂၂၉၆၆၆၊ ၀၉-၇၃၂၀၀၆၄၆၊ ၀၉-၇၃၂၅၅၂၂၃၊ ၀၉-၇၃၂၀၈၀၁၇

အထူးကျေးဇူးတင်ရှိပါကြောင်း

ရဟန်းအမကြီး

ဒေါ်လှလှမြင့် (တရားလွှတ်တော်ရှေ့နေ)

အသက် (၆၀)

၁၉-၈-၂၀၁၃ ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားခဲ့သော ဒေါ်လှလှမြင့်၏နာရေးကိစ္စအဝဝတွင် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲစွာဖြင့် အဘက်ဘက်မှ စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်နှစ်သိမ့်အားပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဖုန်းဖြင့်မေးမြန်းကြသူများ၊ လိုက်ပါပို့ဆောင်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်လက်ချ်မီး (အထက်တန်းပြ-ငြိမ်း၊ ရေဆင်း အထက)

ဆရာမ ဒေါ်လက်ချ်မီးသည် ၂၇-၇-၂၀၁၃ ရက်တွင် မြစ်ကြီးနားမြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဆရာမကြီးနော်မူရှားကြီး

အင်းစိန်

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၀/ရွှေပေါက်ကံ၊ မြေကွက်အမှတ် ၃၁၇၊ မြေကွက်တည်နေရာအမှတ် ၃၁၇၊ အနော်ရထာလမ်း၊ ၂၀/ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ် ဗိုလ်မှူးဘိုနီ အေအီး-၂၂၉၅၄၈ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ခင်ပွန်း ဗိုလ်မှူးဘိုနီကွယ်လွန်သဖြင့် ဒေါ်ညီညီသောင်း ၁၂/ဒဂန(နိုင်)၀၀၄၁၇၈က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၇၂၀/က၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ရန်ပြေ ၁၄ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်လှတင့်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်လှတင့်(မိခင်)၊ ဦးသိန်းလှိုင်(ဖခင်)နှင့် သမီးကြီးဒေါ်လှလှမြင့်တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဒေါ်အုန်းအုန်းမြင့် ၁၂/သကတ(နိုင်)၀၄၄၈၂၁၊ (၂) ဦးပေါ်လွင် ၁၂/ဒပန(နိုင်)၀၀၂၃၅၀၊ (၃) ဒေါ်စိုးစိုးမော် ၁၂/သကတ(နိုင်)၀၄၂၄၂၄၊ (၄)ဒေါ်အေးအေးမော် ၁၂/သကတ(နိုင်) ၀၄၃၂၁၂၊ (၅)ဦးမျိုးသိန်း ၁၂/သကတ(နိုင်) ၀၄၀၀၉၂ နှင့် ဦးလှထွန်း ၁၂/မရက(နိုင်) ၀၀၈၁၁၈ (ဒေါ်လှလှမြင့်၏ခင်ပွန်း)တို့က သားသမီး၊ သမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဂရန်တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၅၂၈/က၊ မြေကွက်အမှတ် (၈ ၏ အစိတ်အပိုင်း)၊ ဧရိယာ ၁ ဒသမ ၅၅ ဧကအနက်မှ ၀ ဒသမ ၁၆၈ ဧက၊ မြေကွက်တည်နေရာအမှတ် ၄၀၊ ပဲခူးလမ်းမ၊ ပဲခူးရပ်ကွက်၊ ထောက်ကြန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် အစိုးရမြေအား(၁)ဦးထွန်းရီ ၁၂/မဂဒ(နိုင်) ၀၉၇၁၉၅၊ (၂)ဒေါ်ဟွာဘီ ISN-၂၄၉၃၆၁၊ (၃)ဒေါ်ရှဲဘီဘီ ISN-၂၅၉၆၉၈၊ (၄) ဦးကမာပါနား MGDN-၀၄၈၈၅၆၊ (၅)ဦးဘရှင် ၁၂/မဂဒ (နိုင်)၀၄၁၁၂၂၊ (၆)မောင်ရာကွတ် ၁၂/မဂဒ(နိုင်)၀၉၇၅၅၀ တို့က ပြည်ထဲရေးဝန်ကြီးဌာန၏ ၃၁-၁၀-၂၀၁၁ရက်စွဲပါ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းလိုက်ပြီး ယင်းမြေပေါ်တွင် အမှန်တကယ်လက်ရှိနေထိုင်သူများကိုသာ ပြန်လည်ချထား အမည်ပေါက်ရေးအမိန့်ကိုတင်ပြ၍ နှစ်၆၀မြေငှားစာချုပ်ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၅၊ မြေကွက်အမှတ် ၉၈၉၊ မြေကွက်တည်နေရာအမှတ် ၉၈၉၊ (၁၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အရာခံဗိုလ်အုန်းမြင့် အမည်ပေါက် မြေချပါမစ်မြေအား အမည်ပေါက် အရာခံဗိုလ်အုန်းမြင့်မှ မြေချပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဝန်ခံချက်များတင်ပြပြီး ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဗမာအေး၊ မြေကွက်အမှတ် ၂၈၆၊ မြေကွက်တည်နေရာအမှတ် ၂၈၆၊ အေးစေတီလမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံ ဦးစိုးညွန့်-ဦးအေးလှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစိုးညွန့်ကွယ်လွန်သဖြင့် ဒေါ်စန်းရီ ၁၂/ဒပန(နိုင်)၀၂၄၁၉၃ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ ၄င်းပိုင်ဆိုင်ခွင့်ရှိသောအစုအား ကျန်အမည်ပေါက် ဦးအေးလှိုင် ၁၂/မဂတ(နိုင်)၀၆၁၂၇၅ နှင့် ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏ ဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေကွက်အမှတ် (၁၁၉၃/က)၊ မြေကွက်တည်နေရာအမှတ်-၁၅၃၊ ကာယ ၆ လမ်း၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာ၊ ငယ်စာရင်းအမည်ပေါက် ဦးအောင်ထွန်းကျော် ၁၂/မဂဒ(နိုင်)၀၅၈၈၄၉ ကိုယ်တိုင်မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ် ၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ တပ်ဦးအုပ်စုစီမံချက်ဖြင့် အစားထိုးပြောင်းရွှေ့ခြင်းခံရသူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၄၊ မြေကွက်အမှတ် (၁၆၆၄-က)မြေအမည်ပေါက် ဦးသိန်းဖံထံမှ အရောင်းအဝယ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးတင့်ဆန်းက မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် မြေချစလစ်၊ ငွေသွင်းချလန်၊ စာချုပ်စာတမ်းမူရင်းများနှင့်တကွ တင်ပြလျှောက်ထားလာပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ဤဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်းအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **မြေယာရုံးခွဲ(၈) မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ကြော်ငြာ

ဦးတင်လှ B.Sc (Forestry)(တောင်တွင်းကြီးမြို့နယ်အသင်းနာယက)
(မြန်မာနိုင်ငံသစ်တောအသင်းနာယက)
သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
အသက်(၈၀)

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နေ (ဦးသာတင့်-ဒေါ်အုံးရွှေ)တို့၏သားကြီး၊ (ဦးဝင်းအောင်)-ဒေါ်ကျင်စိန်၊ ဦးမြသွင်-(ဒေါ်ဝင်းကြည်တင့်)၊ ဦးတင်အောင်-ဒေါ်ကြည်ညွှန့်တို့၏အစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂/၉၅၀နေ (ဒေါ်ခင်မာမာ)၏ခင်ပွန်း၊ ဦးမြင့်သူ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါ်မိမိခိုင် (လက်ထောက်ကထိက၊ ငြိမ်း၊ အင်္ဂလိပ်စာဌာန)၊ဒေါ်မြစန္ဒာ(မြန်မာအဖွဲ့ရုံး၊ဂျနီဗာ)တို့၏ဖခင်ကြီးသည် ၂၄-၈-၂၀၁၃ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၈-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက်(၈၀)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူနှင့် ဂျီနီဗာမြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ အဖွဲ့ရုံးစာရေး ဒေါ်မြစန္ဒာတို့၏ဖခင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂/၉၅၀နေ ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)သည် ၂၄-၈-၂၀၁၃ရက်(စနေနေ့) ညနေ ၃း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ အမှတ် ၂/၉၅၀နေ (ဒေါ်ခင်မာမာ)၏ခင်ပွန်းဖြစ်သူ ဦးတင်လှ(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန)သည် ၂၄-၈-၂၀၁၃ရက် ညနေ ၃း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးခင်မောင်ရီ
ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစု
မြန်မာ့သစ်လုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးတင်လှ
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန
အသက်(၈၀)

ဦးမြင့်သူ(ဒုတိယညွှန်ကြားရေးမှူးချုပ်၊အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ချစ်လှစွာသောဖခင်ကြီး ဦးတင်လှ(ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ သစ်တောဦးစီးဌာန)သည် ၂၄-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံ အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ
မြန်မာနိုင်ငံအာဆီယံယဉ်ကျေးမှုနှင့်ပြန်ကြားရေးအမျိုးသားကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှမြင့် (ပုသိမ်မြို့)
အသက်(၇၈)နှစ်

လားရှိုးမြို့နယ် စည်ပင်ယာရေးအဖွဲ့မှ ဦးသက်ပိုင် (ဒုတိယညွှန်ကြားရေးမှူး)-ဒေါ်သန်းသန်းဌေးတို့၏မိခင်သည် အိမ်အမှတ် ၁၃၆၄၊ (၉)ရပ်ကွက်၊ အကယ်ဒမီလမ်း၊ ပုသိမ်မြို့နေအိမ်၌ ၂၄-၈-၂၀၁၃ရက်(စနေနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့
ဝန်ထမ်းများ

ဒေါ်မေခင်ကြည်(ခ)ဒေါ်ဝင်နီလှ
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၆၇(စီ)၊ အခန်း(အေ)၊ မြေညီထပ်၊ ဗဟန်းမြို့နယ်နေ (ဦးလှ-ဒေါ်မေကြည်)တို့၏သမီး၊ (ဦးဆက်မောင်)၏ဇနီး၊ (ဦးဆက်မော်)၊ ဦးဆက်အောင်-ဒေါ်မေသန်းလွင်တို့၏မိခင်၊ မယွန်းသံသာဆက်အောင်၊ မမေဖုန်းမြတ်ဆက်အောင်တို့၏အဘွားသည် ၂၅-၈-၂၀၁၃ရက် ညနေ ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ကိုမြတ်မင်းနိုင်(ခ)ကိုမင်းမင်း
(Regional Sales Rep;)
Hyper Mart Co.,Ltd.
အသက်(၃၇)နှစ်

ကိုမြတ်မင်းနိုင်(ခ)ကိုမင်းမင်းသည် ၂၄-၈-၂၀၁၃ရက်(စနေနေ့) ည ၈း၂၀ နာရီတွင် ဖြူးမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

Hyper Mart Co.,Ltd. မှ ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်သန်းရင် (ရမည်းသင်း)
အသက်(၉၆)နှစ်

ဆရာဦးတင်မောင်ချို-ဒေါ်နွဲ့နွဲ့ဝင်း (ကျောက်ကုန်း စာသင်ဝိုင်း)၏မိခင်၊ ဒေါက်တာမောင်သက်ပန်၊ ဒေါက်တာမောင်ဝေငြိမ်းတို့၏အဘွား၊ ရန်ကုန်မြို့၊ အမှတ် ၇၃၊ ဗိုလ်မင်းရောင်လမ်း၊ (၄၀)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဒေါ်သန်းရင် အသက်(၉၆)နှစ်သည် ၂၃-၈-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃း၃၀နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **ဦးသူရအောင်-ဒေါ်ခင်စောဦး မိသားစု**

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ်၊ တံတား ဒါယိကာမကြီး
ဒေါ်ခင်တင့် (ခရမ်းမြို့)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ (ဦးဘိုးလှ-ဒေါ်စောရင်)တို့၏သမီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ် ၃၂၉၊ မုန့်လက်ဆောင်းကုန်း(တောင်)ရပ်ကွက်နေ (ဆရာကြီး ဦးချစ်တင်-ဒေါ်လှကြည်)၊ (ဒေါ်ငွေကျင်)တို့၏အစ်မ၊ ဒေါ်ခင်စမ်းမော်၊ ဦးဇော်မျိုးနိုင်၊ ဒေါ်သန္တာအေးတို့၏ကြီးကြီးသည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မုံရွာမြို့၊ ဒေါ်တွေး-ဂေါမုတ္တဆေးတိုက်
အဂ္ဂမဟာသိရီသုဓမ္မသင်္ဂီ ဒေါ်ညိုညို
အသက်(၇၇)နှစ်

မုံရွာမြို့၊ တရုတ်တန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ အမှတ် ၁၂နေ ဒေါ်တွေး ဂေါမုတ္တဆေးတိုက်၏မြေး၊ ဦးသန်း-ဒေါ်သန်းစိန်၊ ဦးချမ်း-ဒေါ်သင်းစိန်တို့၏ သမီး ဒေါ်ညိုညို အသက်(၇၇)နှစ်သည် ၂၅-၈-၂၀၁၃ရက် နံနက် ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် မုံရွာမြို့ ဆားကျင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးကျော်ရွှေ
အလုပ်သင်သမဝါယမအရာရှိ အမှတ်စဉ်(၁)
ဒုတိယညွှန်ကြားရေးမှူး(ငြိမ်း)
သမဝါယမဦးစီးဌာန
ဒုတိယအထွေထွေမန်နေဂျာ
သမဝါယမစီးပွားရေးဗဟိုဌာန
(ဗဟိုသမဝါယမအသင်းလီမိတက်)
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ အောင်ဇေယျအိမ်ရာ၊ တိုက် ၅၊ အခန်း ၁၀၁နေ (ဦးအောင်သောင်း)-ဒေါ်အေးမြိုင်တို့၏သား၊ (ဦးသောင်းဖေ-ဒေါ်သက်တင်)တို့၏သားသမက်၊ မန္တလေးမြို့နေ (ဦးထွန်းလင်း)-ဒေါ်လှရွှေတို့၏တူ၊ ဒေါ်မီမီဘ၊ ဦးအောင်ကျော်မြင့်-ဒေါ်သီတာဘ၊ ဦးသိန်းဘ-ဒေါ်ရီရီညွှန့်၊ ဦးဟန်စိန်ဝန်-ဒေါ်နီနီဘ၊ (ဦးစိုးစိုးဘ)၊ ဦးလူအေးဘ-ဒေါ်ချိုမြင့်ဟန်၊ (ဦးတင်အောင်နုဘ)၊ ဒေါ်ယဉ်ယဉ်ထွေးဘ၊ ဦးမြတ်ဦး-ဒေါ်ခင်နှောင်အေးဘ၊ ဦးငြိမ်းအေးဘ-ဒေါ်အေးမြကျော့တို့၏အစ်ကိုကြီး၊ ဦးကျော်ဆန်းလင်း(ဒဂုံတောင်သ/မဦးစီး)-ဒေါ်နီနီမော်(စိုက်ပျိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်မြို့နယ်)၊ ဒေါ်သီတာကျော်(လက်ထောက်ကထိက၊ ပထဝီဝင်ဌာန၊ ပဲခူးတက္ကသိုလ်)တို့၏ဖခင်၊ ဒေါ်ယဉ်ယဉ်မော်၏ခင်ပွန်း၊ မခင်ဖြူဖြူမွန်(တတိယတန်း၊ အမက-၂၁၊ ဒဂုံတောင်)၊ မောင်လင်းပြည့်စုံအောင်တို့၏အဘိုးသည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂း၅၇နာရီတွင် မြောက်ဥက္ကလာပမြို့နယ် လကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် မြောက်ဥက္ကလာပမြို့နယ် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေများအား သိစေအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးကျော်သက်ဦး
2/Officer (GSM)
အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ၊ အမှတ် ၅(က)၊ အဝေရာလမ်း၊ ရန်ကင်းမြို့နယ်နေ (ဒုတိယဗိုလ်မှူးကြီးသက်ထွန်း)-ဒေါ်တင်မကြီး(ခ)ဒေါ်လီလီတို့၏သား ဦးကျော်သက်ဦး 2/Officer (GSM) အသက်(၅၂)နှစ်သည် ၂၃-၈-၂၀၁၃ရက် (သောကြာနေ့) နံနက် ၄နာရီတွင် ကွယ်လွန်ကြောင်းကြား သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ **ဦးသာစိန် (ဒေါ်မြရီ) မိသားစု**

အထူးဝမ်းနည်းကြေကွဲခြင်း
ဒေါ်သဲမေစု
Shoe Gallery (Director)
အသက်(၃၈)နှစ်

Phoenix Association အကြံပေးအဖွဲ့ဝင် ဒေါ်မေမျိုးသူ၏အစ်မ ဒေါ်သဲမေစုသည် ၁၉-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Phoenix Association

ဗိုလ်မှူးကျော်မြင့် (ငြိမ်း)
ကြည်း-၆၉၃၊ (စက်မှု/စားကုန်)
အသက်(၈၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊၁၀/တိုးချဲ့ရပ်ကွက်၊ အမှတ် A(3)၊ ချမ်းသာရွှေပြည်အိမ်ရာ၊ ကံ့ကော်လမ်းနေ ဒေါ်အုံးမြင့်(ခ)ဒေါ်နီနီ၏ခင်ပွန်း၊ ဦးမြင့်ဦး၊ ဒေါ်သွင်မာမြင့်၊ ဦးသိန်းဇော်ထွန်း-ဒေါ်နုယဉ်မြင့်၊ ဒေါ်ချိုမာမြင့်၊ ဦးစိုးပိုင်၊ ဒေါ်စိုးမြတ်ထွေးတို့၏ဖခင်၊ မဝင့်ပြည့်ပြည့်ထွန်း၏အဘိုးသည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၅း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၁-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၈နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးဝင်းမြင့် (ကျောင်းကုန်း)
အသက်(၆၂)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ် ၈၆နေ ဒေါ်မြင့်မြင့်စန်း၏ခင်ပွန်း၊ ရန်ကုန်မြို့နေ ဦးအောင်စိုးမင်း-ဗိုလ်ကြီးသီတာဝင်းမြင့်၊ မောင်ပိုင်သူဝင်းမြင့်၊ ဗိုလ်မြတ်သူဝင်းမြင့်တို့၏ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၃ရက် နံနက် ၅း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၈-၂၀၁၃ရက် မွန်းတည့်၁၂နာရီတွင် ကျောင်းကုန်းမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၉-၈-၂၀၁၃ရက် (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမြင့်အောင်
အထက(၃)တာမွေ
ကျောင်းသားဟောင်း
အသက်(၅၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မြလေးရုံလမ်း၊ တိုက်အမှတ် ၄၇၄-၄၇၆၊ အခန်းအမှတ် ၁၀၂နေ ဦးနောက်တိုး(ခ)စောထန်စူ - [ဒေါ်ကျင်စိန်(ခ)ဒေါ်တင်ဗွား] တို့၏သား၊(ဦးထွန်းအောင်-ဒေါ်ပု)တို့၏သားသမက်၊ ဦးကိုကိုနိုင်-ဒေါ်မြင့်မြင့်စိန်၊ (ဦးအေးရွှေ) - ဒေါ်ကြည်ကြည်၊ ဦးလှရှင် - ဒေါ်တင်တင်ရီတို့၏ ညီ/မောင်၊ ဦးမြင့်ထွန်း-ဒေါ်တင်တင်၊ မသင်းသင်းဆွေတို့၏အစ်ကို၊ တူ၊ တူမရစ်ယောက်တို့၏ဦးလေး၊ ဒေါ်မိမိအောင်၏ခင်ပွန်း၊ မမေသူ (Teacher May Thu)၊ မယမင်းသူ (Eleven Media Group)၊ မရွှန်းလဲ့ဝေ(Grade -VII-A၊ အထက-၃၊ တာမွေ)တို့၏ ဖခင်သည် ၂၅-၈-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၃၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုမြတ်မင်းနိုင်(ခ)မင်းမင်း
Sale Rep;
(Hyper Mart Co.,Ltd.)
အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ ဇဋ္ဌိလလမ်း၊ အမှတ် ၂၇နေ (ဦးမောင်လှ)-ဒေါ်ကြည်ခင်၊ (ဦးဘရှင်-ဒေါ်ငွေသင်)တို့၏မြေး၊ ဦးမြင့်နိုင် - ဒေါ်ခင်ခင်ငြိမ်းတို့၏သား၊ ကိုဇော်ညီညီ-မခင်စန္ဒာလှိုင်တို့၏မောင်၊ ဦးမြင့်ဆွေ - ဒေါ်မြမြသွေး၊ ဦးညွှန့်သောင်း-ဒေါ်သန်းသန်းနွဲ့၊ဦးမြင့်အောင်၊ (ဦးမြင့်ဟန်)-ဒေါ်ခင်သန့်ဇင်၊ ဦးအောင်လှဝင်း-ဒေါ်ဝင်းမြင့်ထွေး၊ (ဦးခင်မောင်ထူး) - ဒေါ်လှမြင့်ထွေးတို့၏တူသည် ၂၄-၈-၂၀၁၃ရက် (စနေနေ့) ည ၈း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၈-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တတေဇိန္ဒ (သာသနာဒီပသဲအင်းဂူ)
(သုံးခွမြို့၊ ဘုရားကြီးကျေးရွာဇာတိ)
သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၃၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၆)ရပ်ကွက်၊ သာသနာဒီပ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၃၂)ဝါရှိ ဘဒ္ဒန္တတေဇိန္ဒ အရှင်မြတ်သည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) ၂၄-၈-၂၀၁၃ရက် (စနေနေ့) ည ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ရက်) ၂၈-၈-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ အန္တိမဈာပနမီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(ကျောင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။)

သာသနာဒီပသဲအင်းဂူ၊ တိုးကြောင်ကလေး၊ ဈာပနကျင်းပရေးကော်မတီ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဦးအရိယဝံသ(ခ)ဦးအောင်မြင့်
(ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်း)
သက်တော်(၅၉)နှစ်၊ သိက္ခာတော်(၁၉)ဝါ

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်သုံးပင်ရွာ၊ သပြေစမ်းကျောင်းတိုက် ဆရာတော် ဦးသုန္ဒရ(သုဓမ္မာ)၏တပည့်၊ ခမည်းတော် ဦးဝင်းမောင်-မယ်တော်ဒေါ်အုန်းကြည်တို့၏သား ဦးအရိယဝံသ (ယခင် နဂါးဂူကျောင်းတိုက်) တောင်ကြီးမြို့၏ ကျောင်းထိုင်ဆရာတော်သည် မြစိမ်းတောင်ကျောင်းတိုက်၌ သီတင်းသုံးနေစဉ်(၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၃ရက်) ၂၄-၈-၂၀၁၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၂၇-၈-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ဇီဝိတဒါနသံဃာ့ဆေးရုံမှ တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံသုသာန်သို့ ပို့ဆောင်၍ အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းအား သိစေအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တဗုဒ္ဓဝံသ
(တောင်ကုတ်မြို့နယ်၊ တန်းလွဲ-ရွာမဇာတိ)
သက်တော်(၂၇)နှစ်၊ သိက္ခာတော်(၇)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက်၊ သဲချောင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဗုဒ္ဓဝံသသည် (၁၃၇၅ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ရက်) ၂၅-၈-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၂၇-၈-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ ဈာပနကျင်းပရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်စန်း
မော်လမြိုင်(မောင်ငံရပ်)
အသက်(၇၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုဝဏ္ဏ၊ (၂၄)ရပ်ကွက်၊ တိုက် ၁၊ အခန်း ၁၀၁၊ Tosta အိမ်ရာ၊ သံသုမာလမ်းနေ ဦးထွန်းရှိန်-ဒေါ်အမာ(ဒေါ်သုမန)တို့၏သမီး၊ (ဗိုလ်မှူးသော်တာ-ရေ)၏ဇနီး၊ ဒေါ်ခင်သီတာသော်၊ ဒေါ်မေဘရဏီသော်၊ ဦးနန္ဒသော်တာ-ဒေါ်ခင်စိုးစိုးလွင်တို့၏မိခင်၊ မောင်ခန့်ဇေယျာ၊ မောင်မင်းဇေယျာသော်၊ မဖူးပွင့်သဲခိုင်(အထက-၁၊ ဒဂုံ)၊ မအိန္ဒြေရှင်(အထက-၂၊ ဗဟန်း)တို့၏အဘွားသည် ၂၄-၈-၂၀၁၃ရက် ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၈-၂၀၁၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃၀-၈-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ သုဝဏ္ဏနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြောင်း
ဒေါ်ခင်လှလှ (မန္တလေး)
အသက်(၆၄)နှစ်

ခရစ်ယာန်၊ သစ္စာ၊ သာသနာ ဆီမီး(၉၀၀၀) အဖွဲ့ကြီး၏ အလုပ်အမှုဆောင် ဒေါ်ခင်လှလှ(မန္တလေး)သည် ၁၆-၈-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အလုပ်အမှုဆောင်အဖွဲ့
ခရစ်ယာန်၊ သစ္စာ၊ သာသနာ ဆီမီး(၉၀၀၀)အဖွဲ့

ဒေါ်ရွှေရင်
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၄လမ်း၊ အမှတ် ၂၀၊ အပေါ်ဆုံးထပ်နေ ဦးမောင်စိန်၏ဇနီး၊ ဦးလှဝင်း-ဒေါ်သင်းသင်း၊ ဒေါ်တင်တင်ဦး - ဦးတင်အောင်တို့၏ မိခင်၊ မောင်ဆန်းလင်း၊ မခင်မေသူဝင်း၊ မသင်းသီတာဝင်း၊မယမုံဦးတို့၏အဘွားသည် ၂၃-၈-၂၀၁၃ရက်(သောကြာနေ့) စင်ကာပူစံတော်ချိန် နံနက် ၈း၃၀နာရီတွင် ကွယ်လွန်သွားပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဦးငပိန်
အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံ၊ ဝါယာလက်(၁)လမ်း၊ အမှတ် ၂၄နေ ဦးသာတိုး-ဒေါ်သိုက်ချူးမတို့၏သား၊ ဒေါ်စောယဉ်၏ခင်ပွန်း၊ ဦးညွှန့်သိန်း၊ (ဦးမြသိန်း)၊ ဦးစံသိန်း၊ ဦးကျော်သိန်း၊ဒေါ်ခင်သိန်းရီ၊ ဒေါ်ခင်သိန်းနု၊ ဦးထွန်းသိန်းတို့၏ဖခင်၊ မြေးကိုးယောက်၊ မြစ်လေးယောက်တို့၏အဘိုးသည် ၂၃-၈-၂၀၁၃ရက် မွန်းလွဲ ၁၂း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရပ်ဝေးရပ်နီးနေ ဆွေမျိုးများအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R /488

ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှထွက်ခွာခဲ့ပြီး မွန်ပြည်နယ် မော်လမြိုင်မြို့မှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတသည် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ တောင်သူလယ်သမားများအားတွေ့ဆုံ၍ ကရင်ပြည်နယ်အတွင်း ရေကြီးနစ်မြုပ်လယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးနှင့်ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက ပြည်နယ်အတွင်း ဩဂုတ် ၂၁ ရက်မှစတင်၍ ဒုတိယအကြိမ်ရေကြီးနစ်မြုပ်ခဲ့မှုအခြေအနေ၊ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ထားမှုနှင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ဦးအုန်းမြင့်တို့က ဝန်ကြီးဌာနများ၏လုပ်ငန်းဆောင်ရွက်နေမှုနှင့်ရေဘေးသင့်ပြည်သူများအား ကူညီပံ့ပိုးပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတအနေဖြင့် သဘာဝဘေးကြုံတွေ့နေရသည့်ဒေသများ၏ နေ့စဉ်အစီရင်ခံစာများအပေါ် အခါမလပ်ဖတ်ရှုသုံးသပ်ပြီး ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေးကိစ္စအဝဝအတွက် မိမိတို့အစိုးရမှာရှိသည့် သုံးစွဲနိုင်သမျှလူ့စွမ်းအားအရင်းအမြစ်၊ ပစ္စည်းအရင်းအမြစ်၊ ဘဏ္ဍာငွေကြေးအရင်းအမြစ်များကို စနစ်တကျထိထိရောက်ရောက် စီမံခန့်ခွဲအသုံးချသွားရန်လမ်းညွှန်လျက်ရှိပါကြောင်း၊ ယခုမိမိ၏ခရီးစဉ်မှာ အဆိုပါ လမ်းညွှန်ချက်အရ ကရင်ပြည်နယ်ရှိ ရေကြီးနစ်မြုပ်မှုကြောင့် အခိုက်အတန့်ဒုက္ခကြုံတွေ့နေရသည့် ဒေသခံပြည်သူများအား အားပေးကူညီပံ့ပိုးမှုများပေးရန် လာရောက်ခြင်းဖြစ်ပါကြောင်း၊ *စာမျက်နှာ ၈ ကော်လံ ၁* ■

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် ဆီးဂိမ်းကျင်းပရန်နှင့် ပြိုင်ပွဲဝင်ရန် ရန်ကုန်မြို့ရှိ အားကစားကွင်း၊ အားကစားရုံနှင့် ကစားသမားများ အသင့်ရှိနေ

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၂၅

(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေပြီ။ ပြိုင်ပွဲများလက်ခံကျင်းပမည့် အားကစားရုံ၊ အားကစားကွင်းများလည်း ပြင်ဆင်မှုများပြီးစီးနေပြီဖြစ်သည်။ အားကစားနည်းအလိုက် လေ့ကျင့်မှုများလည်း ပြုလုပ်လျက်ရှိရာ ရန်ကုန်မြို့တွင် ကျင်းပမည့်အားကစားနည်း ခုနစ်မျိုးကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲဝင်နိုင်ရေးများလည်း အသင့်အနေအထားရှိရန် စီစဉ်နေပြီဖြစ်သည်။

(၂၇) ကြိမ်မြောက် ဆီးဂိမ်းပွဲတော်ကို ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ ငွေဆောင်တို့တွင် နေရာခွဲပြီး ကျင်းပမည်ဖြစ်ရာ ရန်ကုန်မြို့၌ ဘောလုံး၊ နပန်း၊ သေနတ်ပစ်၊ ကမ်ပို၊ အလေးမ၊ *စာမျက်နှာ ၇ ကော်လံ ၁* ❀

စင်ကာပူအသင်း နိုင်ပွဲစတင်ရရှိ

➢ သတင်း-ညီမြတ်သော်တာ ➢ ဓာတ်ပုံ-စိုးညွန့်

ရန်ကုန် ဩဂုတ် ၂၅

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၃ အာဆီယံယူ-၁၆ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်း၌ ဆက်လက်ကျင်းပရာ ပထမပွဲ၌ စင်ကာပူအသင်း အနိုင်ရရှိသွားသည်။

စင်ကာပူ - နှစ်ဂိုး
ဖိလစ်ပိုင် - ဂိုးမရှိ

ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး အပြန်အလှန်ထိုးဖောက်နိုင်ကြသည်။ ပထမပိုင်းပြီးခါနီးတွင် ဖိလစ်ပိုင်အသင်း ကစားအားကျသွားပြီး ၄၅ မိနစ်တွင် ဆူဇလီမန်က စင်ကာပူအသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ပိုမိုကစားကွက်ကောင်းမွန်လာကြပြီး မိနစ် ၆၀ တွင် ဘာရှာက ဒုတိယဂိုးထပ်မံသွင်းယူခဲ့သည်။ ဖိလစ်ပိုင်အသင်း ချေပဂိုးရရှိရန် ကြိုးစားခဲ့ရာ မိနစ် ၈၀ တွင် ပယ်နယ်တီ ကန်ခွင့်ရခဲ့သော်လည်း စင်ကာပူဂိုးသမား အကောင်းဆုံးကာကွယ်ခဲ့သဖြင့် ဆုံးရှုံးခဲ့ရသည်။ စင်ကာပူအသင်းသည် နှစ်ပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲသရေ လေးမှတ်ရရှိနေပြီး အုပ်စုတက်ရန် အခြေအနေကောင်းနေဆဲဖြစ်သည်။ ဖိလစ်ပိုင်အသင်းမှာ နှစ်ပွဲကစား နှစ်ပွဲရှုံး အမှတ်မရသေးပေ။

ဒုတိယပွဲ

မလေးရှား	-	လေးဂိုး
လာအို	-	တစ်ဂိုး

၂၆-၈-၂၀၁၃

ပထမပွဲ

ဩစတြေးလျ	-	ဗီယက်နမ်

ဒုတိယပွဲ

မြန်မာ	-	ဘရူနိုင်း

စင်ကာပူ အသင်းနှင့် ဖိလစ်ပိုင် အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

ယနေ့မာတိကာ

ရဲအရာရှိချုပ်ဟောင်း လိမ်ညာပြောဆိုခဲ့ဟု ဘိုရှီလိုင်းပြောကြား — စာမျက်နှာ-၄

တုပ်ကွေးကာကွယ်ဆေးက နှလုံးရုတ်တရက် ဖောက်ပြန်မှုကို သက်သာစေနိုင် — စာမျက်နှာ-၅

ကျွန်တော်နဲ့ ပညာရေး (ဆောင်းပါး) — စာမျက်နှာ-၆

မင်းဘူးခရိုင်အတွင်းရှိ ကြီးအုံကြီးဝ ရေလှောင်တမံ ရေပိုလွှဲမှရေကျော်ကျ — စာမျက်နှာ-၁၀

တောင်ပြိုမှုကြောင့် လူနေအိမ်များ ပျောက်ဆုံး — စာမျက်နှာ-၁၃

လက်ရှိချန်ပီယံ ဂျူဗင်တပ်စ် နိုင်ပွဲစပြီ — စာမျက်နှာ-၁၄